# လေးမြတ်ကြည်ညို နှောင်းစာဆို

## ကဗျာများ

## သုတိုကို (ကျုံမငေး)



ပညာတန်ဆောင် စာကြည့်တိုက်
ပညာ သမာ
အာဘာနတ္ထိ
အမှတ်(၅) ရပ်ကွက်၊ ကမာရွတ်မြို့နယ်

စာပေဝတ္ထု ၊ ရတုကဗျာ
လင်္ကာပန်းမိုး ၊ ရွာသွန်းဖြိုးလျက်
အမျိုး၏ဂုဏ် ၊ ဓာတိဂုဏ်
စာပေဂုဏ်ကို မြှင့်တင်မည်။
နိုင်ငံ့ဂုဏ်ရည် စွမ်းဆောင်တည်။

(နိုင်ငံ့ဂုဏ်ရည် စာပေတိုက်)

ပုံနှိပ်မှတ်တမ်း
ထုတ်ဝေသည့်ကာလ
၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး- (၁၅၀၀/-)
ထုတ်ဝေသူ
ဦးအုန်းမောင်(မြ-၀၁၂၇၇)
ပုံနှိပ်သူ
ဦးအုန်းမောင်(မြ-၀၁၀၈၂)
နိုင်ငံ့ဂုဏ်ရည်ပုံနှိပ်တိုက် ၊ အမှတ် ၂၁၁၊ ၃၉-လမ်း
ကျောက်တံတားမြို့နယ် ၊ ရန်ကုန်။
မျက်နှာဖုံးဒီဇိုင်း
ကျော်ကျော် (နိုင်ငံ့ဂုဏ်ရည်)
ဖြန့်ချိရေး
နိုင်ငံ့ဂုဏ်ရည်စာပေတိုက်
ရန်ကုန်ဘူတာကြီး၊ အမှတ် (၁) စကြိန်၊
(ပန်းဆိုးတန်းခုံးကျော်တံတားအောက်) ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။ (ဖုန်း- ၀၉ ၉၇၃ ၆၅၃ ၆၂၅)

၈၁၉

သုကိုကို (ကျုံမငေး)
လေးမြတ်ကြည်ညို နှောင်းစာဆိုစကဗျာများ
နိုင်ငံ့ဂုဏ်ရည်၊ ရန်ကုန်။
စာမျက်နှာ - ၁၃၉၊ ၁၂. ၅ စင်တီ × ၁၈. ၅ စင်တီ

# လေးမြတ်ကြည်ညိုနောင်းစာဆိုကဗျာများ

## သုကိုကို (ကျုံ့မငေး)

နိုင်ငံဂုဏ်ရည်စာစဉ် (၂၁၁)

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဝန်စာရေး ဦးကြီး | ၉ |
| ၂။ | ဖိုးဝဇီရ | ၁၁ |
| ၃။ | ဦးပုတ်နီ | ၁၃ |
| ၄။ | ဦးဖြေ | ၁၅ |
| ၅။ | ဆင်ဖြူကျွန်းဆရာသင် | ၁၇ |
| ၆။ | ပုဂံဝန်ထောက်ဦးတင် | ၁၉ |
| ၇။ | မော်ပီဆရာသိန်း | ၂၂ |
| ၈။ | ဂျိမ်း(စ်)လှကျော် | ၂၄ |
| ၉။ | ဦးလတ် | ၂၆ |
| ၁၀။ | ဦးမောင်မောင်တင် | ၂၈ |
| ၁၁။ | ဦးစိန်း (မြန်မာ့အလင်း) | ၃၀ |
| ၁၂။ | ဦးပွား | ၃၃ |
| ၁၃။ | ဦးဖိုးစိန် | ၃၅ |
| ၁၄။ | ဦးရွှေကြူး | ၃၇ |
| ၁၅။ | အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်း | ၄၀ |
| ၁၆။ | ဗိုလ်ကလေး ဦးသက်ရှေ | ၄၂ |
| ၁၇။ | ဦးပြုံးချို | ၄၄ |
| ၁၈။ | လယ်တီပဏ္ဍိတ ဦးမောင်ကြီး | ၄၆ |
| ၁၉။ | ဆရာကြီးပီမိုးနင်း | ၄၇ |
| ၂၀။ | ပီမိုးနင်း | ၄၈ |

၂၁။ ဦးဖိုးကျား ၅၁
၂၂။ ဦးဘချို (ဒီးဒုတ်) ၅၄
၂၃။ ဦးစိန်တင် ၅၇
၂၄။ မဟာဆွေ ၅၉
၂၅။ ဦးတင့်ဆွေ ၆၁
၂၆။ ဦးချစ်မောင် (ဂျာနယ်ကျော်) ၆၃
၂၇။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ၆၅
၂၈။ ရွှေပြည်ဦးဘတင် ၆၈
၂၉။ သတင်းစာဆရာ ဦးသိမ်းမောင် ၇၀
၃၀။ ဦးဖိုးလတ် ၇၂
၃၁။ ဦးညာဏ ၇၄
၃၂။ မြမျိုးလွင် ၇၆
၃၃။ ဦးရွှေဖံအောင် ၇၈
၃၄။ သဘင်ဝန်ဦးန ၈၁
၃၅။ ဦးမြ ၈၃
၃၆။ ဦးအောင်မြတ်ထွတ် ၈၅
၃၇။ ဦးဖေမောင်တင် ၈၇
၃၈။ ရွှေဥဒေါင်း ၈၉
၃၉။ စစ်ကိုင်း ဦးဘိုးသင်း ၉၁
၄၀။ ဟံသာဝတီ ဦးဘရင် ၉၃
၄၁။ ဒဂုန်ရွှေမျှား ၉၅
၄၂။ ဦးပဂျိုဝို ၉၇
၄၃။ ဦးဂုဏ်ဘဏ် ၁၀၀

၄၄။ ဦးသာမြတ် ၁၀၂
၄၅။ ဒဂုန်နတ်ရှင် ၁၀၄
၄၆။ ဒဂုန်ဦးလှဘော ၁၀၆
၄၇။ ရှင်ဇနကာဘိဝံသ ၁၀၈
၄၈။ ဦးလူဖေဝင်း ၁၁၁
၄၉။ ဇေယျ ၁၁၃
၅၀။ ဦးထွန်းဖေ ၁၁၆
၅၁။ သခင်ဘသောင်း ၁၁၉
၅၂။ သူရိယကန္တိ ၁၂၁
၅၃။ မြို့မမောင် ၁၂၃
၅၄။ ဒဂုန်ခင်ခင်လေး ၁၂၅
၅၅။ ရန်အောင် ၁၂၇
၅၆။ ပါမောက္ခ ဦးဇမောင် ၁၂၉
၅၇။ ဒေါက်တာမောင်ဖြူး ၁၃၁
၅၈။ ရွှေဒုံးဘီအောင် ၁၃၃
၅၉။ ဓမ္မာစရိယ ဦးထွန်းရွှေ ၁၃၅
၆၀။ ဆရာကြီးဇော်ဂျီ ၁၃၇
၆၁။ ပုပ္ပါးဦးကျော်ရင် ၁၄၀
၆၂။ မင်းသုဝဏ် ၁၄၂

## လေးမြတ်ကြည်ညို နှောင်းစာဆို

ဆရာ သုကိုကို (ကျုံမငေး) သည် လေးမြတ်ကြည်ညိုရှေးစာဆိုဟူသော ကဗျာပေါင်းချုပ် စာအုပ်တစ်အုပ်ကို (၂၀၁၆ ခုနှစ်) အတွင်းက ရေးသားပြုစုထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်တွင် ရှေးခေတ်စာဆိုတော်ကြီးများဖြစ်သော အနန္တသူရိယ အမတ်ကြီးမှအစ လယ်တီဆရာတော်ဘုရားကြီးအထိ စာဆိုတော်ကြီး (၆၀) ၏ ဘဝဖြစ်စဉ်များ၊ မွေးနေ့ မွေးရက် မွေးလများ ဇာတိရပ်ရွာဒေသများအပြင် စာဆိုတော်ကြီးတို့ ပြုစုခဲ့သော စာပေများအကြောင်းကိုပါ ထည့်သွင်းရေးဖွဲ့သီကုံးခဲ့ပေသည်။ မြန်မာစာပေကို ချစ်မြတ်နိုးသူတို့အတွက် အလွန်တရာ အကျိုးရှိလှပါပေ၏။

ယခုတစ်ဖန် ထပ်မံ၍ လေးမြတ်ကြည်ညို နှောင်းစာဆိုဟူသော အမည်ဖြင့် ကဗျာပေါင်းချုပ်စာအုပ်တစ်အုပ်ကို ထပ်မံထုတ်ဝေလိုက်ပြန်ပါပြီ။ ဆရာ သုကိုကို (ကျုံမငေး) ၏ မြန်မာကဗျာနှင့် မြန်မာစာဆိုတော်များအပေါ် အလေးအမြတ် ထားရှိမှုသည်ကား ချီးကျူးဖွယ်ရာ ကောင်းလှပေသည်။

ဤဒုတိယမြောက် ထုတ်ဝေသော စာအုပ်တွင်ကား ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုကို ရေးသားခဲ့သူ ဝန်စာရေးဦးကြီးမှ အစပြုကာ သပြေညိုကဗျာကို ဖွဲ့ဆိုသီကုံးခဲ့သူ ကဗျာစာဆိုကြီး ဦးဝန် (ဆရာကြီး မင်းသုဝဏ်) အထိ ပါဝင်ပါသည်။ စုစုပေါင်း နှောင်းခေတ်စာဆို (၆၂) ဦး ဖြစ်ပါ၏။

ဤစာအုပ်ပါကဗျာများကို တျာချင်း ကဗျာများဖြင့်ချည်းသာ ဖွဲ့ဆိုထားခြင်းကလည်း ထူးခြားမှုတစ်ရပ်ပင်ဖြစ်လေသည်။ အမှန်စင်စစ် တျာချင်းကဗျာသည် လေးလုံးစပ်၊ ဒွေးချိုး၊ ကြိုးချိုးအစရှိသော ကဗျာစပ်နည်းများထက် ပိုမို၍ ဂရုပြုအလေးထားရသော ကာရန်ယူပုံယူနည်းများ ပါဝင်လေသည်။

တစ်နည်းအားဖြင့် အခြားကဗျာအမျိုးအစားများထက် ခက်ခဲနက်နဲသည်ဟုပင် ဆိုနိုင်ပါသည်။

ထိုသို့ ခက်ခဲနက်နဲမှုရှိသော ကဗျာအမျိုးအစားကိုမှ ရွေးခြယ်စပ်ဆိုနိုင်ခြင်းမှာလည်း ဆရာသုကိုကို (ကျုံမငေး) ၏ကဗျာဝမ်းစာပြည့်ဝမှုကြောင့်ပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။

ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိကို လူအများက ဆောင်းပါး ပုံစံဖြင့်သာ ရေးဖွဲ့ကြသည်ဖြစ်ပြီး ကဗျာဖြင့် မှတ်တမ်းပြုသူကား ရှားပါးလှသည်။ ဆောင်းပါးဖြင့် စာရွက်လေးငါးရွက်ရေးရမည့် အကြောင်းအရာများကို စာတစ်မျက်နှာမျှဖြင့် ပြီးစီးအောင် သီကုံးဖွဲ့နွဲ့ထားသည်မှာလည်း ဖတ်ရှုသူများအတွက် များစွာ အကျိုးသက်ရောက်မှုရှိပါသည်။

မြန်မာလူမျိုးတို့ သဘောမှာ ကဗျာဖြင့်ပြောက ချောပါသည်။

ကဗျာဖြင့်ပြက လှပါသည်။ ကဗျာဖြင့်ဆင်က ယဉ်ပါသည်။

ကာရန်၊ အသံ၊ စည်းစနစ်မှန်သည့်အပြင် နောင်းစာဆိုကြီးများ၏ ဘဝဖြစ်စဉ်များကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ထည့်သွင်းဖွဲ့စပ်ထားသဖြင့် ဆရာသုကိုကို (ကျုံမငေး) ၏ လေးမြတ်ကြည်ညို နောင်းစာဆိုအမည်ရ ဤစာအုပ်သည် -

ချောလည်းချောပါသည်။

လှလည်းလှပါသည်။

ယဉ်လည်းယဉ်ပါသည်။

ထို့ပြင် မြန်မာကဗျာ၊ မြန်မာစာဆိုတို့ကို လေးမြတ်ကြည်ညိုသူတိုင်း နှစ်နှစ်သက်သက် သိမ်းဆည်းထားသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်ဟူ၍လည်း ဂုဏ်ပြုဖော်ညွှန်းမော်ကွန်းအသွင် ကမ္ပည်းတင်လိုက်ရပေသည်။ ။

××× ××× ×××

မြင်းမူမောင်နိုင်မိုး

# ဝန်စာရေး ဦးကြီး

* နှောင်းခေတ်စာဆိုသမိုင်း၊ မဆိုင်းလေ့လာသော်
နှောင်းခေတ်မြန်မာဝတ္ထုအစ ၊ 'ဒုတိယ' အဖြစ်ထင်ပေါ်
'ချဉ်ပေါင်ရွက်သည်မောင်မှိုင်း'ခေါ် ၊ နာမည်ကျော်ဝတ္ထု
ရေးသားသူမှာ ၊ 'ဝန်စာရေးဦးကြီး'ပါ
(၁၂၆၆) ခုနှစ်တွင် ပြုစုသည်နှင့်လေး။

* မြန်မာ'ပထမဝတ္ထု' ၊ ပြုစုခဲ့သူလျှင်
'ဂျိမ်း(စ်)လှကျော်'အမည်ပေး ၊ စာရေးဆရာပင်
ဝတ္ထုနာမည်လျှင် ၊ 'မောင်ရင်မောင် မမယ်မ'
(၁၂၆၃) ခုနှစ်မှာ ၊ 'ဗြိတိသျှဘားမား' တိုက်မှထုတ်ဝေကာ
များစွာကျော်ကြား လှသည်တည့်လေး။

* 'မောင်ရင်မောင် မမယ်မ'၊ ကျော်ကြားလှသည့်အခါ
'ဟံသာဝတီ'တိုက်မှ ၊ 'မစ္စတာရစ်ပလေ'ကမေးလာ
"အယ်ဒီတာများထဲမှာ ၊ ထို့တူစွာ ရေးနိုင်သူရှိလား"
ဝန်စာရေးဦးကြီးသည် ၊ သူရေးပါမည်
ယုံကြည်စေချင်ကြောင်း ပြောကြားသည်နှင့်လေး။

* သို့ဖြင့်ရေးသား ၊ အမည်ကား'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း'ပင်
ကြာသမားမောင်မှိုင်း ၊ လူတိုင်းပါးစပ်ဖျားတွင်
လူကြီးသူမ ငြိုငြင် ၊ လူငယ်ဆိုလျှင် မဖတ်ရန်တား
လူငယ်များမှာ ၊ ခိုးဖတ်ကြကာ
များစွာနှစ်သက် သွားကြသည်နှင့်လေး။

* ဝန်စာရေးဦးကြီးကား ၊ သီပေါမင်းတရားလက်ထက်တွင်
တိုင်တာမင်းကြီးထံပါး ၊ ဝန်စာရေးအဖြစ် ခစားဖူးသူပင်
'မောင်မှိုင်း' ဝတ္ထုအပြင် ၊ 'စိန်ကလေး' 'မြကလေး' ဝတ္ထုများပင်ရေးသား
'ခင်ခင်ညွန့်' ဝတ္ထုပါ ၊ ရေးခဲ့ကြောင်းမှာ
စာအုပ်ကြော်ငြာ အထောက်အထား ရှိသည်တည့်လေး။

* ကျော်ကြားလက်ရာ ၊ ဝတ္ထုမဟာ
စာပေသမိုင်းတွင် အမှတ်ပြည့်ဝင်ပေ့ါအတည်။
ဖော်စားလျက်သာ ၊ အမြတ်တစ်ခုပမာ
ရှာဖွေမဆိုင်းပင် ဖတ်စေ့ချင်တော့သည်။ ။

# ဖိုးဝဇီရ

* မြန်မာသက္ကရာဇ် ၊ (၁၂၁၀) ခုနှစ်ပင်
နှောင်းတန်ခူး လပြည့်ကျော်ရက် ၊ (၇)ရက် ဗုဒ္ဓဟူးနေ့တွင်
အဖ သေနတ်စာရေးကြီး 'ဦးထွန်း'ပင် ၊ မိခင်'ဒေါ်ခို' တို့မှ
အမရပူရမြို့ သရက်သုံးပင်ရွာမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်လွင်' ခေါ်ကြသည်တည့်လေး။

* မောင်လွင်ငယ်ငယ်က ၊ အဖမှ စာသင်ပေးကာ
အသက်(၁၃)နှစ်တွင်း ၊ ဦးလေးအရင်း ရှင်ဇာဂရထံမှာ
ကျမ်းဂန်ပေစာ ၊ လေ့လာဖတ်ရှု
အသက်(၁၆)နှစ်တွင် ၊ ခင်မကန်တိုက် ဦးပဏ္ဍိထံတွင်
ရှင်သာမဏေ ပြုသည်နှင့်လေး။

* 'ဝဇီရ'ဟု ၊ အမည်ပြုဘွဲ့ချည်
'ဝရဇိန်'လက်နက်သို့ ၊ ထက်မြက်သမို့ ဉာဏ်စွမ်းရည်
ဦးပဏ္ဍိမှသည် ၊ အလီလီဆရာတော်များထံပါး
ဆန်း, အလင်္ကာ ၊ ဗေဒင်ပညာ
လေ့လာဆည်းပူး သင်ကြားသည်နှင့်လေး။

* (၂၆)နှစ်သား ၊ ရှိထားအရွယ်ပင်
နံ့သာနန်းခုံမင်း ၊ ဦးကြီးအရင်း ဦးနှင်းထံတွင်
ရှင်လိင်ပြန်ကာလျှင် ၊ ရွှေဖတ်စာရေးဝင်လုပ်လျက်
ဓမ္မသတ်, ရာဇသတ်ပညာ ၊ လေ့လာရာ
များစွာကျော်ကြား ထက်မြက်သည်တည့်လေး။

* မြန်မာသက္ကရာဇ် ၊ (၁၂၃၆) ခုနှစ်ပါ
ပုဂံမင်း၏ ၊ 'ရတနာပုံနေပြည်တော်'မည်ရှိသတင်းစာမှာ
အယ်ဒီတာအဖြစ်သာ ၊ ဝင်ရောက်ကာ လုပ်ကိုင်ရင်း
ဆောင်းပါးနှင့် သတင်းစဉ် ၊ ရေးသားရာတွင်
'မောင်လွင်(ခေါ်) ဦးဝဇီရ' အမည်ထင်လင်းလာသည်နှင့်လေး။

* (၁၂၄၀) ခုနှစ်တွင်းအရောက် ၊ လက်မောင်းတွင် အနာပေါက်ရာ
ဖခင်၏ဇာတိမြို့ ၊ ရှားတောသို့ ခေတ္တပြန်နေကာ
မန္တလေးသို့ပြန်လာ ၊ ခုံသမာဓိ အဖြစ်ဆောင်ရွက်
ထိုမှတစ်ခါ ၊ ဆားတောင်ရွာမှာ
သံဃာများအား စာပေပို့ချလျက် နေသည်တည့်လေး။

* အသက်(၈၇)နှစ် ၊ (၁၂၉၇)ခုနှစ်တွင်
သားသမီးများ အစောင့်အရှောက်ဖြင့် ၊ ကျောက်ပန်းရွာ၌နေစဉ်
ဖိုးဝဇီရလျှင် ၊ သင်္ခါရ သဘောအရ
တပေါင်းလပြည့်ကျော် ၊ (၁)ရက်ရောက်သော်
အဖေါ်မပါ သေရွာမြန်းရသည်နှင့်လေး။

* အချိုးညီမျှစွာ ၊ 'ကြာ' တိုင်းသာ
ရေမှာတင့်တယ် နေရှာပေသို့အတည်။
ဖိုးဝဇီရဆရာ ၊ စာသမိုင်းမှာ
ရှည်ကြာမြင့်ကြွယ် ဝေဖြာနေတော့သည်။ ။

## ဦးပုတ်နီ

* မြန်မာသက္ကရာဇ် ၊ (၁၂၁၁) ခုနှစ်ပင်
ရန်ကုန်မြို့၏ ၊ 'ကျောက်တံတား'မည်ရှိအရပ်တွင်
မွေးဖွားကာလျှင် ၊ ဖခင်ခုံမင်းကြီး 'ဦးခွေးဖြူ'၏သား
မျိုးရိုးစဉ်လာ ၊ မွန်မျိုးရိုးပါ
မွန်ဘာသာ မွန်စကား တတ်သည်တည့်လေး။

* အသက်မွေးမှုကား ၊ အင်္ဂလိပ်တရားရုံးများတွင်
ရှေ့နေအလုပ် ၊ လုပ်ကိုင်ရသူပင်
ရှေ့နေမဖြင်ခင် ၊ စာရေးကြီးအဖြစ်လျှင်လုပ်သေး
ဆရာရင်းမှာ ၊ အကြီးတော်ဝန်မင်း ဦးသံမှူးပါ
သဒ္ဒါ, သင်္ဂြိုလ်ကျမ်း သင်ပေးသည်နှင့်လေး။

* ဘာသာရေးဘက် ၊ ကိုင်းရှိုင်းလျက်ရှိသေ
ဆရာတော်ရင်းကား ၊ သင်္ဂဇာဆရာတော်ဘုရားကြီးပေ
ပါဠိစာပေ ၊ အမြလေ သင်ယူလျက်
ကြွရာနေရာ ၊ စကားပြန်အဖြစ်သာ
လိုက်ပါဆောင်ရွက် ရသည်တည့်လေး။

* မြန်မာသက္ကရာဇ် ၊ (၁၂၄၃) ခုနှစ်ပင်
မရွှိမဒေသ ၊ ဆရာတော်ကြွကာလျှင်
'မဟာဗောဓိပင်' ၊ ဖူးမြော်စဉ်မှတ်တမ်း
ဦးပုတ်နီမှာ ၊ ပြန်လာပြီးမကြာ
'မဟာဗောဓိ မဂ္ဂဒီပနီကျမ်း' ရေးသည်နှင့်လေး။

* အလှူအတန်း ၊ ပြုနိုင်စွမ်းသူပါ
ရွှေတိဂုံစေတီတော်ရှေ့မှ ၊ ကြားတောရ ကျောင်းတိုက်တွင်းမှာ
ငွေကြေးများစွာ ၊ ကုန်ခံကာ 'ဇရပ်တစ်ဆောင်'လှူထား
သင်္ဂဇာဆရာတော်လျှင် ၊ ရန်ကုန်ရောက်တိုင်းပင်
ဇရပ်တွင် တရားပွဲချီးမြှင့် သွားသည်တည့်လေး။

* အသက်(၂၅)နှစ်သား ၊ ရေးထားပြဇာတ်မှာ
'ကုမ္မာရ'အမည်ရ ၊ ပြဇာတ်ဖြစ်ပေတာ
(၅)နှစ်ခန့်အကြာ ၊ ထပ်မံကာလက်ရာအသစ်
'ကပ္ပတိန်မောင်ဘစိန်' အမည်၊ ပြဇာတ်သည်
နာမည်ကျော် ပြဇာတ်ဖြစ်သည်ကွဲ့လေး။

* နောက်ဆုံးအဖြစ် ၊ ရေးဖြစ်ခဲ့ပြဇာတ်မှာ
'ဘိန်းပုံရာဇာ ကွမ်းပုံကုမ္မာ'ပြဇာတ် ၊ ရေးစပ်သူ့လက်ရာ
(၁၂၅၅)ခုနှစ်ခန့်မှာ ၊ ကွယ်လွန်ကာ သေဆုံးသွား
စာသမိုင်းမှာလေ ၊ တင်ကျန်ခဲ့ပေ
'ရွှေနေဦးပုတ်နီ' အမည်ထင်ရှားသည်နှင့်လေး။

* ထင်ရှားကာနေ ၊ ပြဇာတ်အလှတွေ
စာပေနယ်တွင် မှတ်တမ်းဝင်ပေ့ါအတည်။
အလျင်သွားကာလေ ၊ ရတတ်သမျှပေ
ရှာဖွေတကယ်ပင် ဖတ်စမ်းချင်တော့သည်။ ။

# ဦးဖြေ

* မြန်မာသက္ကရာဇ် ၊ (၁၂၁၂) ခုနှစ်ပင်
ဝါဆိုလဆန်းရက် ၊ (၈) ရက် ကြာသပတေးနေ့တွင်
အဖ 'ဦးတလုတ်ဖြူ'ပင် ၊ မိခင် 'ဒေါ်ခို'တို့မှ
သရက်မြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'ငဖုန်း'ခေါ် ကြသည်တည့်လေး။

* အသက်(၄-၅)နှစ်ကျ ၊ သရက်မြို့မှ(၁)မိုင်ခန့်အကွာ
စအိုင့်ရွာ ဓမ္မကထိက ၊ ဘုန်းကြီး ဦးဇယန္တ ထံမှာ
အပ်နှံပြီးကာ ၊ သဗြိုလ်, သဒ္ဒါ သင်ကြား
သာမဏေကြီးများပင် ၊ မဖြေကြားနိုင်ခင်
သူလျှင် ဖြေကြားနိုင်သည်နှင့်လေး။

* ဦးဇယန္တ ကား ၊ 'ငဖုန်း'အား 'ငဖြေ'ဟု အမည်ပြင်
ဖြေနိုင်ခဲ့ ပြဿနာများ ၊ ဖြေကြားနိုင်၍ပင်
(၁၃)နှစ်အရွယ်တွင် ၊ ရှင်သာမဏေပြုပေးလျက်
သာမဏေအမည် ၊ 'ပဏ္ဍိတ'ဘွဲ့ချည်
မျှော်ရည်ပညာရှိ ပေါ်ထွက်စေဖို့လေး။

* ဦးဇယန္တ မျက်စိ ၊ ကွယ်တော်မူသည့်အခါ
သရက်မြို့ အုတ်ကျောင်းမှ ၊ ဦးအာဒိစ္စထံမှာ
အဘိဓာန်, သဒ္ဒါ၊ အလင်္ကာ ထပ်မံသင်ကြား
အသက်(၁၈)နှစ်တွင် ၊ မန္တလေးမောင်းထောင်ဆရာတော်ထံတွင်
ပညာဆက်လက် သင်ကြားသည်တည့်လေး။

* အသက်(၂၀)နှစ်သား ၊ မောင်းထောင်ဆရာတော်ထံပါးမှာ
ရဟန်းဝတ်ပြီး ၊ (၄)ဝါနီးပါးအကြာ
ပါဠိ, သဒ္ဒါအရာ ၊ လွန်စွာတတ်ကြောင်းပ
အရှေ့ပြင်, အနောက်ပြင် ၊ မန္တလေးတစ်ခွင်
ပေါ်လွင်ထင်ရှား လှသည်နှင့်လေး။

* မြန်မာ့သက္ကရာဇ် ၊ (၁၂၄၇) ခုနှစ်တွင်
မြန်မာပြည်ပျက်ခိုက် ၊ ရန်ကုန်၌ ကျောင်းဆရာအလုပ်ဝင်
(၇)နှစ်ခန့်ပြီးလျှင် ၊ ယိုးဒယားဘုရင်၏ မိဖုရားခေါင်ကြီးမှ
ပိဋကတ်သုံးပုံ ပေထက်အက္ခရာ ၊ မှန်ကန်စွာ တင်လှူပူဇော်ရာ
သူသာကြီးကြပ်တင်ပေး ရသည်တည့်လေး။

* မြန်မာ့သက္ကရာဇ် ၊ (၁၂၇၆) ခုနှစ်မှာ
အင်္ဂလိပ်တိုင်းရှင် ဂျော့ဘုရင်က ၊ လူပုဂ္ဂိုလ်ထဲမှ ပထမဦးစွာ
'အဂ္ဂမဟာ ပဏ္ဍိတ' ဘွဲ့မဟာ ၊ ဦးဖြေကိုသာအပ်နှင်း
အသက်(၈၁)နှစ်တွင် ၊ စာပေများပြုစုစဉ်
သူလျှင်သေရွာ ချဉ်းသည်နှင့်လေး။

* အပ်နှင်းဆက်လာ ၊ ဘွဲ့မဟာ
သူသာပထမ ဖြစ်တော့သည်။
မြတ်ခြင်းတွက်ရာ ၊ တကယ့်ပဏ္ဍာ
လူမှာ အလှစစ်ပေါ့ အတည်။ ။

# ဆင်ဖြူကျွန်းဆရာသင်

* နှောင်းခေတ်စာဆိုသမိုင်း ။ မဆိုင်းလေ့လာလျှင်
ပြဇာတ်, ဟောစာများ ။ ရေးသားအောက်ပြည်တစ်ခွင်
နှစ်(၃၀)တိုင်တိုင်ပင် ။ ပေါ်လွင်ထင်လင်း
ဆင်ဖြူကျွန်းမြို့မှာ ။ မွေးဖွားကာ
ဆရာသင် အမည်ရင်း သုံးသည်တည့်လေး။

* အဖအမည်ရင်း ။ အဝယ်တော်ပဲ့နင်း 'ဦးစု'ပါ
အမိမှာ မိဖုရားထံရင်း ။ ဆံတော်ရှင်း 'မယ်ခွေ'ပါ
ဆရာသင်မှာ ။ ငယ်အခါကပင် မန္တလေးတက်
လောကီ, လောကုတ္တရာ ။ ကျမ်းဂန်ပေစာ
လေ့လာသင်ယူလျက် ရှိသည်နှင့်လေး။

* လေ့လာကျက်မှတ် ။ ဆည်းကပ်ဆရာများတွင်
ဦးဖိုးလှိုင်(ယောအတွင်းဝန်မင်း) ။ စလင်းဦးမြတ်သာဒွန်းတို့လျှင်
ဆရာရင်းများပင် ။ အစဉ်ဦးထိပ်ပန်ထား
'ဥတုဘောဇန'ကျမ်းမဟာ ။ မှတ်ရလွယ်ကူရန်သာ
လင်္ကာဖြင့် ပြန်လည်ရေးသားသည်နှင့်လေး။

* အရေးအသား ၊ တိုးပွားရင့်ကျက်လာ
မင်းညီမင်းသား ၊ စေစားခိုင်းသမျှစာ
ရေးသားပေးရာ ၊ နန်းတွင်းမှာ လူမုန်းများလျက်
တစ်နေ့ညမှာ ၊ လူ (၄)ယောက် အိမ်ပေါ်တက်ကာ
မျက်နှာ ဓါးခြစ်ထွက်ပြေးသည်နှင့်လေး။

* ခြစ်သည့်ဓါးချက် ၊ မျက်လုံးထိခိုက်ရှာ
အသက်ရန်မအေး ၊ ရှောင်ပြေးမနေ့ဖြူမြို့မှာ
ကျုံယုဘုန်းကြီးထံခိုဝင်ကာ ၊ ဗေဒင်, နက္ခတ် ပညာသင်ယူလျက်
သဘင်သည်များစွာပင် ၊ သင်ပြပေးပြီးလျှင်
ဇာတ်ဝင်သီချင်း, ဇာတ်ကွက်ရေးသည်နှင့်လေး။

* မြန်မာသက္ကရာဇ် ၊ (၁၂၆၉) ခုနှစ်ပင်
သန်လျင်မြို့အနီး ၊ ဗိုလ်ချုပ်ရွာကြီးတွင်
ကျောင်းဆရာအလုပ်ဝင် ၊ အစဉ်နေထိုင်လျက်
ဇနီးနှင့်အတူသာ ၊ ဆရာမ, ဆရာ
ပညာရေးတွင် တိုးတက်သည်နှင့်လေး။

* မြန်မာသက္ကရာဇ် ၊ (၁၂၉၆) ခုနှစ်ခန့်ပါ
ပြဇတ်, ကဇာတ် ၊ ရေးစပ်တေးစုံစွာ
ဟောစာ, ကျမ်းစာ ၊ ရေးကာနေရင်း
အသက်(၇၆)နှစ်ခန့်မှာ ၊ ကွယ်လွန်ရှာ
စာသမိုင်းတွင် ထင်လင်းခဲ့သည်တည့်လေး။

* ရင်တွင်းမြော်မြင် ၊ တာရှည်ပင်
စာတစ်ခွင် အလေးထားရှိတော့သည်။
ထင်လင်းပေါ်လွင် ၊ စာပေရှင်
ထာဝစဉ် လေးစားမိပေ့ါအတည်။ ။

## ပုဂံဝန်ထောက်ဦးတင်



# ပုဂံဝန်ထောက်ဦးတင်

* မြန်မာသက္ကရာဇ် ၊ (၁၂၂၃) ခုနှစ်ပါ
တန်ဆောင်မုန်းလပြည့်ကျော်ရက် ၊ (၁၄)ရက် စနေနေ့မှာ
အဖ ငါးမြို့ဝန် 'စာဆိုဦးမောင်'ပါ ၊ အမိမှာ 'ဒေါ်စော'တို့မှ
မန္တလေးရွှေနန်းတော်အနောက်ပြင် ၊ 'စကြာအိမ်'မှာ ဖွားမြင်
'မောင်မောင်တင်' အမည်ပေးကြသည်တည့်လေး။

* အသက်(၃-၄)နှစ်ကျ ၊ ဖခင်မှ အိမ်မှာစာသင်
(၉)နှစ်အရွယ်၌ ၊ အမရပူရ ဘုံကျော်တိုက်ဆရာတော်ထံတွင်
စာပေသင်ပြီးလျှင် ၊ (၁၁)နှစ်တွင် ရှင်သာမဏေပြု
ရှင်အမည်မှာ ၊ 'နိမလ'ပါ
စာပေအရာ ထူးချွန်မှုရှိသည်နှင့်လေး။

* (၁၂၃၆) ခုနှစ်၊ အသက် (၁၃)နှစ်မှာ
ကင်းဝန်မင်းကြီးရေးစပ် ၊ ဓမ္မသတ်လက်ာ(၇၂)ပုဒ်ကိုသာ
နှုတ်တက်အာဂုံဆောင်ကာ ၊ အနက်အဓိပ္ပာယ်ပါအတိအကျ
ကင်းဝန်မင်းကြီးရှေ့တွင် ၊ ပြန်ဆိုဖြေကြားလျှင်
ကင်းဝင်(ဝန်)မင်းကြီး၏ ချီးကျူးခံရသည်တည့်လေး။

* အသက် (၁၅)နှစ်ကျ ၊ သာမဏေမှထွက်ကာ
ရွှေတိုက်ဝန်မြို့စားမင်း ၊ လက်အောက်အတွင်း စာရေးတော်အရာ
(၂၃)နှစ်သားအထိပါ ၊ ကျေပွန်စွာထမ်းရွက်ရင်း
(၁၉)နှစ်သားတွင် ၊ 'နော်ရထာကျော်ထင်'ဘွဲ့အပြင်
ရွှေစင်ရွှေသား ချီးမြှင့်ခြင်း ခံရသည်နှင့်လေး။

* အသက်(၂၃)နှစ်အတွင်းမှ ၊ (၂၆)နှစ်ရသည့်တိုင်လျှင်
အင်္ဂလိပ်အစိုးရလက်ထက် ၊ မန္တလေး အထက်လွှတ်တော်တွင်
မြန်မာအရာရှိကြီးများနှင့်အတူပင် ၊ ပါဝင်ထမ်းရွက်
(၂၇)နှစ်မှ(၃၃)နှစ်အထိပါ ၊ စာပြန်တော်ဌာနမှာ
တာဝန်ကျေစွာ ထမ်းရွက်ခဲ့သည်နှင့်လေး။

* အသက်(၃၆)နှစ်ကျ ၊ အင်္ဂလိပ်အစိုးရမှ ပေးလာ
(A.T.M) ဘွဲ့တံဆိပ် ၊ ခတ်နှိပ်ထားပြီးကာ
'အမှုထမ်းကောင်းရွှေတံဆိပ်'ပါ ၊ (၄၉)နှစ်သားမှာ ဒေလီမြို့၌
ပဉ္စမမြောက်ဂျော့ဘုရင် ၊ 'ကျက်သရေဆောင်ရွှေစလွယ်'ပင်
သူ့လျှင်ပေးအပ် လိုက်သည်တည့်လေး။

* အသက်(၆၅)နှစ်ရောက်ခိုက် ၊ ရန်ကုန်တက္ကသိုလ်၌ အလုပ်ဝင်
မြန်မာစာဆရာအဖြစ် ၊ (၁)နှစ်တိတိပင်
ထို့ကြောင့် (၇၁)နှစ်သားတွင် ၊ 'မဟာဝိဇ္ဇာ'ဘွဲ့လျှင် ချီးမြှင့်ပေး
အသက်(၇၃)နှစ်မှာ ၊ ကွယ်လွန်ရှာ
စာအုပ်စာပေ များစွာရေးသားခဲ့သည်နှင့်လေး။

* ရေးသားစာတွေ ၊ သူ့အမွေ
ပမာ 'ရွှေ'အတိုင်း အမှန်မှတ်ရတော့သည်။
အလေးထားကာမသွေ ၊ ခုအနေ
ရှာဖွေမဆိုင်း ပြန်ဖတ်ကြပေါ့အတည်။ ။

# မော်ပီဆရာသိန်း

* မြန်မာသက္ကရာဇ် ၊ (၁၂၂၃) ခုနှစ်ပင်
နှောင်းတန်ခူးလဆန်းရက် ၊ (၂) ရက် တနင်္လာနေ့တွင်
အဖ 'ဦးရွှေကြူး'ပင် ၊ မိခင် 'ဒေါ်ငွေ'တို့မှ
မော်ပီမြို့ မင်းရွာမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'ဖိုးသိန်း'ခေါ် ကြသည်တည့်လေး။

* ဖိုးသိန်းတို့ငယ်က ၊ အဖလယ်ယာလုပ်ကာ
စားဝတ်နေမှု ၊ ပြုစုစောင့်ရှောက်ရှာ
မင်းရွာမှာသာ ၊ ဆရာတော် ဦးဝဏ္ဏထံပါး
ညီအစ်ကိုနှစ်ယောက်လျှင် ၊ မင်္ဂလသုတ်သင်
ရွာစဉ်ထမင်းပို့, နွားကျောင်းသွားရသည်နှင့်လေး။

* (၁၆)နှစ်သား ၊ သူရင်းငှားဘဝတွင်
သက်နှီး(၁)နှစ်ဝတ်လျက် ၊ လူထွက်လာ သူရင်းငှားပင်
(၁၉)နှစ်သားတွင် ၊ ဟံသာဝတီကြေးတိုင်ရုံးတွင် စာရေးအဖြစ်
(၂၃)နှစ်မှာ ၊ မော်ပီ မြို့အုပ်ရုံးမှာ
မြို့စာရေး လုပ်ဖြစ်သည်နှင့်လေး။

* အသက်(၃၄)နှစ် ၊ (၁၂၅၇) ခုနှစ်တွင်
ကွမ်းခြံကုန်းမြို့ ၊ မြို့အုပ်ရုံး၌ စာရေးအဖြစ်ဝင်
မော်ပီ မြို့အုပ်ရုံး၌ရှိစဉ် ၊ စတင်ရေးသားစီကုံး
'ပေါရာဏဒီပနီ'အမည်ခံ ၊ ကျမ်းအမွန်
ကွမ်းခြံကုန်း ကျမှ ပြီးဆုံးသည်တည့်လေး။

* စာပေသုတစုရုံး ၊ သိမ်းကျုံးသူဖွေရှာ
မြို့စဉ်တစ်လျှောက် ၊ အထက်အောက်မြို့စုံစွာ
သမိုင်း,ကျောက်စာ ၊ ပျို့, လင်္ကာ, မော်ကွန်းများ
ပညာရှိတွေ ၊ အတ္ထုပ္ပတ္တိ မကျန်ပေ
ရှာဖွေစုဆောင်း မှတ်သားသည်နှင့်လေး။

* မှတ်သားထားသမျှ ၊ သုတအဖြာဖြာလျှင်
မြန်မာသက္ကရာဇ် ၊ (၁၂၇၄) ခုနှစ်ရောက်တွင်
'ပေါရာဏဒီပနီ'မည်တွင် ၊ ဒုတိယတွဲလျှင် အပြီးရေး
အသက်အရွယ်မှာ ၊ (၅၀)နှစ်သာသာ
စာပေဂုဏ်သတင်း မွေးသည်တည့်လေး။

* ဆရာသိန်းရေးသွား ၊ စာပေကားများလှပေတာ
'ပုံပြင်' 'ဟင်းလေးအိုး' 'စာတမ်း' 'မှတ်တမ်း' ၊ 'နတ်လမ်းညွှန်' လည်းပါ
'စကားပေဒသာ' ၊ 'လင်ပျောက်' 'မယားပျောက်ရှာပုံ' စာအုပ်များ
သက်ရွယ်(၈၀)ပင် ၊ မော်ပီမြို့တွင်
သူလျှင်ကွယ်လွန် ဆုံးပါးသည်နှင့်လေး။

* မော်ပီသားဆရာ ၊ သုတအစဉ်ရှာ
စာပေသမားတွေ အကျိုးဖြစ်တော့သည်။
မျှော်ရည်များစွာ ၊ တုပချင်စရာ
ရှာလေ ရှားပေ အဘိုးအစစ်ပေါ့အတည်။ ။

# ဂျိမ်း(စ်)လှကျော်

* မြန်မာသက္ကရာဇ် ၊ (၁၂၂၈) ခုနှစ်ပင်
ပထမဝါဆိုလဆန်းရက် ၊ (၁၀)ရက် ဗုဒ္ဓဟူးနေ့တွင်
အဖ 'ဦးစွပ်' ပင် ၊ မိခင် 'ဒေါ်ဆိုင်း'တို့မှ
ရွှေကျင်မြို့ မင်းလမ်းမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'လှကျော်'ခေါ်ကြသည်တည့်လေး။

* လှကျော်ငယ်က ၊ အမိအဖ ကွယ်လွန်ရှာ
အဒေါ်မှသနား ၊ မွေးစားစောင့်ရှောက်ကာ
အဒေါ်ကိုးကွယ်ရာ ၊ ခရစ်ယာန်ဘာသာအရ
'လှကျော်'အမည်လျှင် ၊ 'ဂျိမ်း(စ်)လှကျော်'ပင်
ခေါ်တွင်သတ်မှတ် ကြသည်နှင့်လေး။

* ရွှေကျင်မြို့ အင်္ဂလိပ်အစိုးရ ၊ ကျောင်းမှ(၇) တန်းအောင်လျှင်
ရန်ကုန်ဆရာမှတ်ကျောင်း ၊ ပြောင်း၍ပညာသင်
'အိုင်-အေ' စာမေးပွဲဝင် ၊ ဖြေဆိုအောင်မြင်က
အင်္ဂလိပ်မင်းကြီး စကားပြန်အရာ ၊ မန္တလေးလိုက်ပါ
ဟိုမှာ အိမ်ထောင်ကျသည်နှင့်လေး။

* မန္တလေးမှရန်ကုန်သို့ ၊ ပြောင်းလို့(၃)နှစ်ခန့်တွင်
စာတော်ပြန်ဌာန ၊ တာဝန်ကျနေစဉ်
မြို့အုပ်စာမေးပွဲဝင် ၊ ဖြေဆိုအောင်မြင်လျက်
ဘုရင်ခံ့အိမ်တော်မှာ ၊ (၅)နှစ်မြို့အုပ်အဖြစ် ထမ်းရွက်ကာ
ရန်ကုန်မှာ (၃) နှစ်ထမ်းရွက်သည်နှင့်လေး။

* မြန်မာသက္ကရာဇ် ၊ (၁၂၄၇)ခုနှစ်ရောက်သော်
နှောင်းခေတ်မြန်မာဝတ္ထုအစ ၊ ပထမအဖြစ်ထင်ပေါ်
'မောင်ရင်မောင် မမယ်မ'ခေါ် ၊ နာမည်ကျော်ဝတ္ထုအား
ရေးသားကာပင် ၊ စာပေနယ်တွင်
ပေါ်လွင် ထင်ထင်ရှားသည်တည့်လေး။

* ဆရာကြီးကား ၊ အောင်မြေအားနင်းမိရှာ
ရွှေဘိုမြို့သို့ ၊ ပြောင်းလို့သိပ်မကြာ
ခရစ်ယာန်မှထွက်ကာ ၊ ဗုဒ္ဓဘာသာအဖြစ်
အလောင်းမင်းတရားကုသိုလ်တော် ၊ မြတ်သိန်းတန်စေတီတော်
ထီးတော်တင်လှူဖြစ်သည်နှင့်လေး။

* မြန်မာသက္ကရာဇ် ၊ (၁၂၈၁) ခုနှစ်ပါ
ဆရာကြီးကား ၊ အဖျားရောဂါဖြင့်ကွယ်လွန်ရှာ
သားသမီးမြေးများမှာ ၊ ကိုးကွယ်စရာ 'အရိုးအိုးဂူ' အား
ဆရာကြီး၏ကောင်းမှုအမှန် ၊ မြတ်သိန်းတန်
ဘုရားတံတိုင်းအတွင်း တည်ထားသည်တည့်လေး။

* ရေးသားဝတ္ထုစာ ၊ နှောင်းခေတ်မြန်မာ
လက်ရာမှာ ပထမ(၁) ပေါ့အတည်။
အလေးထားဖတ်ရှုစရာ ၊ ကောင်းသစ်စံပမာ
တစ်သက်တာ ထာဝရဖြစ်တော့သည်။ ။

# ဦးလတ်

* မြန်မာသက္ကရာဇ် ၊ (၁၂၂၈) ခုနှစ်ပင်
ရန်ကုန်ဘယဆေးတန်းရပ် ၊ လမ်းအမှတ် (၂၁)တွင်
အဖ ပန်းထိမ်ဆရာကြီးပင် ၊ အမည်လျှင် 'ဦးမြတ်စံ'ဖြစ်
အမိအမည်မှာ ၊ 'ဒေါ်ထွေး'ပါ
ငယ်နာမည် 'မောင်လတ်'ဖြစ်သည်တည့်လေး။

* ဒုတိယသားအဖြစ် ၊ ချစ်မဝ မိဘနှစ်ဖြာ
မြန်မာစာပေသုတ ၊ ငယ်စဉ်ကပင်လေ့လာ
မြန်မာစာမကပါ ၊ အင်္ဂလိပ်စာပါ လေ့လာလျက်
လူလားမြောက်လာ ၊ အင်္ဂလိပ်အစိုးရရုံးမှာ
ရာဇဝတ်ဌာနတွင် ထမ်းရွက်သည်နှင့်လေး။

* မြန်မာစာပေဘက် ၊ အင်္ဂလိပ်စာပေဘက် မကပေ
ပေါင်းသင်းဆက်ဆံမှု ၊ တာဝန်ကျေမှုပါ ထူးချွန်နေ
သို့ကြောင့်မို့လေ ၊ များမကြာပေ ရာထူးတက်
ရာဇဝတ်ဝန်ထောက်အဖြစ်သာ ၊ တောင်ငူ, ရွှေဘို, ကသာမြို့များမှာ
သွားကာ အမှုထမ်းရွက်ရသည်နှင့်လေး။

* ဦးလတ်စာများအနက် ၊ ရှေးဦးလက်ရာ ဝတ္ထုလျှင်
အသက်(၄၅)နှစ်က ၊ ရေနံချောင်း ညောင်လှမြို့တွင်
ရေးသားမည်တွင် ၊ 'စပယ်ပင်' ဝတ္ထုဖြစ်၏
(၁၂၇၄) ခုနှစ်ပါ ၊ ပုစွန်တောင် 'ဇေယျသူရိန်'တိုက်မှာ
ရိုက်ကာ ထုတ်ဝေဖြန့်ချိသည်တည့်လေး။

* 'စပယ်ပင်' ထုတ်ဝေသည့် ၊ (၂)နှစ်ပြည့်ခန့်အကြာ
'ရွှေပြည်စိုး' ဝတ္ထု ၊ ဒုတိယမြောက်လက်ရာ
ထုတ်ဝေဖြန့်ချိရာ ၊ မြန်မာတစ်ပြည်လုံး နှစ်ခြိုက်ကြ
'ရွှေပြည်စိုး ငှက်တံဆိပ်'သာ ၊ ရိုက်နှိပ်ကြကာ
ပဒုမ္မာပိတ်, ဖိနပ်များ ရောင်းချကြသည်နှင့်လေး။

* ဒုတိယဝတ္ထု ၊ ထွက်ပြုပြီးမကြာ
'သုံးဘုံ' ဝတ္ထု ၊ 'တစ်နန်းပျော် ရင်သွေးတော်' ဝတ္ထုရေးပြန်ရာ
'မြန်မာ့အလင်း' သတင်းစာပါ ၊ 'တစ်နန်းပျော်'မှာ လူကြိုက်များလှ
မြင်ကွန်းမင်းသား အတွင်းရေးလျှင် ၊ နှိုက်နှိုက်ချွတ်ချွတ်ပင်
တွင်တွင် ထည့်သွင်း ရေးပြသည်နှင့်လေး။

* မြန်မာ့သက္ကရာဇ် ၊ (၁၂၈၃) ခုနှစ်ပင်
ကဆုန်လထဲ ၊ မွန်းလွဲအချိန်တွင်
မိမိရုံးခန်းတွင် ၊ အလုပ်လုပ်နေစဉ်ခဏ
ရင်ညွန့်ဆီမှာ ၊ အောင့်တက်ကာ
ခဏ်မျာအော့အန် သေဆုံးရသည်နှင့်လေး။

* မြန်မာ့စာနယ်တွင် ၊ မမေ့နိုင်အစဉ်
ပေါ်လွင် ထင်ရှား လှတော့သည်။
အလှဖြာ 'ကြယ်' အသွင် ၊ ယနေ့တိုင်ပင်
ခေါ်တွင် တင်စားရပေါ့အတည်။ ။

# ဦးမောင်မောင်တင်



# ဦးမောင်မောင်တင်

* မြန်မာသက္ကရာဇ် ၊ (၁၂၂၈)ခုနှစ်ပင်
ဝါခေါင်လဆန်းရက် ၊ (၁၀) ရက် တနင်္လာနေ့တွင်
အဖ 'မင်းရဲသီဟကျော်'ပင် ၊ မိခင် 'ယိုးဒယားဘုရင်အနွယ်တော်'တို့မှ
မန္တလေးမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်မောင်တင်' ခေါ်ကြသည်တည့်လေး။

* အသက်(၁၀)နှစ်က ၊ မန္တလေးတောင်ခြေမှ သစ်ဆိမ့်ကျောင်းတိုက်မှာ
ပညာရင်နို့ ၊ သောက်စို့နေပြီးကာ
အသက်(၁၅)နှစ်မှာ ၊ သဂြိုလ်, သဒ္ဒါ, ပရိတ်ကြီးသင်လျက်
သင်ရိုးအကုန်မှာနော် ၊ ကျောင်းထွက်ပြီးသော်
ခမည်းတော်နှင့် နန်းတော်တွင် ထမ်းရွက်သည်နှင့်လေး။

* အသက်(၁၉)နှစ် ၊ (၁၂၄၇) ခုနှစ်ပင်
သီပေါမင်းတရား ၊ ပါတော်မူသွားလျှင်
အင်္ဂလိပ်ကို ခုခံစဉ် ၊ မောင်မောင်တင်အား ချော့မော့လျက်
အင်္ဂလိပ်အရာရှိတို့မှာ ၊ ပင်လယ်ဘူးမြို့သွားကာ
မြို့အုပ်ရာထူး ထမ်းရွက်စေသည်နှင့်လေး။

* မြန်မာသက္ကရာဇ် ၊ (၁၂၆၈) ခုနှစ်ပါ
နယ်ပိုင်ရာထူးသို့ ၊ တိုးလို့ချီးမြှင့်ကာ
ကျောက်ဆည်ခရိုင်မှာ ၊ လုပ်ကိုင်စရာ သဘောကျလျက်
'အမှုထမ်းကောင်းဘွဲ့' လျှင်၊ 'ရွှေတံဆိပ်'ပင်
သူ့လျှင် ချီးမြှင့် ပေးဆက်သည်နှင့်လေး။

* 'ကျက်သရေဆောင် စလွယ်'အား ၊ မြစ်သားမြို့၌သာ
(၁၂၇၈) ခုနှစ်တွင်း ၊ ပေးအပ်နှင်းဆက်ကာ
(၁၂၇၉) ခုနှစ်မှာ ၊ 'စစ်ကဲကြီး' ရာထူးဆက်သ
ရေဦးမြို့မှသည် ၊ မုံရွာခရိုင်ဆီ
သူသည်ပြောင်းရွှေ့ အုပ်ချုပ်ရသည်တည့်လေး။

* (၁၂၈၃) ခုနှစ်ကျ ၊ လက်ရှိရာထူးမှ ပင်စင်နှင့်နေစဉ်
မြန်မာပြည်ဘုရင်ခံမြတ် ၊ 'မဟာဒါန်' ရာထူးခန့်အပ်ကာလျှင်
(၅)နှစ်တိုင်တိုင်ပင် ၊ တာဝင်(ဝန်)ထပ်မံပေးအပ်ခံရ
ထိုအတွင်း မန္တလေးတက္ကသိုလ်မှာ ၊ နောင်သားနောင်လာအကျိုးငှာ
ရာဇဝင်နည်းပြ ထမ်းရွက်ရသည်နှင့်လေး။

* မြန်မာ့စာပေအကျိုး ၊ စာအုပ်မျိုးစုံရေးချန်
'ဦးပုညအတ္ထုပ္ပတ္တိ' ၊ 'ကင်းဝန်မင်းကြီးအတ္ထုပ္ပတ္တိ' မကျန်
'နန်းတွင်းအဘိဓာန်' ၊ စသည့်လက်ရာမွန်များ
(၁၃၀၇) ခုနှစ်ပင် ၊ ယိုးဒယားသို့ အလည်သွားစဉ်
လမ်းတွင် ဝမ်းကိုက်ရောဂါဖြင့် ဆုံးပါးသည်နှင့်လေး။

* ချန်သွားရှာပေ ၊ လက်ရာတွေ
စာပေသမိုင်းမှာ အမှတ်ရ တော့သည်။
အမြန်သွားကာမသွေ ၊ မပျက်သာလေ
ရှာဖွေ မဆိုင်းသာ ဖတ်ကြပေါ့အတည်။ ။

## ဦးစိန်း (မြန်မာ့အလင်း)

* မြန်မာသက္ကရာဇ် ၊ (၁၂၃၂) ခုနှစ်ပင်
  နတ်တော်လပြည့်ကျော်ရက် ၊ (၇)ရက် ဗုဒ္ဓဟူးနေ့တွင်
  အဖ 'ဦးမောင်ကလေး' ပင် ၊ မိခင် 'ဒေါ်မမ'တို့မှ
  ပုသိမ်မြို့မှာ ၊ မွေးဖွားကာ
  ငယ်နာမည် 'မောင်စိန်း' ခေါ်ကြသည်တည့်လေး။

* အိန္ဒိယမက်ထရစ်စာမေးပွဲ ၊ စက္ကရီထေရီ စာမေးပွဲအပြင်
  အိုး(လ်ဒ်)အင်ထရင့်(စ်) စာမေးပွဲ ၊ ဆင့်ကဲသူအောင်မြင်
  ရွှေဘိုမြို့တွင် ၊ စက္ကရီထေရီ အလုပ်ဝင်လျက်ဖြင့်
  ပိဋကတ်ကျမ်းစာ ၊ မြန်မာစာ
  ပညာရှိများ နိဿရည်း လေ့ကျင့်သည်နှင့်လေး။

* စာပြောခြင်းနှင့်စာရေးခြင်း ၊ ထင်လင်းကျော်ကြားလာ
  မဟာဂီတ ၊ သုခုမပညာ
  အဆိုအတီးကျွမ်းကာ ၊ သဘင်ပညာသည်များအား
  အဆိုပညာ ၊ အတီးပညာ
  တာဝန်ယူကာ သင်ကြားသည်တည့်လေး။

* အသက်အရွယ်ကား ၊ (၅၀)နီးပါးရောက်စဉ်
ခေတ္တရပ်စဲ ခံထားရ ၊ 'မြန်မာ့အလင်း' သတင်းစာတိုက်တွင်
'တိုက်အုပ်'အဖြစ်လျှင် ၊ သူ့ပင်ချီးမြှင့်ကြ
အယ်ဒီတာ ဦးသင် ၊ သေဆုံးလျှင်
သူပင် အယ်ဒီတာ တာဝန်ပါ ယူရသည်နှင့်လေး။

* မြန်မာ့သက္ကရာဇ် ၊ (၁၂၈၃) ခုနှစ်ပါ
ဝေလမင်းသား ၊ မြန်မာပြည်အား တိုင်းခန်းလှည့်ရာ
မြန်မာ့အလင်း သတင်းစာမှာ ၊ သပိတ်မှောက်စာရေးသား
ဟုမှုလင်းခေတ္တပိတ်ခံရကာ ၊ 'မြန်မာ့အလင်း' တိုက်မှာ
တာဝန်ယူမှု လျော့ပါးသွားသည်နှင့်လေး။

* တာဝန်လျော့ပါး ၊ နေခဲ့သော်ငြားပင်
ဦးစိန်းနှင့်မြန်မာ့အလင်း ၊ မြန်မာ့အလင်းနှင့်ဦးစိန်းလျှင်
ခွဲခြားမရအစဉ် ၊ နောက်ကွယ်တွင်ကူညီနေရာမှ
ဒု-ကမ္ဘာစစ်အတွင်းမှာ ၊ သမိုင်း, ပဲခူး, သနပ်ပင်ဘက်တိမ်းကာ
ခမျှာ ဆင်းရဲစွာ နေရသည်တည့်လေး။

* ဆင်းရဲစွာနေရ ၊ မြန်မာ့ဂုဏ်တော့ မြှင့်တင်ကာ
ကောင်းစွာဝတ်စား ၊ မိသားစုပျော်ပျော်ပါးပါးနေခဲ့ရှာ
သက်ရွယ်ကြီးပြင်းလာ ၊ ဆီးရောဂါနှိပ်စက်
(၁၃၀၄) ခုနှစ်ပင် ၊ အသက်(၇၂)နှစ်တွင်
သူလျှင် ခန္ဓာ ပျက်ယွင်းသည်နှင့်လေး။

* ပျက်ယွင်းခန္ဓာ ၊ နှစ်ရှည်ကြာ
အမည်မှာ ထင်လင်းနေတော့သည်။
လက်ငင်းဆန်စွာ ၊ အနှစ်ဖွေရှာ
သည်အရာ အမြင်ရှင်း အဖြေပေါ့အတည်။ ။

# ဦးပွား

* မြန်မာသက္ကရာဇ် ၊ (၁၂၃၃) ခုနှစ်ပင်
ဝါခေါင်လဆန်းရက် ၊ (၆)ရက် စနေနေ့တွင်
အဖ 'ဦးကျ' ပင် ၊ မိခင် 'ဒေါ်စံငြိမ်း'တို့မှ
ရမည်းသင်းခရိုင် ရွာတန်းရွာမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ပွား' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ကာလ ၊ ဦးသာသနနှင့်ဆရာတော်များထံတွင်
ပညာရင်နို့ ၊ သောက်နို့နေပြီးလျှင်
အသက်(၁၇)နှစ်တွင် ၊ ကိုရင်ဘဝမှ လူဝတ်လဲလျက်
ပျဉ်းမနာ, တောင်ငူမြို့များမှာနေ ၊ အလုပ်လုပ်ကိုင်စဉ်လေ
ဒေါ်ရွှေအိမ်နှင့် တောင်ငူတွင် ရေစက်ဆုံသည်နှင့်လေး။

* ဦးပွားအသက်စစ် ၊ (၄၅)နှစ်အရွယ်ပင်
ဇနီးကွယ်လွန်သမို့ ၊ ရန်ကုန်သို့ပြောင်းလာပြီးလျှင်
အစိုးရစာတော်ပြန်အလုပ်တွင် ၊ စာမေးပွဲဝင်ဖြေလျက်
ပထမ နေရာ ၊ အောင်မြင်ရာ
ထိုမှာ (၄)နှစ် ဆောင်ရွက်သည်နှင့်လေး။

* မြန်မာသက္ကရာဇ် ၊ (၁၂၈၅)ခုနှစ်ပါ
'ရန်ကုန်ကောလိပ်' မှ ၊ နည်းပြခန့်ခြင်းခံရကာ
'ကောလိပ်'ကို 'တက္ကသိုလ်' အဆင့်တိုးရာ ၊ ဂုဏ်ထူးဆောင်ဆရာကြီးခန့်ထား
ကျေပွန်စွာဆောင်ရွက်ပြီးလျှင် ၊ (၁၂၉၇) ခုနှစ်တွင်
ပင်စင် အငြိမ်းစားခဲ့ သည်တည့်လေး။

* ဆရာပွားတစ်သက် ၊ နိုင်ငံ့အကျိုးထမ်းရွက်ခဲ့ရာတွင်
အင်္ဂလိပ်အစိုးရပေးခဲ့ ၊ 'တိုင်းကျိုးပြည်ဆောင်' ဘွဲ့အပြင်
တက္ကသိုလ်ပညာရေးလောကတွင် ၊ မညည်းမည်ျုပင်ဆောင်ရွက်ခဲ့သဖြင့်
ဂုဏ်ထူးဆောင် 'မဟာဝိဇ္ဇာ' ၊ ဘွဲ့ဖြင့်ထပ်လောင်းကာ
သူ့သာဂုဏ်ပြု ချီးမြှင့်သည်နှင့်လေး။

* စာပေအနေဖြင့် ၊ 'ကန်တော်မင်းကျောင်းမေတ္တာစာနှင့်အဖြေ'
'ဦးကုလားရာဇဝင်ကြီး' ၊ 'ကျည်းကန်ရှင်ကြီးမေတ္တာစာ'တွေ
'စိန္တကျော်သူရတု' မကပေ ၊ တည်းဖြတ်ကာလေထုတ်ဝေထား
(၁၃၁၂) ခုနှစ် စာဆိုတော်နေ့ပါ ၊ အသက်(၇၉)နှစ်မှာ
ခမျာ ကွယ်လွန်သွားရှာသည်နှင့်လေး။

* ခူးစားစရာ ၊ 'ကြာ' တွေနှယ်ပမာ
ရေမှာမော်ကြွား နေသို့အတည်။
ဦးပွားဆရာ ၊ စာပေနယ်မှာ
ရှည်ကြာ ကျော်ကြား လေတော့သည်။ ။

# ဦးဖိုးစိန်

* မြန်မာသက္ကရာဇ် ၊ (၁၂၃၄) ခုနှစ်ပင်
နှောင်းတန်ခူး လဆန်းရက် ၊ (၈)ရက် စနေနေ့တွင်
အဖ 'ဦးတန်ကျူ'ပင် ၊ မိခင် 'ဒေါ်စိန်ပွင့်' တို့မှ
ရန်ကုန်မြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဖိုးစိန်' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ကာလ ၊ မြန်အောင်ဝဲပုံကျောင်းဆရာတော် ဦးသူရိယထံမှာ
စာပေသင်ကြား ၊ (၂၃)နှစ်သား ရောက်သည့်အခါ
သရက်မြို့ အင်္ဂလိပ်ကျောင်းမှာ ၊ လက်ထောက်ဆရာဖြစ်လျက်
အသက်(၂၇)နှစ်ဝယ် ၊ လက်ပံတန်းမြို့၌ကွယ်
အလယ်တန်းဆရာအဖြစ် ဆောင်ရွက်သည်နှင့်လေး။

* သက္ကရာဇ်(၁၂၆၈) ၊ ပညာအုပ်အဖြစ်လျှင်
တောင်ငူမြို့၌ ၊ ထမ်းရွက်နေခိုက်ပင်
လက်အောက်ခံကျောင်းများတွင် ၊ 'ဩကာသ'မှ စသင်စေလျက်
ကောင်းစွာဖြေဆိုနိုင်သူတွေ ၊ မိမိလစာထဲမှလေ
ဆုငွေအဖြစ် ပေးဆက်သည်တည့်လေး။

* သက္ကရာဇ်(၁၂၇၄) ၊ အစိုးရအထူးတာဝန်ပေးလေရာ
သူငယ်တန်းမှ ၊ ဆဋ္ဌမတန်းအထိပါ
ပြဋ္ဌာန်းကျောင်းသုံးဖတ်စာ ၊ သူသာရေးသားပေးလျက်
မြင်းခြံစီရင်စုနယ်မှာ ၊ ရဟန်းတော်ကျောင်းများကိုပါ
စာစစ်ခံ(အစိုးရ)ကျောင်းအဖြစ် ဆောင်ရွက်သည်တည့်လေး။

* သက္ကရာဇ်(၁၂၈၆) ၊ 'အမှုထမ်းကောင်း'ဘွဲ့ချီးမြှောက်လာ
အသက်(၅၅)နှစ် ၊ ပညာဝန်ထောက်အဖြစ်မှ အငြိမ်းစားကာ
'မြန်မာသဒ္ဒါ' ၊ 'မြန်မာကဗျာ' ဖွဲ့နည်းကျမ်းများ
'ဂမ္ဘီသာရ' 'လောကသာရပျို့'တွေ ၊ 'ဦးပုညဝတ္ထု' 'မေတ္တာစာ'တွေ
စသည်လေ ခက်ဆစ်အဖြေ ရေးသားခဲ့သည်တည့်လေး။

* သက္ကရာဇ်ကား ၊ (၁၂၉၅) ခုနှစ်တွင်
'တိုး-စာပုံနှိပ်တိုက်' ၊ ရန်ကုန်အရှေ့ပိုင်း၌ ဖွင့်ကာပင်
ဇနီးအမည်ယူငင် ၊ 'ဒေါ်ကျော့' ကျောင်းသုံးစာအုပ်ဆိုင်ပင်ဖွင့်ခဲ့
'ဦးဖိုးစိန်-ဒေါ်ကျော့'ရန်ပုံငွေ ၊ ထူထောင်ကာလေ
စာပေ, သာသနာအကျိုး ဆောင်ခဲ့သည်တည့်လေး။

* 'ဝဇီရဗုဒ္ဓိ' ဘွဲ့ ၊ ချီးမြှင့်ခံခဲ့ရသူပါ
ဒုတိယကမ္ဘာစစ်အတွင်း ၊ အင်းမငယ်ရွာမှာ
စာပေကျမ်းဂန်ပို့ချကာ ၊ အေးချမ်းစွာ နေထိုင်ရင်း
(၁၃၀၆)ခုနှစ်ပင် ၊ အသက် (၇၂)နှစ်တွင်
သူလျှင် ခန္ဓာ ပျက်ယွင်းသည်နှင့်လေး။

* အင်္ဂလိပ်ခေတ်မှာ ၊ မြန်မာစကား, စာ
မှိန်ရာမှ လင်းစေလိုသူပေါ့အတည်။
အလင်းရိပ် လှစ်ဖြာ ၊ 'စန္ဒာ'အလားပမာ
ထိန်ကာပဝင်း နေသလို တူတော့သည်။ ။

# ဦးရွှေကြီး



# ဦးရွှေကြူး

* 'ဒေါင်းတံဆိပ်' အမည်တပ် ၊ 'မြန်မာဖတ်စာသစ်'ကို
တွေ့ဖူး, ဖတ်ဖူး ၊ လေ့ကျက်ဖူး သူတိုင်းလို
သူတို့ကျေးဇူးကို ၊ သိကိုသိကြမည်တကား
သူတို့ဆိုသည်မှာ ၊ 'ဦးရွှေကြူး'နှင့် 'ဆရာလင်း'ပါ
မြန်မာပညာရှိများ ဖြစ်သည်တည့်လေး။

* ဦးရွှေကြူးကား ၊ စာအရေးအသား ဝါသနာထုံသူပါ
အင်္ဂလိပ်စာတတ် ၊ ခေတ်ပညာတတ်သည့်အပြင်မှာ
ပစ္စည်းဥစ္စာ ၊ ချမ်းသာကြွယ်ဝသူလည်းဖြစ်
'မြန်မာဖတ်စာသစ်' ထုတ်ရန်မူ ၊ ဆရာလင်း အကူအညီယူ
စိတ်တူကိုယ်တူ ထုတ်ဖြစ်သည်နှင့်လေး။

* အင်္ဂလိပ်သက္ကရာဇ် ၊ (၁၉၁၂) ခုနှစ် ဇွန်လတွင်
'မြန်မာ့အလင်း' ၊ မဂ္ဂဇင်းထုတ်ဝေစဉ်
ဦးမောင်ကြီး(လယ်တီ) ကူညီလို့ပင် ၊ အောင်မြင်ကျော်ကြားနေခိုက်
မဂ္ဂဇင်းအပြင်မှာ ၊ 'စစ်ကြေးနန်းသတင်းလွှာ'
ထပ်ကာ ထုတ်ဝေ လိုက်သည်နှင့်လေး။

* သို့ထုတ်ဝေလိုက် ၊ အောင်မြင်နေခိုက်တစ်ခါ
(၁၉၁၅) ခုနှစ်ကျ ၊ 'စစ်သတင်း'မှ 'မြန်မာ့အလင်းသတင်းစာ'
အမည်ပြောင်းကာ ၊ ထုတ်ဝေရာ အောင်မြင်လေက
သတင်းစာတာဝန်မှာ ၊ ကြီးလေရာ
တစ်ခါ 'မဂ္ဂဇင်း'ကို ရပ်စဲရသည်တည့်လေး။

* မြန်မာ့အလင်း ၊ သတင်းစာ ကျေးဇူးပင်
မြန်ပြည်သူ/သား ၊ နားမျက်စိ ပွင့်တာမြင်
အင်္ဂလိပ်အစိုးရငြိုငြင် ၊ မနှစ်သက်သည့် သတင်းပါလာစဉ် တားမြစ်
ဦးရွှေကြူးကိုပင် ၊ စက်ဘ်ပူသို့လျှင်
ပြည်နှင်ဒဏ် ပို့ပစ်သည်နှင့်လေး။

* အင်္ဂလိပ်သက္ကရာဇ် ၊ (၁၉၂၁)ခုနှစ်မှသာ
မြန်မာပြည်တွင်း ၊ ချင်းနင်းဝင်ရောက်ခွင့်ပြုရာ
'လစ်ဘာတီ' သတင်းစာ ၊ ထုတ်ဝေရာအကြောင်းမလှ
ရန်ကုန်မြူနီစပယ်အဖွဲ့တွင် ၊ အတွင်းရေးမှူးအဖြစ်လျှင်
ဝင်ရောက်လုပ်ကိုင် ရသည်တည့်လေး။

* 'မြန်မာ့အလင်း မဂ္ဂဇင်း' ၊ 'မြန်မာ့အလင်းသတင်းစာ'
'မြန်မာဖတ်စာ သစ်' ၊ ထုတ်ဝေဖြစ်ရုံမကပါ
'ဦးရွှေကြူးအသံထွက်' အင်္ဂလိပ်-မြန်မာ ၊ 'အဘိဓာန်'ပါ ထုတ်ဝေသွား
(၁၉၂၈) တွံတေးမြို့မှာ ၊ ခလုတ်တိုက်မိဒဏ်ရာ
အနာဝင်ကာ ဆုံးပါးသည်နှင့်လေး။

* မြန်ပြည်သား/သူ ၊ အကျိုးအတွက်မူ
သူလေများစွာ ရွက်ဆောင်သွားပေ့ါအတည်။
ကြံစည်အားယူ ၊ အမျိုးဖျက်သူ
မူတွေထားကာ ပျက်အောင်တားတော့သည်။ ။

# အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်း

* ဆရာကြီးကား ၊ ကျောင်းသားဘဝ၌ပင်
မန္တလေးသာသနာပိုင်မိုးထား ၊ ဆရာတော်ဘုရားထံတွင်
ပါဠိသင်ရိုးကုန်အောင်သင် ၊ (၁၀)နှစ်သားတွင် ကစ္စည်းသဒ္ဒါကြီးသင်လျက်
(၁၂)နှစ်သား ကိုရင်ဘဝမှာ ၊ ဦးပဥ္စင်းများကိုပါ
စာချစာသင် ဆောင်ရွက်ရသည်နှင့်လေး။

* အသက်(၁၅)နှစ်ကျ ၊ 'ဘေဒစိန္တာ'သဒ္ဒါငယ်ကျမ်းကိုသာ
ကိုရင်(၃-၄၀၀) အတွက် ၊ စာတက်ပေးရပြန်တာ
မန္တလေးတစ်မြို့လုံးမှာ ၊ 'ဘေဒစိန္တာ ကိုရင်လေး'
တစ်ခဏချင်းပင် ၊ လူတိုင်းပါးစပ်ဖျားတွင်
ခေါ်တွင် သတင်းမွှေးသည်နှင့်လေး။

* မန္တလေးပရိယတ္တိ ၊ သာသနာ့ဟိတ အသင်းကြီးတွင်
အကိုးကွယ်ခံစာချ ၊ ရွေးချယ်တင်မြှောက်ခံရလျှင်
သံဃာတော် (၆၀)ကျော်ကိုပင် ၊ နေ့စဉ်စာချပေးရင်း
စာမေးပွဲအတွက်ပါ ၊ မေးခွန်းလွှာ
တာဝန်ယူကာ ရေးသွင်းရသည်တည့်လေး။

* ရဟန်း(၈)ဝါအတွင်း ၊ ရန်ကုန်သို့ဆင်းလာပြီးလျှင်
လူဝတ်လဲပြီးခိုက် ၊ ဟံသာဝတီ ပုံနှိပ်တိုက်တွင်
ဝိနည်း, အဋ္ဌကထာ ကြီးကြပ်ပြင်ဆင် ၊ သုတ်သင်ပုံနှိပ်လျက်
ကဝိမျက်မှန် ပုံနှိပ်တိုက်မှာ ၊ ပိဋကတ်တော်များပုံနှိပ်ရာ
သူသာကြီးကြပ် ဆောင်ရွက်သည်နှင့်လေး။

* ပါဠိဘာသာဘက် ၊ မြန်မာစာဘက်တွင်ပါ
အထူးတတ်ကျွမ်း ၊ စွမ်းဆောင်ခဲ့သူသာ
ဦးရွှေကြူးနှင့်ပူးတွဲကာ ၊ 'ဒေါင်းတံဆိပ်ဖတ်စာ' ထုတ်လျက်
ပါမောက္ခ ဦးဖေမောင်တင် ၊ 'မြန်မာစာပေသမိုင်း' ထုတ်ဝေစဉ်
သူပင် ကူညီဆောင်ရွက်သည်နှင့်လေး။

* အင်္ဂလိပ်သက္ကရာဇ် ၊ (၁၉၂၅) ခုနှစ်မှာ
အင်္ဂလိပ်အစိုးရ ၊ 'အဂ္ဂမဟာ ပဏ္ဍိတ' ဘွဲ့ပေးကာ
ရန်ကုန်တက္ကသိုလ်ကပါ ၊ (၁၉၅၁)မှာ 'မဟာဝိဇ္ဇာ'ဘွဲ့နှင့်
(၁၉၅၃)မှာ 'စာပေပါရဂူ' ၊ (ဒီ-လစ်)ခေါ် ဘွဲ့တစ်ဆူ
ဂုဏ်ယူစွာ ချီးမြှင့်သည်တည့်လေး။

* သို့ဖြင့် (၁၉၅၁) ခုနှစ်ကျ ၊ ပိဋကတ်ဘာသာပြန်ဌာနတွင်
အယ်ဒီတာချုပ် ၊ ပြုလုပ်ဦးစီးပြီးလျှင်
ဆဋ္ဌမ သင်္ဂါယနာတင် ၊ ပွဲကြီးအတွက်ပင် ကြိုးပမ်း
(၁၉၅၄) ခုနှစ်ပါ ၊ အသက် (၈၀)မှာ
ကမာရွတ်၌ သေရွာမြန်းသည်နှင့်လေး။

* ကြိုးပမ်းခဲ့ရှာ ၊ စာပေအတွက်သာ
သေရွာမြန်းတိုင်လေ မလျှော့ပြီ။
မညှိုးပန်းကဲ့ပမာ ၊ ကြာလေအခက်ဖြာ
လေမှာ လျှမ်းကြိုင် နေပေါ့အတည်။ ။

# ဗိုလ်ကလေး ဦးသက်ရှေ

* မြန်မာသက္ကရာဇ် ၊ (၁၂၇၇) ခုနှစ်ပင်
တန်ခူးလဆန်းရက် ၊ (၁၂)ရက် ဗုဒ္ဓဟူးနေ့တွင်
အဖ ကုန်သည်ကြီး 'ဦးဖဲ' ပင် ၊ မိခင် 'ဒေါ်မုန်း'တို့မှ
ပုခန်းကြီးမြို့ သာယာကုန်းရွာမှာ ၊ မွေးဖွားကာ
ငယ်ခါကပင် မန္တလေး၌ နေရသည်နှင့်လေး။

* ကဗျာ, ဂီတ ၊ ငယ်စဉ်ကပင် ဝါသနာပါ
(၁၀)နှစ်သားမှာ ပုဇွန်တောင်ပြောင်း ၊ အင်္ဂလိပ်ကျောင်းတက်ရာ
(၁၅)နှစ်သားမှာ ၊ အင်္ဂလိပ်စာ(၆)တန်းအောင်လျက်
ပုဇွန်တောင်ဆားလင်းကျောင်းတိုက်တွင် ၊ သာမဏေပြုပြီးလျှင်
မင်္ဂလသုတ် , သဒ္ဒါ , သင်္ဂြိုလ် တက်သည်နှင့်လေး။

* အသက်(၁၇)နှစ်ကျ ၊ မြန်မာ့သံတော်ဆင့် သတင်းစာတိုက်မှာ
စာပေရေးသားလျက် ၊ လက်ထောက်စာပြင်ဆရာ
'ခေတ်ပေါ်သီချင်း'မျိုးစုံစွာ ၊ 'မဟောသဓာအိုးလုပ်ငန်း ပြဇာတ်'
'အပျိုလူပျိုပေးမေတ္တာစာ'၊ 'ကျောက်ကုန်သည်မောင်မေတ္တာပြဇာတ်'ပါ
များစွာ ရေးသားစပ်ဆို သည်တည့်လေး။

* မြေပုံကူးအတတ် ၊ လေ့လာတတ်မြောက်ကာ
မြေပုံကူးစာမေးပွဲ ၊ မန္တလေး၌ ဝင်နွဲရာ
အောင်မြင်ပြီးကာ ၊ တောင်တိုင်းစာရေးဖြစ်က
ပခုက္ကူခရိုင် ပုခန်းကြီးနယ် ၊ ယောနယ်, ဆောနယ်
လှည့်လယ်(လည်) တိုင်းတာရသည်နှင့်လေး။

* လွှထောင်သူအဖြစ် (၁၂၆၇)ခုနှစ်တွင်
ကျိုက်ပိမြို့၌ ၊ လုပ်ကိုင်နေခိုက်ပင်
ဘိုကလေးမြို့လယ်မြေပိုင်ရှင် ၊ သမီးကြင်ရာနှင့် အိမ်ထောင်ကျ
ရန်ကုန် 'ဘလုပ်' သူဌေးနှင့်သာ ၊ ဆက်သွယ်မိကာ
တစ်ခါ စပါး အလုပ်လုပ်ကြသည်နှင့်လေး။

* မြန်မာ့သက္ကရာဇ် ၊ (၁၂၈၈) ခုနှစ်ပင်
ရန်ကုန်မြို့သို့ ၊ ပြောင်းလို့လာပြီးလျှင်
'လန်ဒန်အတ်မဂ္ဂဇင်း'တွင် ၊ အယ်ဒီတာချုပ်ဝင်လုပ်ခဲ့
'လန်ဒန်အတ်ရုပ်ရှင်ကုမ္ပဏီ'မှာ ၊ ဒါရိုက်တာမှူးလုပ်ကာ
'ဝါတော်စဉ်' ရုပ်ရှင် ရိုက်ကူးခဲ့သည်တည့်လေး။

* ရေးဖွဲ့ပြုစုသွား ၊ စာပေကား များလှပေတာ
'နတ်ပြည်တက်လမ်း' ၊ 'သတ်ပုံသတ်ညွှန်းကျမ်း' လည်းပါ
'လူမှုရေးရာ ၊ မင်္ဂလာမှတ်စုကျမ်း' မကျန်ရ
(၁၃၁၆)ခုနှစ်ပင် ၊ ရန်ကုန် မဟာဗန္ဓုလလမ်းအိမ်တွင်
သူလျှင် ကွယ်လွန် အနိစ္စရောက်သည်နှင့်လေး။

* သုတစုံစွာ ၊ ရှာဖွေလာ
စာပေပွင့်ပန်း လန်းနေပေါ့အတည်။
သူ့အလှဂုဏ်ဖြာ ၊ စာမြေမှာ
ကြာရှည်တင့်ဆန်း လျှမ်းဝေတော့သည်။ ။

# ဦးပြုံးချို

* 'မဟာဂီတပေါင်းချုပ်ကြီး'ရေးသွား ၊ သားကြီးဩရသကိုလျှင်
မြန်မာသက္ကရာဇ် ၊ (၁၂၄၀) ပြည့်နှစ်တွင်
အဖ 'ဆရာစီ' ပင် ၊ မိခင် 'ဒေါ်ထွေး'တို့မှ
ကျိုက်လတ်မြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ပြုံးချို' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ကအစ ၊ ဂီတဘက်တွင် ပါရမီ ထင်ပေါ်
(၁၁)နှစ်အရွယ်လေး ၊ 'စာရေးဆရာ' အဖြစ် ကျော်
(၁၆)နှစ်ရောက်သော် ၊ စောင်းပညာနော် တစ်ဘက်ကမ်း
ကျိုက်လတ် , ဖျာပုံနယ်တွင် ၊ ရောက်လာသမျှ စာပေ, ဂီတပညာရှင်
သူ့လျှင် အံ့ဩ ချီးမွမ်းသည်နှင့်လေး။

* အသက်မွေးဝမ်းအတွက် ၊ လက်မှုပညာလျှင်
မနေမနား ၊ ကြိုးစားရှာဖွေသင်
ပန်းချီ, ပန်းပု , ပန်းပဲပင် ၊ သူလျှင် တတ်ကျွမ်းလျက်
အင်ဂျင်နီယာ ၊ ဗိသုကာ ပညာပါ
တတ်ကာလုပ်ကိုင် ဆောင်ရွက်နိုင်သည်တည့်လေး။

* ပညာအတွက် ၊ မရှက်မကြောက်သာ
ငါးသလောက်ပိုက်ထိုး ၊ ခေါ်တောကုလားမျိုးထံမှာ
ပိုက်ထိုးပညာရှာ ၊ ငွေဒင်္ဂါး အတုပါ လုပ်တတ်
မီးပန်း ၊ မီးကျည် ၊ ပြောက်အိုး ၊ ပေထုပ်စုံညီ
သူသည်လုပ်ကိုင် တတ်သည်နှင့်လေး။

* ဇတ်အဖွဲ့အုပ်ချုပ် ၊ ဇာတ်ဆရာလုပ်ဖူးကာ
'ပညာ့အလင်း' ၊ သတင်းစာ အယ်ဒီတာ
'မြန်မာ့အလင်း' သတင်းစာ ၊ အယ်ဒီတာပါ လုပ်ဖူး
ကျိုက်ထီးရိုးမှ အပြန်တွင် ၊ 'ကျိုက်ထီးရိုးနတ်လမ်းညွှန်' စာအုပ်ပင်
သူလျှင် ထုတ်ဝေ ဖူးသည်နှင့်လေး။

* ထူးခြားသည်က ၊ 'မဟာဂီတ ပေါင်းချုပ်ကြီး'ပင်
(၅၁)လမ်းတွင် ဖွင့်လှစ်ထား ၊ အမျိုးသားပုံနှိပ်တိုက်တွင်
အုပ်ရေ (၃၀၀၀) စက်တင် ၊ အောင်မြင်စွာထုတ်ဝေလျက်
သူရိယသတင်းစာတိုက်မှာ ၊ 'သခင်ကိုယ်တော်မှိုင်း' နှုတ်ထွက်ရာ
သူသာဝင်ရောက် ဆောင်ရွက်သည်နှင့်လေး။

* သို့ဆောင်ရွက်ပြီး ၊ 'ကစားနည်းအမျိုးမျိုးကျမ်း'အပြင်
'နေဇော်လိမ်နည်း' ၊ ရေးသားထုတ်ဝေပြီးလျှင်
'မဟာဂီတတ္တဒီပနီကျမ်း' ပင် ၊ စီရင်ရေးသားနေတုန်း
အသက်(၅၀)ခန့်ပါ ၊ ဗိုလ်တထောင်(၆၁)လမ်းအိမ်မှာ
ခမျာ ကွယ်လွန် သေဆုံးသည်နှင့်လေး။

* ဦးပြုံးချိုသညာ ၊ စာသမိုင်းမှာ
ရှည်ကြာစွာ ထင်လင်းလေပေါ့အတည်။
အထူးအသုံးအပိုမပါ ၊ ပမာနှိုင်းစရာ
ဖေရှာရာ အမြင်ကင်း နေတော့သည်။ ။

# လယ်တီပဏ္ဍိတ ဦးမောင်ကြီး

* မြန်မာသက္ကရာဇ် ၊ (၁၂၄၀) ခုနှစ်ပင်
တပို့တွဲလဆန်းရက် ၊ (၉) ရက် သောကြာနေ့တွင်
အဖ 'ဦးရောက်ကလေး' ပင် ၊ မိခင် 'ဒေါ်ထိပ်ကြီး'တို့မှ
ချောင်းဦးမြို့ ညောင်ဖြူပင်ရွာမှာ ၊ အသက်ကြီးမှ မွေးဖွားကြကာ
ငယ်နာမည် 'မောင်သန့်စင်'ခေါ် ကြသည်တည့်လေး။

* အသက်(၇)နှစ်မျှရောက်တုန်း ၊ မရမ်းပင်ကျောင်း ဘုန်းတော်ကြီးထံမှာ
စာပေအပ်နှံသင်ကြား ၊ (၉)နှစ်သားအရွယ်မှာ
ရှင်သာမဏေပြုရာ ၊ ရှင်မည်မှာ 'ရှင်ပဏ္ဍိစ္စ'
မိခင်နှင့်ဖခင် ၊ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်လျှင်
မောင်သန့်စင် တစ်ယောက်တည်း ကျန်ရသည်နှင့်လေး။

* သာမဏေဘဝ (၄)ကြိမ်မြောက် ၊ လယ်တီဆရာတော်ထံအရောက်တွင်
'ရှင်ပဏ္ဍိစ္စ' အား ၊ 'ရှင်ပဏ္ဍိတ'အမည်ထားပြင်ဆင်
ပိဋကတ် ကျမ်းဂန်သင် ၊ ဉာဏ်ပညာထက်မြက်လှ
လယ်တီတိုက်မှာ ၊ စာချပုဂ္ဂိုလ် အရာ
ပေးကာ မြှောက်စားခံရသည်တည့်လေး။

* ရဟန်း(၃)ဝါအရ ၊ မန္တလေးဝိသုဒ္ဓါရာမ ဆရာတော်ထံမှာ
သက္ကတ ဘာသာဆည်းပူး ၊ ချီးကျူးခံရပြန်ကာ
'လယ်တီ ပဏ္ဍိတ' အမည်ပါ ၊ တွင်လာ တောက်လျှမ်း
ရဟန်း(၅)ဝါအရတွင် ၊ ပရမတ္ထသံခိပ်ဋီကာ, ပါဠိအဘိဓာန်ကျမ်းများပင်
စတင်ရေးသား လက်စွမ်းပြသည်နှင့်လေး။

* ရဟန်း(၉)ဝါအရ ၊ ရဟန်းမှ လူထွက်လာ
ပျဉ်းမနားတွင် အိမ်ထောင်ကျ ၊ (၃)နှစ်မျှနေပြီးကာ
မြန်မာ့အလင်းမဂ္ဂဇင်းမှာ ၊ အယ်ဒီတာအလုပ်ရ
မြန်မာမဂ္ဂဇင်းလောကတွင် ၊ 'ပထမဦးဆုံး' အယ်ဒီတာပင်
ခေါ်တွင် တင်စားကြသည်နှင့်လေး။

* 'မြန်မာ့အလင်း'တိုက်မှ ၊ 'ပညာ့အလင်း'တိုက်သို့ ပြောင်းကာပင်
'ခင်မြင့်ကြီး' 'တင်တင်မြ' ၊ အစရှိ ဝတ္ထုများစွာအပြင်
'နတ်ရှင်နောင်ရာဇဝင်' ဝတ္ထုပင် ၊ တီထွင်ကာရေးသား
ဒဂုန်မဂ္ဂဇင်း အယ်ဒီတာ ၊ အဖြစ်နှင့်ပါ
စာပေများစွာ ရေးသားသည်တည့်လေး။

* ရှစ်လုံးဘွဲ့ကဗျာအား ၊ စတင်ရေးသားခဲ့သူပါ
ကျမ်းပေါင်း (၄၀၀) နီးပါး ၊ ရေးသားခဲ့လေရာ
အင်္ဂလိပ်အစိုးရမှာ ၊ 'မဟာဝိဇ္ဇာ'ဘွဲ့ ချီးမြှင့်ထား
အသက်(၆၁)နှစ်ပင် ၊ မုံရွာမြို့တွင်
သူလျှင် ကွယ်လွန်ဆုံးပါးသည်နှင့်လေး။

* ထင်ရှားဖြာလွင် ၊ စာပေရှင်
ဂုဏ်အင်ကြီးမြတ် လှတော့သည်။
တင်စားစရာအမြင် ၊ ရှာဖွေလျှင်
ဘုံတစ်ခွင် အပြီးသတ် မရပေါ့အတည်။ ။

# ဆရာကြီးပီမိုးနင်း



# ပီမိုးနှင်း

* မြန်မာသက္ကရာဇ် ၊ (၁၂၄၅) ခုနှစ်ပင်
တန်ဆောင်မုန်းလဆန်းရက် ၊ (၆)ရက် တနင်္လာနေ့တွင်
မိုးနှင်းများကျနေစဉ် ၊ နံနက်(၉) နာရီခန့်တွင် မွေးဖွား
မွေးဖွားရာအရပ်မှာ ၊ သုံးဆယ်မြို့ 'ရွာမ'ရပ်ပါ
ငယ်နာမည် 'မိုးနှင်း' မှည့်ထားသည်တည့်လေး။

* အမိအဖများ ၊ ဆင်းရဲနွမ်းပါးရာ
အိမ်ဗာဟီရ ၊ ကူညီလုပ်ကိုင်ပေးရကာ
အာ-စီ-အင်(မ်) ခရစ်ယာန်ကျောင်းမှာ ၊ အင်္ဂလိပ်-မြန်မာ(၄)တန်း
အောင်သွား
မော်လမြိုင်မြို့ 'ဆင်မာနာရီ'မည်တွင် ၊ ဘုန်းကြီးအတတ်သင်ကျောင်းတွင်
လာတင်ဘာသာ ဆက်လက်သင်ကြားသည်နှင့်လေး။

* (၃)နှစ်သင်ကြားပြီး ၊ ပလောပီနံမြို့ရှိ သိပ္ပံကျောင်းကြီးသို့ပင်
ပို့လွှတ်ခံရ ၊ ဗရင်ဂျီဘုန်းကြီးလုပ်ရန်စိတ်မပါလှသည်တွင်
ပြန်လာပြီးလျှင် ၊ အာ-စီ-အင်(မ်)ကျောင်းတွင် ဆရာအဖြစ်
ခေတ္တလုပ်ကာ ၊ ကြို့ပင်ကောက်ကျောင်းမှာ
ဆရာခေတ္တ လုပ်ဖြစ်သည်တည့်လေး။

* ထိုသို့လုပ်ဖြစ်ပြီး ၊ ပြည်မြို့ဆေးရုံကြီးတွင်
စာရေးကြီးအဖြစ် ၊ ခေတ္တလုပ်နေစဉ်
ပြည်မြို့သို့ လယ်တီဆရာတော်ကြွလာမြင်၊ဆရာတော်ထံတွင် ပဋ္ဌာန်းဝတ်
ရန်ကုန်သို့ကြွလာ ၊ ကျောင်းတိုက်များသို့ လှည့်လည်နေပြီးကာ
သိက္ခာချ သက်န်းချွတ်သည်နှင့်လေး။

* ပဋ္ဌာန်းဝတ်နေစဉ်မှ ၊ စာပေဘာဝအစပြုကာ
'လောဂျစ်(ခေါ်)တက်ကျမ်း' ၊ လက်စွမ်းပြခဲ့သူပါ
အသက်(၃၀)ခန့်မှာ ၊ 'မြန်မာမိတ်ဆွေ' မဂ္ဂဇင်းထုတ်ဝေခဲ့
'ပညာ့အလင်း'မဂ္ဂဇင်းတွင် ၊ ဝတ္ထု, ဆောင်းပါးရေးရာမှပင်
ပါဝင်တည်းဖြတ်သူ ဖြစ်ခဲ့သည်နှင့်လေး။

* ဆရာကြီးရေးသားခဲ့ ၊ မဂ္ဂဇင်းနဲ့(နှင့်) ဂျာနယ်တွေစုံလင်
ဒဂုန်, လန်ဒန်အတ်, ကဝိမျက်မှန်မဂ္ဂဇင်း၊သူရိယမဂ္ဂဇင်းအပြင်
ဗန္ဓုလ, ဒီးဒုတ်ဂျာနယ်တွင် ၊ ပါဝင်ရေးသားလျက်
ဇာတ်ညွှန်းများစွာ ၊ ရေးသားကာ
ဒါရိုက်တာအဖြစ်ပါ ဆောင်ရွက်သည်တည့်လေး။

* သို့ဆောင်ရွက်ခိုက် ၊ လူမိုက်တစ်ဦးဓားချက်မှာ
သားမောင်ကျော်စိုး ၊ ထိုးမိသေဆုံးသွားလေရာ
စိတ်အပျက်ကြီးပျက်ကာ ၊ စာပေအလုပ်သာ ဖိလုပ်ရင်း
အသက်(၅၆)နှစ်တွင် ၊ စက်ဘီးတိုက်မိဒဏ်ရာနှင့်ပင်
သူလျှင် သေရွာချဉ်းသည်နှင့်လေး။

* ပီမိုးနင်းဆရာ ၊ သမိုင်းတွင်စရာ
စာတွေအများ စာရင်းဝင်ပေါ့အတည်။
အညီအချိုးချင်းမကွာ ၊ နှိုင်းယှဉ်ရာ
ပမာ 'နေ' အလား လင်းထင်တော့သည်။ ။

# ဦးဖိုးကျား



# ဦးဖိုးကျား

* မြန်မာသက္ကရာဇ် ၊ (၁၂၅၂) ခုနှစ်ပင်
တန်ခူး လဆန်းရက် ၊ (၄)ရက်အရောက်တွင်
အဖ 'ဦးဖေ'ပင် ၊ မိခင် 'ဒေါ်ဒေါင်း'တို့မှ
ဟင်္သာတခရိုင် နိဗ္ဗာန်ရွာမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဖိုးကျား' ခေါ်ကြသည်တည့်လေး။

* ငယ်ရွယ်စဉ်က ၊ ဗုဒ္ဓစာပေကျမ်းဂန်များသာ
အသုတ်ဆရာတော် ဦးစံလော ၊ သင်သောကျောင်းတိုက်မှာ
သင်အံလေ့လာပြီးကာ ၊ ပုသိမ်မြို့မှာ အင်္ဂလိပ်ကျောင်းနေလျက်
(၁၀)တန်းအောင်လျှင် ၊ ရန်ကုန် ဂျပ်ဆင်ကောလိပ်တွင်
(ဘီ-အေ)ပညာ ဘွဲ့လက်မှတ်ရသည်နှင့်လေး။

* အင်္ဂလိပ်သက္ကရာဇ် ၊ (၁၉၂၀) ပြည့်နှစ်တွင်
ကျောင်းသားသပိတ်ကြီး ၊ ဖြစ်ပေါ်လာပြီးလျှင်
မျိုးချစ်စိတ်ဓာတ်ရှင် ၊ ဦးဖိုးကျားလျှင် ပညာဝန်အဖြစ်
အစိုးရရာထူးမယူပါ ၊ ဆောင်ရွက်ကာ
ကျမ်းစာအမျိုးမျိုး ပြုစုဖြစ်သည်နှင့်လေး။

* ပုံနှိပ်တိုက်အဖြစ်ကား ၊ 'ကားလ်ဘတ်လမ်း'ထဲမှာ
'မြန်မာ့ဂုဏ်ရည်' အမည်ထား ၊ စာပေများ ရိုက်နှိပ်ထုတ်ဝေလာ
ယခုအခါ ၊ ဂုဏ်ပြုကာ အစိုးရမှ
'ကားလ်ဘတ်လမ်း'အမည် ၊ 'မြန်မာ့ဂုဏ်ရည်လမ်း'အမည်
အတည်ပြု ပြောင်းလဲခဲ့ကြသည်တည့်လေး။

* ဒုတိယကမ္ဘာစစ်အတွင်း ၊ စစ်ဘေးဒဏ်ရှောင်ရင်းပင်
(၁၉၄၂) ခုနှစ်က ၊ ဧပြီလ (၁၀)ရက်နေ့တွင်
မြို့ထန်းတပင် ၊ နေအိမ်တွင် ကွယ်လွန်သွား
ဇနီး ဒေါ်အေးကြည် ၊ သား မောင်ဇော်ဝင်းကျားသည်
ငိုမြည် သောက ပွားရသည်နှင့်လေး။

* ဆရာကြီးဦးဖိုးကျား ၊ ရေးသားစာပေများမှာ
'ဦးထွန်းရှိန် အတ္ထုပ္ပတ္တိ' ၊ 'ဦးပုည အတ္ထုပ္ပတ္တိ'လည်းပါ
'မြောက်ပိုင်းဗုဒ္ဓဘာသာ' ၊ ငါးရာငါးဆယ်ကောက်နှုတ်ချက်များ'
'ပုသိမ်ရာဇဝင်' ၊ 'အလယ်တန်း မြန်မာရာဇဝင်'
ပါဝင်ကျမ်းအများ ရေးသားခဲ့သည်တည့်လေး။

* ဦးဖိုးကျား(ပညာဝန်) ၊ စာပေတာဝန်
ကျေပွန်စွာ ထမ်းဆောင်ရွက်တော့သည်။
အထူးကြိုးစားပညာချွန် ၊ ကြာရှည်စွာအလွန်
နေအလျှံပမာ လျှမ်းပြောင်လျက်ပေါ့အတည်။ ။

ဦးဘချို (ဒီးဒုတ်)



# ဦးဘချို (ဒီးဒုတ်)

* နှောင်းခေတ်စာဆိုသမိုင်း ၊ မဆိုင်းလေ့လာလျှင်
စာပေလောက ၊ သဘင်သည်လောကတွင်
ကျော်ကြားလင်းထင် ၊ ပေါ်လွင်မြင့်မြတ်လှ
လွတ်လပ်ရေးကြိုးပမ်းမှုမှာ ၊ ခေါင်းဆောင်တစ်ဦးအရာ
သူသာမားမား ရှေ့မှပါခဲ့သည်တည့်လေး။

* မြန်မာ့သက္ကရာဇ် ၊ (၁၂၅၅) ခုနှစ်ပင်
ကဆုန်လဆန်းရက် ၊ (၁၀)ရက် တနင်္လာနေ့တွင်
အဖ သမားတော် 'ဦးဖိုးစာ' ပင် ၊ မိခင် 'ဒေါ်မြစ်'တို့မှ
မြောင်းမြမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဘချို' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ကာလ ၊ မြောင်းမြမြို့၌ ပညာသင်ကာ
အတန်ငယ်ကြီးပြင်း ၊ ရန်ကုန်မြို့တွင်း စိန်ပေါလ်ကျောင်းမှာ
ဆက်လက်သင်ကြားကာ ၊ တက္ကသိုလ်မှာ ဘီ-အေ တန်းတက်
မျက်စိရောဂါ ၊ စွဲကပ်ရာ
ပညာရပ်စဲ ကျောင်းထွက်သည်နှင့်လေး။

* မြန်မာသက္ကရာဇ် ၊ (၁၂၈၂)ခုနှစ်ပင်
အမျိုးသားတက္ကသိုလ်ထူထောင်ကြလျက် ၊ ပါဝင်ဆောင်ရွက်စဉ်
ပေါင်းတည်နှင့်ဟသာ်ာတတွင် ၊ ကျောင်းဆရာအဖြစ်လျှင် တာဝန်ယူခဲ့
မဂ္ဂဇင်း, ဂျာနယ်များမှာ ၊ စာပေများရေးသားကာ
ဒီးဒုတ်ဂျာနယ် ထုတ်ဝေခဲ့သည်နှင့်လေး။

* အားပေးဆောင်ရွက်ခဲ့ ၊ ဖြစ်ပေါ်ရေးအဖွဲ့အစည်းမှာ
(၁၂၉၈) ခုနှစ်တွင်း ၊ 'မြန်မာနိုင်ငံသတင်းစာဆရာအသင်းကြီး'ပါ
(၁၃၀၂) ခုနှစ်မှာ ၊ 'မြန်မာနိုင်ငံစာရေးဆရာအသင်း'
ဥက္ကဋ္ဌအဖြစ်ပါ ၊ သူ့ကိုသာ
ရွေးကာတင်မြှောက်ခြင်း ခံရသည်တည့်လေး။

* အမျိုးသားစိတ်ရင်း ၊ ထန်ပြင်းလှသူပင်
ဒုတိယကမ္ဘာစစ်အပြီး ၊ 'ဖဆပလအဖွဲ့ချုပ်ကြီး'တွင်
ပြန်ကြားရေးဝန်ကြီး အဖြစ်ပင် ၊ သူလျှင်ထမ်းဆောင်နေတုန်း
(၁၃၀၉) ခုနှစ်ပါ ၊ ဝါခေါင်လဆန်း(၂)ရက်နေ့မှာ
ခမျာ လုပ်ကြံခံ သေဆုံးရသည်နှင့်လေး။

* ကလောင်ကိုင်ချယ်မှုန်း ၊ သီကုံးစာပေများမှာ
'ကပ္ပာလက်ာရ ဝန္ဒနာကျမ်း' ၊ 'ဂီတဝိသောဓနီကျမ်း'လည်းပါ
'တိုင်းပြုပြည်ပြု' 'ဗွေသီဟာ' ၊ ဝတ္ထုများပါ မကျန်ရ
'ဦးပုညသာသနာလျှောက်အဖြေ' ၊ 'စမ အဖွင့်ကျမ်း' အစုံပေ
သူလေ ရေးသားလက်စွမ်းပြခဲ့သည်တည့်လေး။

* မြန်မာ့အာဇာနည် ၊ လက်စွမ်းသည်
ဂီတစာပေ စွယ်စုံရ လေပေါ့အတည်။
လျှံပ ဖြာကာရှည် ၊ ထက်လျှမ်းကြည်
သည်ဘဝမှာလေ မပြယ်ဂုဏ် လှနေတော့သည်။ ။

# ဦးစိန်တင်

* နှောင်းခေတ်စာဆိုသမိုင်း ၊ မဆိုင်းလေ့လာရာ
'သိပ္ပံ-မောင်ဝ' ၊ ကြီးလှ နာမည်ပါ
'ခေတ်စမ်းစာပေ'မှာ ၊ သူသာရှေ့မှပါလျက်
'သိပ္ပံ-မောင်ဝ' လျှင် ၊ 'ဦးစိန်တင်'ပင်
သူပင် (ဘီ-အေ၊ အိုင်-စီ-အက်စ်) ဖြစ်သည်တည့်လေး။

* မြန်မာသက္ကရာဇ် ၊ (၁၂၆၁) ခုနှစ်ပင်
နယုန်လပြည့်ကျော်ရက် ၊ (၁၃)ရက် တနင်္လာနေ့တွင်
အဖ 'ဦးအုန်းရွှေ' ပင် ၊ မိခင် 'ဒေါ်သစ်'တို့မှ
မော်လမြိုင် မုပွန် နတ်ကျွန်းရပ်မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်စိန်တင်' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်အခါက ၊ ပိဋကတ်ကျွမ်းသူ အဘိုးထံ
ပညာရင်နို့ ၊ သောက်စို့ အခြေခံ
အင်္ဂလိပ်ကျောင်းတက်ပြန် ၊ ဘကြီးဘုန်းကြီးထံလည်း ပညာမှီဝဲ
ပါဠိ, မြန်မာ ၊ နှစ်ဘာသာ
အဖြာဖြာ ဗဟုသုတ ကဲသည်နှင့်လေး။

* (၇)တန်းစာမေးပွဲ ၊ အောင်ပွဲခံပြီးမကြာ
'ဝဇီရာတင့်' ၊ အမည်နှင့် စာရေးလာ
(၁၀)တန်းစာမေးပွဲမှာ ၊ မြန်မာ, ပါဠိကို ဂုဏ်ထူးဖြင့်အောင်လျက်
(၁၂၈၂) ကျောင်းသားသပိတ်မှာ ၊ ကျောင်းထွက်ပြီးကာ
ဆရာအဖြစ် မြို့မကျောင်းတွင် ဆောင်ရွက်သည်နှင့်လေး။

* သက္ကရာဇ်(၁၂၈၅) ၊ ကောလိပ်ကျောင်းအား ပြန်တက်ရာ
(၁၂၈၆) ခု ၊ 'သာဒိုးအောင်' ဆုနှင့်သာ
အိုင်-အေ စာမေးပွဲမှာ ၊ 'ပထမ' ရကာအောင်မြင်လျက်
(၁၂၈၈) ဘီ-အေ စာမေးပွဲမှာ ၊ မြန်မာဘာသာဂုဏ်ထူးပါ
'မြန်မာမှန်လျှင် မြန်မာစာသင်ရန်' ရည်ရွယ်ချက်ဖြင့်လေး။

* အိုင်-စီ-အက်စ် စာမေးပွဲ ၊ ဝင်ရောက်ဆင်နွှဲပြန်
ရွေးချယ်ခန့်ထား ၊ ပရိညာဉ် လုပ်ငန်းလေ့လာရန်
ပြည်အင်္ဂလန် ၊ စေလွှတ်ခြင်းခံရ
မြန်မာပြည်ပြန်လာကာ ၊ နယ်ပိုင် , အရေးပိုင်အရာ
မြို့ရွာအများတွင် ဆောင်ရွက်ရသည်တည့်လေး။

* (၁၃၀၄)နယုန်လဆန်းကား ၊ ဂါးဒါးဆည်ကြီးရွာ ဗိုလ်တဲတွင်
တည်းခိုနေခိုက် ၊ ဓါးပြတိုက် လူဆိုး(၁၀၀) ခန့်ပင်
ဝေလီဝေလင်းအချိန်တွင် ၊ ဝိုင်းဝန်းတွင်တွင် ပစ်ခတ်သဖြင့်
ဦးစိန်တင်နှင့်ဇနီးပါ ၊ ပွဲချင်းပြီးသေဆုံးကာ
စာပေကြယ်တစ်ပွင့် ကြွေလွင့်ရသည်နှင့်လေး။

* ကြွေလွင့်ကြယ်မှာ ၊ ယနေ့တိုင်သာ
ကြွေသာကြွေလည်း အရောင်မမွဲလေပေါ့အတည်။
ရှည်မြင့်တကယ်ကြာ ၊ မမေ့နိုင်စရာ
ပေစာတွေထဲ ကလောင်စွဲနေတော့သည်။ ။

# မဟာဆွေ

* မြန်မာသက္ကရာဇ် ၊ (၁၂၆၂) ခုနှစ်ပင်
ဝါခေါင်လဆန်းရက် ၊ (၈)ရက် ကြာသပတေးနေ့တွင်
အဖ 'ဦးအောင်ငြိမ်း' ပင် ၊ မိခင် 'ဒေါ်မြင်'တို့မှ
စစ်ကိုင်းအရှေ့မြောက်ဘက် မင်းစံရပ်မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဘရှိန်' ခေါ်ကြသည်တည့်လေး။

* ငယ်ရွယ်စဉ်က ၊ မိဘချို့တဲ့၍ စာကောင်းစွာမသင်
အသက်(၂၀)နှစ် ၊ စစ်ကိုင်း အစိုးရကျောင်းမှ (၈)တန်းပင်
အောင်မြင်ပြီးလျှင် ၊ မန္တလေးနော်မန်ကျောင်းတွင် သင်ခွင့်ရလျက်
(၉)တန်းနှင့်ဆရာဖြစ်တန်း(၁)နှစ်စီတက်ရာ ၊ အောင်မြင်ပြီးကာ
ဆရာအဖြစ် ဆောင်ရွက်သည်နှင့်လေး။

* အင်္ဂလိပ်သက္ကရာဇ် ၊ (၁၉၃၂) ခုနှစ်ပင်
ဟိုပန်မြို့မှ ၊ 'ဒေါ်လှကြည်'နှင့် အိမ်ထောင်ကျရာတွင်
သမီး(၂)ယောက်ပင် ၊ သူလျှင်ရလျက်
စာပေရေးရင်းတွေ ၊ ခေါ်ဆောင်မှုကြောင့်ပေ
သူလေ မိသားစုနှင့် ရန်ကုန်တက်ခဲ့သည်နှင့်လေး။

* ရန်ကုန်တက်ပြီး ၊ 'ရဲဗိုလ်ချုပ်' ဦးမောင်ကြီးနှင့် တွေ့ရာ
ခေတ္တရပ်ဆိုင်းထား ၊ 'ရဲသတင်းစာ' အားပြန်လည်ကာ
'အယ်ဒီတာချုပ်' အရာ ၊ သူသာတာဝန်ယူလျက်
(၁၉၃၅) ခုနှစ်မှစတင် ၊ (၁၉၃၈) ခုနှစ်အထိပင်
သူလျှင် ကျေပွန်စွာ ဆောင်ရွက်သည်တည့်လေး။

* ရန်ကုန်သို့တက်ပြီး ၊ စာရေးဆရာရင့်မကြီးအဖြစ်လေ
'မဟာဆွေ' အမည်နှင့်ကား ၊ ရေးသားခဲ့ဝတ္ထုတွေ
'ထောင်နန်းစံ' 'ဒို့မေမေ' ၊ 'မယ်တို့ပြည်-မောင်တို့ပြည်' 'ပျို့တောင်ပြုံး'
'သူပုန်ကြီး' 'ဈေးချိုသူ' ၊ ဝတ္ထုများမူ
ဖတ်သူအကြိုက် အများဆုံး ဖြစ်သည်နှင့်လေး။

* 'နေသူရိန်' ကလောင်သုံး ၊ သိကုံးစာပေများမှာ
စိတ်ဓာတ်မြှင့်တင်ရေး ၊ ကြံ့ခိုင်ရေးဆောင်းပါးများပါ
'မွန်းသော်တာ' အမည်သုံးကာ ၊ ဟာသစာပေများ ရေးသား
စာပေအကျိုးအတွက်ပေ ၊ 'ဖိုးဝဇီရ အတ္ထုပ္ပတ္တိ'လေ
ရှာဖွေဖော်ထုတ် ရေးသားခဲ့သည်တည့်လေး။

* ဝတ္ထုတို(၅၀၀)နီးပါး ၊ လုံးချင်းကား (၆၀)ကျော်ပင်
ဆောင်းပါးအရေအတွက် ၊ မရေတွက်နိုင်အောင်ပင်
ရေးသားခဲ့ပြီးလျှင် ၊ (၁၃၁၅) ခုနှစ်တွင် သေဆုံးသွား
ဇနီးဒေါ်လှကြည် ၊ သမီး ခင်ဆွေဦး , ခင်ဆွေအေးတို့သည်
ငိုမြည်သောက ပွားသည်နှင့်လေး။

* ရေးသားလက်ရာ ၊ စာများစွာ
စာပေသမိုင်းတွင် မှတ်တမ်းဝင်ပေါ့အတည်။
အလေးထားလျက်သာ ၊ လျှာထားကာ
ရှာဖွေမဆိုင်းပင် ဖတ်စမ်းချင်တော့သည်။ ။

# ဦးတင့်ဆွေ

* မြန်မာသက္ကရာဇ် ၊ (၁၂၆၈) ခုနှစ်ပင်
ဝါဆိုလပြည့်ကျော်ရက် ၊ (၁၂)ရက် တနင်္လာနေ့တွင်
အဖ 'ဦးဖိုးဖြူ' ပင် ၊ မိခင် 'ဒေါ်အေးမေ'တို့မှ
ရန်ကုန်မြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်တင့်ဆွေ' ခေါ်ကြသည်တည့်လေး။

* ဖခင်မှာကား ၊ ကဗျာ , ဂီတ, သုခုမပညာလေးစားသည့်အပြင်
'လောကုပ္ပတ္တိကျမ်း' ၊ 'ဗုဒ္ဓုပ္ပတ္တိကျမ်း'ပြုစုခဲ့သူပင်
မိခင်မှာလျှင် ၊ 'စပယ်ပင်' 'ရွှေပြည်စိုး' ဝတ္ထုရေးသောဦးလတ်၏
နှမဖြစ်ကာ ၊ နှစ်ဖက်မိဘမှပါလာ
စာပေဗီဇမျိုးစေ့ ရရှိသည်နှင့်လေး။

* ငယ်သည့်ကာလ ၊ အစိုးရ ဟိုက်စကူးကျောင်းမှာ
ပညာသင်ပြီး ၊ ပထမ ကျောင်းသားသပိတ်ကြီးဖြစ်ရာ
မြို့မကျောင်းပြောင်းကာ ၊ ပညာဆက်လက်ဆည်းပူးရ
ကောလိပ်ကျောင်းတွင် ၊ ဦးရာရှစ် , ဦးကျော်ခင်တို့နှင့်တိုင်ပင်
စတင် တက္ကသိုလ် သမဂ္ဂ ဖွဲ့သည်နှင့်လေး။

* (၁၉၂၇) ခုနှစ်က ၊ 'ကဝိမျက်မှန်' မဂ္ဂဇင်းထုတ်ဝေကာ
ကလောင်သတ်မှတ် ၊ 'ရွှေဘိုမောင်လတ်တူ' အမည်ပါ
ဝတ္ထု, ဆောင်းပါးရေးရာ ၊ လွန်စွာလူကြိုက်များ
'တာတေ' အမည်ဖြင့်လေ ၊ စုန်း , ကဝေ ဝတ္ထုတွေ
သူလေများစွာ ရေးသားသည်နှင့်လေး။

* ဝိဇ္ဇာတန်းအား ၊ (၁၉၃၀)ပြည့်နှစ်တွင် အောင်မြင်သွားလျှင်
အထက်တန်းပြ ၊ မြို့မကျောင်း၌ အလုပ်ဝင်
ဥပဒေတန်း 'ဘီ-အယ်လ်' ဘွဲ့ပင် ၊ သူလျှင် ဆွတ်ခူး
ကျေးလက်ပြုပြင်ရေး ပညာတော်သင် ၊ အဖြစ်လျှင်
ပြင်သစ်, ဒိန်းမတ်, ဆွီဒင် လှည့်လည် ဆည်းပူးသည်နှင့်လေး။

* ဦးတင့်ဆွေကား ၊ မြန်မာပြည်အား ပြန်လာကာ
နော်မန်ဆရာဖြစ်သင်ကျောင်း ၊ ကျောင်းအုပ်ကြီး မကပါ
'ဘားမင်း' သတင်းစာ ၊ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်
(၁၉၅၀)ပြည့်နှစ်ပင် ၊ စာရေးဆရာအသင်းကြီးတွင်
သူလျှင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်တည့်လေး။

* သို့ဆောင်ရွက်ခိုက် ၊ သီဟိုဠ်၌ သံအမတ်အဖြစ်ပါ
စေလွှတ်ခန့်ထား ၊ သွားရောက်ထမ်းရွက်ရာ
(၃)နှစ်ကျော်အကြာ ၊ သွေးလျှံရောဂါဖြစ်ပွား
(၁၉၅၃) ဇွန်လ (၁၆)ရက်မှာ ၊ ကွယ်လွန်ကာ
ခမျာ မရဏာလမ်း သွားရသည်နှင့်လေး။

* ရေးသားစာပေ ၊ လက်ရာတွေ
စာပေမိုင်းတွင် အမှတ်ပြည့်ဝင်ပေါ့အတည်။
အလေးထားကာလေ ၊ မက်စရာပေ
ရှာဖွေမဆိုင်းပင် ဖတ်စေ့ချင်တော့သည်။ ။

# ဦးချစ်မောင် (ဂျာနယ်ကျော်)

* မြန်မာသက္ကရာဇ် ၊ (၁၂၇၄) ခုနှစ်ပင်
ပြာသိုလဆန်းရက် ၊ (၁၃)ရက် တနင်္လာနေ့တွင်
အဖ 'ဦးမြ'ပင် ၊ မိခင် 'ဒေါ်စောယု' တို့မှ
သာယာဝတီခရိုင် အုပ်ဖိုမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ချစ်မောင်' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ကာလ ၊ လက်ပံတန်းအစိုးရ အထက်တန်းကျောင်းမှာ
ပညာသင်ပြီး၊ (၁၀) တန်းစာမေးပွဲကြီးအောင်ရာ
ထိုကျောင်းမှာသာ ၊ ဆရာအဖြစ် ခေတ္တလုပ်လျက်
ရန်ကုန်သို့ စာအုပ်တက်ဝယ်စဉ် ၊ 'အနော်ရထာ' သတင်းစာတိုက်တွင်
ဝင်ရောက်လုပ်ကိုင် ဆောင်ရွက်သည်နှင့်လေး။

* သို့ဆောင်ရွက်ရင်း ၊ 'ဈေးနှုန်း' သတင်းစာအပြင်
'မြန်မာ့အလင်း' ၊ သတင်းစာတိုက်တို့တွင်
လုပ်ကိုင်ဆောင်ရွက်စဉ် ၊ ပင်ကိုဉာဏ်ထက်မြက်သဖြင့်
မနားမနေသာ ၊ ကြိုးစားရာ
'ညအယ်ဒီတာချုပ်' အဖြစ် ချီးမြှင့်သည်နှင့်လေး။

* သို့ဖြင့် အယ်ဒီတာချုပ် ၊ လုပ်ကိုင်ဆောင်ရွက်စဉ်
နိုင်ငံ့အကျိုးအတွက် ၊ သူလေငဲ့ကွက်ရေးသားလျှင်
'မြန်မာ့အလင်း' တိုက်ရှင် ၊ ငြိုငြင်သဖြင့် အလုပ်ထွက်ပြီး
နိုင်ငံရေးပြဿနာ ၊ ဦးစားပေးရေးသားကာ
'ဂျာနယ်ကျော်' သတင်းစာ ဦးစီးထုတ်သည်နှင့်လေး။

* သို့ဦးစီးရင်း ၊ 'ရွှေလင်းယုန်' အမည်ဖြင့်ပင်
ဝတ္ထု၊ ဆောင်းပါးများ ၊ ရေးသားခဲ့ပြီးလျှင်
ဂျပန်များဝင်လာစဉ် ၊ ဘိုကလေးတွင် ရှောင်နေလျက်
မျိုးချစ်စိတ်ကြောင့်နော် ၊ ပြန်လာပြီးသော်
တော်လှန်ရေးလုပ်ငန်း ဆောင်ရွက်သည်တည့်လေး။

* လွတ်လပ်ရေးအတွက် ၊ ဖဆပလအဖွဲ့နှင့် လက်တွဲကာ
အစိုးရဖွဲ့ရန်အရေး ၊ စည်းမျဉ်းများရေးဆွဲကြရာ
အရေးပါပါ ၊ အရာရောက်ရောက် ပါဝင်လျက်
မြန်မာနိုင်ငံစာရေးဆရာအသင်းမှာ ၊ ဥက္ကဋ္ဌအဖြစ်ပါ
ပါဝင်လုပ်ကိုင် ဆောင်ရွက်သည်နှင့်လေး။

* မြန်မာသက္ကရာဇ် ၊ (၁၃၀၇) ခုနှစ်မှာ
ဆီးရောဂါရလျက် ၊ ရုတ်တရက် မကျန်းမမာဖြစ်ကာ
နှောင်းတန်ခူးလဆန်း (၂)ရက်နေ့မှာ ၊ ကွယ်လွန်ကာသေဆုံးက
ဇနီးဒေါ်တင်လှိုင်အပါ ၊ သားသမီးများမှာ
ငိုကာ ပူဆွေးရသည်နှင့်လေး။

* မြန်မာ့စာနယ် ၊ ယနေ့တိုင်ကွယ်
'ဂျာနယ်ကျော်' အမည် ကျော်ကြားနေပေါ့အတည်။
အလှဖြာကြွယ် ၊ အငွေ့လှိုင်ကြွယ်
ရှာဝယ်သော်အတည် အတော်ရှားပေတော့မည်။ ။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း



# ဆရာကြီး သခင်ကိုယ်တော်မှိုင်း

* မြန်မာသက္ကရာဇ် ၊ (၁၂၃၇) ခုနှစ်ပင်
တပေါင်းလပြည့်ကျော်ရက် ၊ (၁၄)ရက် ကြာသပတေးနေ့တွင်
အဖ 'ဦးစံထွန်း'ပင် ၊ မိခင် 'ဒေါ်အုန်'တို့မှ
ရွှေတောင်နယ် ဝါးလယ်ရွာမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်လွန်း' ခေါ်ကြသည်တည့်လေး။

* (၁၀)နှစ်အရွယ်က ၊ မန္တလေးမြို့သို့ရောက်လာ
ကျီးသဲလေးထပ်ဆရာတော်ထံပါး ၊ ပညာများသင်ယူကာ
သီပေါမင်းပါတော်မူရာ ၊ သက်န်းဝတ်ကာ စစ်ကိုင်းဘက်ကြွသွား
မုံရွာ , အလုံ ၊ ချောင်းဦး , ကြေးမုံ
အစုံလည့်လည် ဆည်းပူးသွားသည်နှင့်လေး။

* အသက်(၁၉)နှစ်သား ၊ သက်န်းဝတ်အားချွတ်ပြီးလျှင်
ရန်ကုန်သို့ဆင်း ၊ စာစီ , စာပြင် , သတင်းစာအယ်ဒီတာအလုပ်ဝင်
ဆောင်းပါးများပင် ၊ စတင်ရေးသား
(၁၂၆၇) ခုနှစ်ပေ ၊ 'မော်လမြိုင်ရာဇဝင်' ဝတ္ထုလေ
'ရွှေတောင်မောင်လွမ်း'အမည်ဖြင့် ရေးသားသည်နှင့်လေး။

* (၁၂၆၇) ခုနှစ်တွင်ရေးသား ၊ 'ဗိုလ်ဋီကာ' အားထုတ်ဝေရာ
လူရှုပ်အမည်ထွက် ၊ 'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း' ဝတ္ထုမှသာ
'မောင်မှိုင်း'ကိုယူကာ ၊ 'မစ္စတာမောင်မှိုင်း' အမည်ဖြင့်ထုတ်ဝေထား
အမျိုးသားကောလိပ်ပေါ်လာ ၊ ရာဇဝင် ပါမောက္ခအဖြစ်ပါ
တာဝန်ယူကာ ဆောင်ရွက်သွားသည်တည့်လေး။

* (၁၂၉၆) တွင်ကား ၊ 'တို့ဗမာအစည်းအရုံးကြီး' အားဝင်
နာယကအဖြစ် ၊ ဆောင်ရွက်ဖြစ်သည်တွင်
'မစ္စတာ-မောင်မှိုင်း'အမည်ပင် ၊ 'သခင်ကိုယ်တော်မှိုင်း' အမည်တွင်ရ
နိုင်ငံရေးလှုပ်ရှားမှုကြီးမားရာ ၊ ဗြိတိသျှရန်သူတော် (၁)အဖြစ်ပါ
ကြေညာခြင်းအား ခံရသည်နှင့်လေး။

* (၁၃၀၇) ခုနှစ်က ၊ တို့ဗမာအစည်းအရုံး၏ ဥက္ကဋ္ဌဖြစ်လာ
(၁၃၁၃) ခုနှစ်တွက်၊ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်(မြန်မာ)ဥက္ကဋ္ဌဖြစ်ကာ
(၁၃၁၆)ခုနှစ်မှာ၊ 'စတာလင်'ဆုကြီးကို ရရှိလျက်
မြန်မာနိုင်ငံအရပ်ရပ်တွင် ၊ ငြိမ်းချမ်းရေးတရားဟောပြောစဉ်
သူလျှင်တစ်ခဲနက် ထောက်ခံချက်ရသည်တည့်လေး။

* (၁၃၂၂) ခုနှစ်တွက် ၊ အရှေ့ဂျာမနီဟမ်းဘတ်တက္ကသိုလ်ကလျှင်
'ဒေါက်တာဘွဲ့' ဆု ၊ ဂုဏ်ပြုခံခဲ့ရသူပင်
အဖွဲ့အစည်းအရပ်ရပ်တွင် ၊ 'နာယက' အဖြစ်လျှင်နေရာပေး
(၁၃၂၈)ခု ဝါဆိုလမှာ ၊ ကွယ်လွန်ရှာ
မြန်မာပြည်သူများ ပူဆွေးရသည်နှင့်လေး။

* စိမ်းလန်းမွေ့မြလွင် ၊ 'ကြာ' ရေတွင်
အစုံလင် ပွင့်တာမြင်ရသို့အတည်။
ငြိမ်းချမ်းရေးဖခင် ၊ စာပေရှင်
ဂုဏ်အင်မြင့်ကာ အသွင်လှလို့ကြည်။ ။

# ရွှေပြည်ဦးဘတင်

* မြန်မာသက္ကရာဇ် ၊ (၁၂၅၆) ခုနှစ်ပင်
ကဆုန်လဆုတ်ရက် ၊ (၁၁)ရက် အင်္ဂါနေ့တွင်
အဖ မြို့သူကြီး 'ဦးငွေဘူး'ပင် ၊ မိခင် 'ဒေါ်မြစ်'တို့မှ
မန္တလေးအနောက်ပြင် မေယဂီရိရပ်မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဘတင်' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်အခါက ၊ မန္တလေး ဓမ္မရာမတိုက်မှာ
ပညာသင်ပြီး ၊ အနောက်ပြင် ဆင်တဲတိုက်သစ်ကြီးတွင်သာ
သာမဏေဝတ်ကာ ၊ ပညာဆက်လက်သင်ကြား
အသက်(၂၀)မှာ ၊ ပဉ္စင်းတက်ကာ
ဟေမာသီရိဝန်တိုက်တွင် သင်ကြားသည်နှင့်လေး။

* အမျိုးသားကျောင်းများ ၊ ထူထောင်သွားရန်ဆန္ဒဝင်
မန္တလေးဗဟိုအမျိုးသားကျောင်းကြီး ၊ ပြုစုပြိုးထောင်ပြီးလျှင်
ကိုယ်တိုင်ပင်လျှင် ၊ မြန်မာစာနှင့်ရာဇဝင်ဆရာအဖြစ်
ထမ်းရွက်ပြီးကာ ၊ သားသမီးများကိုပါ
ထိုမှပင် ဆက်လက်သင်ကြား ဖြစ်သည်တည့်လေး။

* ကျောင်းဆရာအဖြစ် ၊ (၁၀)နှစ်မျှ ထမ်းဆောင်ကာ
နိုင်ငံရေးသမား ၊ လုံးလုံးလျားလျားခံယူရှာ
မြူနီစီပယ် လူကြီးအဖြစ်ပါ ၊ မန္တလေးမြို့မှာ (၂)ကြိမ်မျှ
ထမ်းဆောင်ပြီးလျှင် ၊ လွှတ်တော်အမတ်အဖြစ်ပင်
သူလျှင်ဆောင်ရွက် ရသည်နှင့်လေး။

* လွတ်လပ်ရေးပြီးစ ၊ နောက်ပိုင်းမှစကာပင်
စာပေဟောပြောခြင်း ၊ မဂ္ဂဇင်း အစောင်စောင်တွင်
ဆောင်းပါးများရေးပြီးလျှင် ၊ ပါဝင် သာရေး နာရေးကိစ္စ
နိုင်ငံ့တာဝန်အဖြစ်ပါ ၊ မန္တလေးဆရာအတတ်သင် သိပ္ပံကျောင်းမှာ
မြန်မာစာ ဌာနမှူး လုပ်ရသည်နှင့်လေး။

* ထို့ပြင်မက ၊ သမိုင်းသုတေသနကော်မရှင်မှာ
(ဂီတ) သုတေသနဌာနမှူး ၊ တစ်ဦးဖြစ်ပြီးကာ
မန္တလေးပန်တျာ ၊ အနုပညာကျောင်းမှာ ကျောင်းအုပ်အဖြစ်
ထမ်းရွက်အားသွန် ၊ နိုင်ငံ့တာဝန်
ကျေပွန်ခဲ့သူ ဖြစ်သည်တည့်လေး။

* 'ရွှေပြည်ဦးဘတင်' အဖြစ် ၊ အမည်ဖြစ်ရခြင်းလျှင်
'ရွှေပြည်' ရပ်မှာ ပညာသင်ကြီး ၊ 'ရွှေပြည်ကြီး' သီချင်းကြိုက်၍ပင်
စာပေလောကတွင် ၊ ပေါ်လွင်ထင်လင်း
(၁၃၂၈) ခုနှစ်ပါ ၊ စာဆိုတော်နေ့မှာ
ခမျာလျှပ်တစ်ပြက် သေရွာချဉ်းသည်နှင့်လေး။

* ရင်တွင်းမြော်မြင် ၊ အဟုတ်ကိုပင်
အထင်မပါ အရေးထားကြည့်တော့အတည်။
ထင်လင်းပေါ်လွင် ၊ ပုဂ္ဂိုလ်ပင်
အစဉ်သာ လေးစားမိတော့သည်။ ။

# သတင်းစာဆရာ ဦးသိမ်းမောင်

* မြန်မာသက္ကရာဇ် ၊ (၁၂၆၀) ပြည့်နှစ်ပင်
သီတင်းကျွတ်လဆန်းရက် ၊ (၁၂)ရက် တနင်္လာနေ့တွင်
အဖ ရွာသူကြီး 'ဦးဘိုးဆယ်'ပင် ၊ မိခင် 'ဒေါ်မယ်မို'တို့မှ
မအူပင်အပိုင် မလက်တိုရွာကြီးမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်သိမ်းမောင်' ခေါ်ကြသည်တည့်လေး။

* (၁၂၈၁) ခုနှစ်ကာ၊ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို အကြောင်းပြုပြီးလျှင်
သပိတ်မှောက်ပွဲ ၊ ဆင်နွဲရာမှာပါဝင်
အမျိုးသားကျောင်းများပေါ်လာစဉ် ၊ သခင်မြတို့နှင့်အတူ ဆရာအဖြစ်
ဆောင်ရွက်ပြီးကွယ် ၊ (၁၂၈၄) ခုနှစ်ဝယ်
'ကြယ်တံခွန်'မှ 'သူရိယသတင်းစာ' ပြောင်းဖြစ်သည်နှင့်လေး။

* စာအုပ်အဖြစ် ၊ 'ရဲမြန်မာ' စာအုပ်သစ်ထုတ်ဝေကာ
ထို့နောက်တွင်ကား ၊ စာအုပ်အမြောက်အမြားထုတ်ဝေလာ
'သတင်းစာဆရာ' ၊ သတင်းစာပညာပေးအဖြစ်
ရင်းစာအုပ်ကိုလျှင် ၊ မြန်မာဘာသာဖြင့်ပင်
သူလျှင် 'ပထမဆုံး' ထုတ်ဝေဖြစ်သည်နှင့်လေး။

* ဂျပန်ခေတ်က ၊ 'ပထမဆုံး' စာဆိုတော်နေ့လျှင်
ကျင်းပနိုင်ရန်အထူး ၊ ကြိုးပမ်းခဲ့သူတစ်ဦးပင်
'ပထမဆုံး'ပင် ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် 'ဥက္ကဋ္ဌ'
သတင်းစာဆရာအသင်းမှာ ၊ 'ဥက္ကဋ္ဌ'ပါ
သမဝါယမအသင်းမှာလည်း 'ဥက္ကဋ္ဌ'ကွဲ့လေး။

* စစ်ပြီးစအတွင်း ၊ 'သံတော်ဆင့်သတင်းစာ'ကို တည်ထောင်သူပါ
(၁၃၁၂) ခုနှစ်က ၊ 'မြဝတီသတင်းစာ' တွင် အယ်ဒီတာချုပ်လုပ်ကာ
(၂)နှစ်မျှအကြာ ၊ အငြိမ်းစားယူကာ စာတွေရေးသား
နောက်ဆုံးလက်ရာ ၊ 'ရန်ကုန်သမိုင်း' စာအုပ်ရေးသားကာ
(၁၃၂၈)ခုနှစ်မှာ ကွယ်လွန်သွားသည်နှင့်လေး။

* ပြုစုရေးသား ၊ စာပေကား များလှစွာပင်
'ဘုရင့်နောင်' 'အလောင်းဘုရား' ၊ 'ဗညားနွဲ့' 'ရာဇသင်္ကြံ'အပြင်
'သာသနာ ငါသာပြုလျှင်' ၊ 'ပုဂံခေတ်ယဉ်ကျေးမှု'မှ
'မင်းရဲကျော်စွာ' ၊ 'ရဲမြန်မာ'
'ဘိုးရာဇာ အတ္ထုပ္ပတ္တိ' စသည်တည့်လေး။

* ကြီးလှသညာ ၊ သတင်းစာဆရာ
စာပေမှတ်တမ်းဝင်ပေါ့အတည်။
နည်းပြပမာ ၊ မယွင်းရှာကာ
ကြာရှည် ဖတ်စမ်းချင်တော့သည်။ ။

# ဦးဖိုးလတ်

* မြန်မာသက္ကရာဇ် ၊ (၁၂၅၈) ခုနှစ်ပါ
ကြည့်မြင်တိုင်းတစ်ဘက်ကမ်း ၊ အေးရွာဘက်ခြမ်းမှာ
မွေးဇာတိပါ ၊ အမျိုးသားကျောင်းမှာ ပထမဆုံးကျောင်းအုပ်အဖြစ်
လုပ်ကိုင်ပြီးလျှင် ၊ မအူပင်, ညောင်လေးပင်မြို့များတွင်
သူလျှင် ကျောင်းအုပ်လုပ်ဖြစ်သည်နှင့်လေး။

* သို့လုပ်ဖြစ်ပြီး ၊ ဘီ-အေ စာမေးပွဲကြီးအလွတ်ဖြေရာ
အောင်မြင်ပြီးလျက် ၊ ဘီ-စီ-အက်စ် ဝန်ထမ်းစာမေးပွဲဖြေပြန်ရာ
ဒု-အဆင့်ဖြင့် အောင်မြင်ကာ ၊ အစိုးရဘက်မှာ ဝင်ရောက်အမှုထမ်းသွား
မြို့အုပ်, ဝန်ထောက်, အရေးပိုင်, အတွင်းဝန် ၊ ညွှန်ကြားရေးဝန်
တာဝန်အဆင့်ဆင့် ခန့်ထားသည်တည့်လေး။

* ရာထူးကြီးပြား ၊ ဂုဏ်, ပကာသန မထားတတ်သူပင်
သူ့ရည်ရွယ်ချက် ၊ မြန်မာမှုဘက် အကျိုးဆောင်ချင်
များပြားအလုပ်ကြားမှပင် ၊ အပင်ပန်းခံ သုတေသနပြုလျက်
မဂ္ဂဇင်းများမှာ ၊ ဆောင်းပါးများရေးကာ
စာအုပ်စာတမ်း အဖြစ် ဆောင်ရွက်သည်နှင့်လေး။

* သူဆောင်ရွက်ထား ၊ စာအုပ်စာတမ်းများမှာ
'မြန်မာအမည်များ' ၊ မြန်မာစကားအဖွင့်ကျမ်း' (၃)တွဲအပါ
'သီချင်းပဒေသာ' ၊ 'မြန်မာအစဘယ်ကလဲ'မှ
'မြန်မာစာလုံးပေါင်းသတ်ပုံ' ၊ 'ဒေဝဠာန်ဘုံ'
'ဇောတိဘုံ' စသည် အမည်ရသည်တည့်လေး။

* အရေးပိုင်ဘဝက ၊ 'ဓမ္မပဒ' ကျမ်းကို မြန်မာပြန်ကာ
အတွင်းဝန်ဘဝရောက် ၊ 'အာသောကကျောက်စာ'
ပြန်ဆိုပြီးကာ ၊ ထပ်မံကာ သုတေသနပြုတုန်း
(၁၃၂၇) ခုနှစ်ပါ ၊ ဝါဆိုလမှာ
ခမျာ ကွယ်လွန် သေဆုံးသည်နှင့်လေး။

* သေဆုံးလူသာ ၊ အမည်မှာ
ကြာရှည် ထိန်လင်းပေတော့သည်။
နေနှုန်းတူစွာ ၊ သည်ဆရာ
ဖြာဝေ အမှိန်ကင်းနေပေါ့အတည်။ ။

# ဦးညာဏ

* မြန်မာသက္ကရာဇ် ၊ (၁၂၆၄) ခုနှစ်ပင်
နတ်တော်လကွယ်နေ့ ၊ တနင်္ဂနွေနေ့ နံနက်တွင်
အဖ 'ဦးမိုးအေး' ပင် ၊ မိခင် 'ဒေါ်စိန်' တို့မှ
သဲကုန်းမြို့နယ် ဆင်မြီးဆွဲရွာမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်အုန်းမောင်' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ကတည်းက ၊ မိဘစကား နားမထောင်သူပါ
ကျောင်းပြေး , အိမ်ပြေး ၊ အပြေးမျိုးစုံလေလွင့်ရာ
မိဘများမတတ်သာ ၊ (၁၆)နှစ်သားမှာ မိန်းမပေးစားပစ်
အဖေ, အမေ ၊ ညီငယ်ပါ တစ်နှစ်အတွင်းသေ
စာပေနယ်သို့ ကူးပြောင်းဖြစ်သည်နှင့်လေး။

* (၁၉၂၀) ပြည့်နှစ် ၊ ပထမဆုံးအဖြစ် ဝတ္ထုတို တစ်ပုဒ်ရေးကာ
ကြည်တော်မူမဂ္ဂဇင်းသို့ ၊ ပေးပို့ပါရှိခဲ့ရာ
နောက်ထပ် (၃-၄)ပုဒ်ပို့ရာ ၊ စာမူခပါတိုးပေးခံရ
ဆရာဇေယျနှင့်ရင်းနှီးကာ ၊ ဇနီးနှင့်အတူ ရန်ကုန်တက်လာ
စာအုပ်ဆိုင်ကျဉ်းကျဉ်းလေးတွင် နေရသည်နှင့်လေး။

* ဘဝအမျိုးမျိုး ၊ တိုးဝင်လုပ်ကိုင်ပြီးလျှင်
ဆောင်းပါးကဏ္ဍ ၊ ရုပ်ရှင်ကဏ္ဍတွင်
လေ့လာတီထွင် ၊ စတင်ဇာတ်ညွှန်းရေးသား
ဖြိတိသျှဘားမားကုမ္ပဏီမှာ ၊ 'ဇာတ်ညွှန်းရေးဆရာ'
ဦးစွာ ကင်ပွန်းတပ် ခန့်ထားသည်တည့်လေး။

* 'ဘီအေမင်းသား' ၊ လုံးချင်းဝတ္ထုအားရေးရာ
တွင်ကျယ်သွားပြီး ၊ 'ဘီအေမင်းသမီး'ကို ဆက်ကာ
ရေးသားပြန်ရာ ၊ များစွာနာမည်ကြီးသွား
မြန်မာ့အလင်းမှာ ၊ 'သူချစ်' အခန်းဆက်ဝတ္ထုရေးကာ
'ဂျိုကာ' အမည်ဖြင့် ခေါင်းကြီးပိုင်း ရေးသားသည်နှင့်လေး။

* ရုပ်ရှင်လောကတွင်ကား ၊ ဇာတ်ညွှန်းများ ရေးသားပြီးလျှင်
ဒါရိုက်တာလုပ်လျက် ၊ ပထမဆုံးအသံထွက် ဇာတ်ကား ရိုက်ကူးခဲ့သူပင်
ဇာတ်ညွှန်း(၂၀၀) ကျော်အပြင် ၊ ဇာတ်ကားများစွာပင် ရိုက်ကူးလျက်
လွတ်လပ်ရေးခေတ်ထဲတွင် ၊ 'ညွှန်ကြားရေးဝန်' အဖြစ်ပင်
သူလျှင် လုပ်ကိုင်ဆောင်ရွက်သည်နှင့်လေး။

* ပေါင်းသင်းဆက်ဆံရေး ၊ လူစုံမရွေးပေါင်းသူပါ
ဆေးကြော်ငြာမှအစ ၊ စာမှန်သမျှ သူလေ့လာ
သီချင်းကဗျာ ၊ များစွာရေးသားခဲ့ပြီးမှ
(၁. ၆. ၁၉၆၉)နှစ်ပင် ၊ ညနေ(၆)နာရီ (၁၂)မိနစ်တွင်
သူလျှင် အနိစ္စ ရောက်သည်နှင့်လေး။

* မပြယ်ဂုဏ်က အစဉ်သာပင် ၊ ထူးစွာ'မြ' အသွင်
ပေါ်လွင်ထင်ရှား လှနေပေ့ါအတည်။
စွယ်စုံရ ပညာရှင် ၊ 'ဦးညာဏ'ပင်
ခေါ်တွင် တင်စားရပေတော့မည်။ ။

# မြမျိုးလွင်

* မြန်မာသက္ကရာဇ် ၊ (၁၂၆၄) ခုနှစ်ပင်
နတ်တော်လဆန်းရက် ၊ (၃)ရက် အင်္ဂါနေ့တွင်
အဖ ‘ဦးမွန်း’ပင် ၊ မိခင် ‘ဒေါ်ဆိုင်’တို့မှ
မန္တလေးမြို့ ပုလိုင်းရပ်မှာ ၊ မွေးဖွားကာ
ငယ်နာမည် ‘မောင်လွင်’ ဒေါ်ကြသည်တည့်လေး။

* ငယ်ရွယ်စဉ်က ၊ နေ့စဉ်ဆွမ်းခံကြွ ဦးပဥ္စင်းထံတွင်
စာအနည်းငယ်သင်ကြား ၊ (၈)နှစ်သားမှာ သာမဏေဝတ်စဉ်
ရှင်အမည်လျှင် ၊ ‘ရှင်ဇဋိလ’ဖြစ်
(၁၂)နှစ်သားမှာ ၊ ရှင်ဘဝမှထွက်ကာ
စိန့်ပီတာကျောင်းတွင် နေဖြစ်သည်နှင့်လေး။

* တစ်နှစ်ခန့်နီးနီး ၊ ကောင်းစွာနေပြီးကာ
ကျောင်းမတက်ဘဲ ၊ အရပ်ထဲလေလွင့်ရာ
ကျောင်းထုတ်ခံရကာ ၊ မိဘမှာလည်း စီးပွားကျ
ဦးလေးထံတွင် ၊ ကျောက်သွေးသမားဝင်လုပ်စဉ်
သူလျှင် ကြေးနန်းစာ ဘာသာပြန်ရ, ရေးရသည်နှင့်လေး။

* ထိုမှတစ်ဆင့် ၊ သံတော်ဆင့် သတင်းစာတွင်
ဆောင်းပါးရေးသား ၊ ကလောင်အမည်ကား အစုံပင်
(၁၉၂၈) ဝန်းကျင် ၊ ရန်ကြီးအောင်ဂျာနယ်တွင်ရေးသား
'ဝိဇယ' 'ပခန်းသား' အမည်မှာ ၊ တစ်ဦးတည်းဖြစ်ကြောင်းသိရာ
လှမ်းခေါ်ကာတိုက်တွင် ရေးသားစေချင်သည်နှင့်လေး။

* ဆောင်းပါး(၃)ပုဒ်ရေးပေးပြီး ၊ ဒွတ်ကြီးမန္တလေးပြန်လာ
ဆောင်းပါးတစ်ပုဒ်ရေး ၊ မန္တလေးနေ့စဉ် သတင်းစာတွင်ထည့်ရာ
တိုက်ရှင်ကသဘောကျကာ ၊ အယ်ဒီတာအဖြစ်ခန့်ထား
'ပျော်တော်ဆက်' 'ကြည်တော်မူ' ၊ စသည့် မဂ္ဂဇင်းတိုက်များသို့လိပ်မူ
စာမူဝတ္ထုများ ပေးပို့ရေးသားသည်နှင့်လေး။

* 'သော်ကမယ်' ဝတ္ထုအား ၊ 'မြမျိုးလွင်' ကလောင်ထားထုတ်ဝေရာ
ရောင်း၍မလောက် ၊ ပေါက်မြောက်အောင်မြင်ကာ
'မြန်မာ့အလင်း'မှာ ၊ အခန်းဆက်ကာ 'တစ်လိမ်နှစ်လိမ်' ဝတ္ထုရေးသား
အချစ် , ဟာသအပြင် ၊ ကျေးလက်ပြုပြင်ရေးဝတ္ထုပင်
သူလျှင် စွယ်စုံရေးသားသည်တည့်လေး။

* 'မြမျိုးလွင်' ရေးသား ၊ ဝတ္ထုတိုရှည်ကား (၇၀၀)ကျော်စာရင်းဝင်
ရုပ်ရှင်ရိုက်ခဲ့ရ ၊ ဝတ္ထုက (၃၀)ကျော်ပင်
နားမငြီးအောင်ပင် ၊ စကားတွင်တွင်ပြောနိုင်စွမ်းလှ
(၁၉၇၀) ခုနှစ်ပါ ၊ စက်တင်ဘာ (၁၁)ရက်နေ့မှာ
ခမျာ သေရွာမြန်းရသည်နှင့်လေး။

* မြမျိုးလွင် ဆရာ ၊ စာပေနယ်မှာ
ရှည်ကြာစွာ တွင်ရစ်လေပေါ့အတည်။
အလှတိုးအစဉ်ဖြာ ၊ ကြာရှည်ထည်ဝါ
ရေမှာ 'ကြာ' အသွင်ဖြစ်နေတော့သည်။ ။

## ဦးရွှေဇံအောင်



# ဦးရွှေဖံအောင်

* မြန်မာသက္ကရာဇ် ၊ (၁၂၇၂) ခုနှစ်ပင်
ပြာသိုလကွယ်နေ့ ၊ ဗုဒ္ဓဟူးနေ့တွင်
အဖ 'ဦးရွှေသား'ပင် ၊ မိခင် 'ဒေါ်အဖြူဇံ'တို့မှ
စစ်တွေမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ရွှေဖံ' ခေါ်ကြသည်တည့်လေး။

* (၁၈၈၅) ခုနှစ်က ၊ စစ်တွေမြို့ အစိုးရအလယ်တန်းကျောင်းမှာ
အလယ်တန်းဖြေဆိုမှု ၊ 'စကောလားရှစ်' ဆုရကာ
(၁၈၉၁) ခုနှစ်မှာ ၊ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ(ဘီ-အေ) ဘွဲ့ရလျက်
ပညာအုပ် , မြို့အုပ် , ဝန်ထောက် , အခွန်ဝန် ၊ ထမ်းရွက်ကျေပွန်
ထူးချွန်စွာ ဆောင်ရွက်ခဲ့သည်နှင့်လေး။

* အင်္ဂလိပ်သက္ကရာဇ် ၊ (၁၉၁၄) ခုနှစ်တွင်
မြေဘက်ဌာနအတွက် ၊ ထူးချွန်စွာဆောင်ရွက်စဉ်
ဗြိတိသျှအစိုးရလျှင်၊ အေ-တီ-အမ် (အမှုထမ်းကောင်း)ဘွဲ့ပင် ချီးမြှင့်ထား
(၁၉၂၇) ခုနှစ်တွင် ၊ ကေ-အက်စ်-အမ်(ကျက်သရေဆောင်)ဘွဲ့ပင်
သူ့လျှင် ချီးမြှင့်ထားသည်တည့်လေး။

* တာဝန်ဝတ္တရား ၊ များပြားသည့်ကြားမှပင်
ကျမ်းဂန်ဆည်းပူး ၊ အဘိဓမ္မာတရားထူးကိုလျှင်
လယ်တီဆရာတော်ထံတွင် ၊ သင်အံမှတ်သား
'ဗုဒ္ဓဝါဒ' မဂ္ဂဇင်းမှာ ၊ အင်္ဂလိပ်ဘာသာဖြင့်သာ
အဘိဓမ္မာအကြောင်း ရေးသားသည်နှင့်လေး။

* လန်ဒန်ပါဠိအသင်းကြီးအား ၊ ဥက္ကဋ္ဌအရာထား ဆောင်ရွက်နေသူ
မစ်(စ်)ရစ်ဒေးဗစ်နှင့် ၊ အကြောင်းသင့်တိုင်ပင်ယူ
'အဘိဓမ္မတ္ထသင်္ဂဟ' ကျမ်းကိုမူ ၊ ဘာသာပြန်ယူအောင်မြင်လျက်
လယ်တီဆရာတော်နှင့် မစ်(စ်)တို့လေ ၊ အဘိဓမ္မာနှင့်စပ်လျဉ်းမှုတွေ
မေးဖြေကြရာ ဘာသာပြန်ဆောင်ရွက်သည်နှင့်လေး။

* 'တက္ကိယ နယဒီပနီ' အမည်ရှိ ၊ ယုတ္တိဗေဒကျမ်းကို ပြန်ဆိုကာ
'ဇရာလက္ခဏာဒိ ဒီပနီကျမ်း' ၊ 'ရူပဒီပနီကျမ်း'လည်းပါ
အနောက်တိုင်းမျှော်ပညာ ၊ 'ဝိဇ္ဇာမယိဒ္ဓိ ဒီပနီကျမ်း'နဲ့(နှင့်)
'မဲဇာတောင်ခြေ' ၊ ရတုကိုလေ
သူလေဘာသာပြန်ခဲ့သည်တည့်လေး။

* ဇာတ်ညွှန်းရေးသားခဲ့ ၊ ရုပ်ရှင်ကားရဲ့အမည်မှာ
မြန်မာအဆွေကုမ္ပဏီမှ ၊ 'မြတဘက်' ဇာတ်ကားဖြစ်ပေတာ
(၁၉၃၂) ခုနှစ်မှာ ၊ ရန်ကုန်တက္ကသိုလ်မှ 'စာပေပါရဂူ'ဘွဲ့ အပ်နှင်း
ဘွဲ့နှင်းသဘင်ကျင်းပဖို့ရာ ၊ (၁၀)ရက်ခန့်အလိုမှာ
ခမျာ သေရွာချဉ်းရသည်နှင့်လေး။

* အပ်နှင်းဆုပင် ၊ မယူငင်
သူလျှင်သေရွာ ချဉ်းရပေတော့သည်။
မြတ်ခြင်းအမှုတွင် ၊ မတူအစဉ်
ဖြူစင်လေကာ အလင်းခနေပေါ့အတည်။ ။

# သဘင်ဝန်ဦးနု

* နှောင်းခေတ်စာဆိုသမိုင်း ၊ မဆိုင်းလေ့လာလျှင်
'သဘင်ဝန်ဦးနု' ၊ အမည်တစ်ခုထင်ပေါ်လွင်
ညောင်တုန်းမြို့တွင် ၊ သူ့လျှင်မွေးဖွား၏
'မိဘအမည်' ၊ 'မွေးသက္ကရာဇ်'သည်
ပြီပြင်မှတ်တမ်း မရှိသည်နှင့်လေး။

* ညောင်တုန်းဇာတိ ၊ သူ၏မွေးရပ်မှာ
သဘင်ပညာရှင်များ ၊ မြစ်ဆိပ်ပွဲရုံများတွင် တစ်ထောက်နားကာ
ထိုမှတစ်ဆင့်သာ ၊ အရပ်တကာ လှည့်လည် ကပြဖို့သွား
ငယ်ကပင်လျှင် ၊ ခင်မင်အကျွမ်းဝင်
ကြီးစဉ်ဝင်ရောက် လှုပ်ရှားသည်နှင့်လေး။

* ဇာတ်စာရေးဆရာအဖြစ်ကား ပထမဆုံး ၊ ဦးစိန်ကတုံးဇာတ်တွင်
နှစ်အတန်ကြာလုပ်ပြီးမှ ၊ မိဘများဆုံးပါးလျှင်
မိဘလက်ငုတ်ပင် ၊ ညောင်တုန်းတွင် ကုန်သေးရောင်း
စိတ်ထဲမပါဝင် ၊ ဆိုင်ပြုတ်ပြီးလျှင်
သဘင်ဘက်သို့ ပြောင်းသည်နှင့်လေး။

* သဘင်အကြောင်း ၊ 'သဘင်ဝန်မှတ်တမ်း' ခေါင်းစဉ်ဖြင့်သာ
ဆောင်းပါးအများ ၊ ရေးသားခဲ့ပြီးကာ
'သဘင်ဝန်' ကလောင်ယူကာ ၊ ရေးသားရာကျော်ကြား
စာပေနယ်တွင် ၊ 'သဘင်ဝန်ဦးနု' အမည်ပင်
ခေါ်တွင်လာ ထင်ရှားသည်တည့်လေး။

* အိမ်ထောင်ဆက်ကား ၊ (၅) ဆက်ထူထောင်ခဲ့သူပင်
စိတ်လက်မြန်မှုအတွက် ၊ အိမ်ထောင်သက်မရှည်ခင်
ကွဲကြပြီးလျှင် ၊ ခေါ်ငင် 'ကာတွန်းဦးဘဂျမ်း'မှ
ကျွေးမွေးထားကာ ၊ နောင်အခါ
ခမျာ လူအိုရုံတွင် နေရသည်နှင့်လေး။

* 'မြန်မာသဘင်လောက' ၊ စာအုပ်ရေးရခြင်းအကြောင်းမှာ
ဆရာဇော်ဂျီတို့ ၊ ရေးဖို့တိုက်တွန်းကြရာ
ရေးသားပြီးကာ ၊ စာပေဗိမာန်မှ ထုတ်ဝေထား
မြန်မာ့သဘင်တိုးတက်ရာ ၊ သဘင်ပညာသည်များအကြောင်းစုံစွာ
ဝေဖန်ကာ ရေးသားထားသည်တည့်လေး။

* ဆရာကြီးကား ၊ အသက်(၈၀)နား အရောက်တွင်
ကျန်းမာရေးချို့ယွင်း ၊ စာရေးဆရာအသင်းမှ ဆေးရုံတင်
ကုသပေးပြီးလျှင် ၊ နှင်းဆီကုန်းလူအိုရုံတွင် ပို့ထား
(၁၃၁၄) ခုနှစ်ပါ ၊ တပေါင်းလပြည့်ကျော် (၇) ရက်မှာ
ခမျာ လူအိုရုံတွင် သေဆုံးသွားသည်နှင့်လေး။

* ထင်ရှားအမွန် ၊ သဘင်ဝန်
ကျော့ပွန်သမိုင်း လှလေတော့သည်။
ညဉ်ကားတံခွန် ၊ မယဉ်အလွန်
လေပြွန်လျှာအရှိန်း မြနေပေါ့အတည်။ ။

# ဦးမြ

* မြန်မာသက္ကရာဇ် ၊ (၁၂၄၀) ပြည့်နှစ်ပင်
တပေါင်းလပြည့်ကျော်ရက် ၊ (၄)ရက် ကြာသပတေးနေ့တွင်
မွေးဖွားခဲ့သူပင် ၊ စိန်ဂွန်းကျောင်းတွင် ပညာသင်ကြား
(၁၀)တန်းအောင်ရာ ၊ အင်းစိန်စက်မှုကျောင်းမှာ
ဆက်ကာ (၂) နှစ် သင်ကြားသည်နှင့်လေး။

* သို့သင်ကြားပြီးမှ ၊ မင်းဘူး အစိုးရအထက်တန်းကျောင်းမှာ
ဆရာအဖြစ် ၊ (၂) နှစ်သင်ပြီးကာ
အင်းစိန်စက်မှုကျောင်းမှာ ၊ နည်းပြဆရာအဖြစ်
(၄)နှစ်သင်ပြီးလျှင် ၊ ကမ္ဘည်းကျောက်စာဌာနတွင်
ဝင်ရောက်အမှုထမ်း ဖြစ်သည်တည့်လေး။

* ကျောက်စာဝန် မစ္စတာတော်စိန်ခို၏ ၊ လက်အောက်ရှိ သုတေသနဌာနမှာ
စိတ်ဝင်စားသည့်အလျောက် ၊ တောက်လျှောက်လေ့လာဆည်းပူးကာ
(၁၉၀၇) ခုနှစ်အတွင်းမှာ ၊ အိန္ဒိယ ဗာရာဏသီမြို့အနီးမှ
'ဆာရ်နသ်' ဒေသတူးဖော်မှုတွင် ၊ အချိန်အတန်ကြာပင်
ပါဝင်ဆောင်ရွက် ရသည်နှင့်လေး။

* (၁၉၁၉) ခုနှစ်ကျ ၊ မစ္စတာဒူရွိုင်ဇယ်က ကျောက်စာဝန်ဖြစ်လာ
'ပြင်သစ်ဘာသာ' 'သက္ကတ' ၊ တတ်ကျွမ်းလှ ဦးမြကိုပါ
(၁၉၂၀) ခုနှစ်မှာ ၊ လက်ထောက်အရာခန့်ထား
ကျောက်စာဝန်နှင့်အတူသာ ၊ ကွင်းဆင်းအပတ်တကုတ်ကူညီပြီးကာ
မကြာ ကျောက်စာဝန် ခန့်ထားသည်နှင့်လေး။

* ကျောက်စာဝန်အဖြစ်ကား ၊ (၅)နှစ်ဆောင်ရွက်ပြီးလျှင်
ကျန်းမာရေးအတွက် ၊ လုပ်သက်ပြည့်ပင်စင်ယူငင်
(၁၉၅၃)ခုနှစ်ပင် ၊ စာပေဗိမာန်တွင် ယဉ်ကျေးမှုအကြောင်းများ
ဟောပြောလျက်
(၁၉၅၅) မှ (၁၉၆၀) ထိပါ ၊ ရှေးဟောင်းသုတေသနဌာနမှာ
အရာရှိ(အထူး) အဖြစ် ဆောင်ရွက်သည်တည့်လေး။

* 'ရှေးဟောင်းအုတ်ခွက်ရုပ်ပွားတော်များ' ၊ 'ရှေးဟောင်းမြန်မာအက္ခရာ
စာတမ်း'များ ရေးကာ
'အပယ်ရတနာလိုဏ်ဂူဘုရား' ၊ စာတမ်းအားရေးလာ
(၁၉၇၀)ပြည့်နှစ်မှာ ၊ ပုံနှိပ်ကာထုတ်ဝေထား
ဂျာနယ်, စာစောင်များတွင် ၊ ဆောင်းပါးအများပင်
သူလျှင် သုတေသနပြု ရေးသားသည်နှင့်လေး။

* (၁၉၆၀)ပြည့်နှစ်တွင်ကား ၊ သူ့အား နိုင်ငံတော်ကပါ
'သီရိပျံချီဘွဲ့'ဖြင့် ၊ ချီးမြှင့်ခဲ့ပေတာ
မြန်မာနိုင်ငံ သုတေသနအသင်းကပါ ၊ ဂုဏ်ထူးဆောင်အသင်းဝင်အ
ဖြစ်ပါ ရွေးချယ်ထား
(၁၉၇၃) ခုနှစ်ပင် ၊ ဇန်နဝါရီ(၂၂)ရက်တွင်
သူလျှင်ကွယ်လွန် သေဆုံးသွားသည်နှင့်လေး။

* နိုးကြား 'ကျောက်စာဝန်'ပါ ၊ သုတေသနပြုကာ
စာပေဝန် ထမ်းဆောင်ရွက်တော့သည်။
ကြိုးစားတစ်လျှောက်မှာ အနှံ့နာ ၊ သူ့အခြေအလှရှုရာ
ကြာရှည်အလွန် လျှမ်းပြောင်လျက်ပေါ့အတည်။ ။

# ဦးအောင်မြတ်ထွတ်

* မြန်မာသက္ကရာဇ် ၊ (၁၂၄၄) ခုနှစ်ပင်
နယုန်လပြည့်ကျော်ရက် ၊ (၁၁)ရက် တနင်္ဂနွေနေ့တွင်
အဖ 'ဦးလာ' ပင် ၊ မိခင် 'ဒေါ်အုပ်' တို့မှ
မြို့လှမြို့ ပင်းစုရွာမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'အောင်မြတ်ထွတ်' ခေါ်ကြသည်တည့်လေး။

* (၅)နှစ်သားအရွယ်က ၊ ရွာဦးကျောင်းဆရာတော် ရှင်ဝိသာလထံမှာ
သင်ပုန်းကြီးအစ ၊ မင်္ဂလသုတ် အခြေခံကျမ်းစာ
ဗေဒင်လက်ရိုးမကျန်ပါ ၊ သင်ယူကာဆည်းပူးရ
(၁၄)နှစ်အရွယ်တွင် ၊ သာမဏေဘောင်ဝင်
'ရှင်အာဒိစ္စဝံသ' ဘွဲ့မည်ရသည်နှင့်လေး။

* မြန်မာ့သက္ကရာဇ် ၊ (၁၂၆၃) ခုနှစ်ပင်
နတ်တော်လဆန်းရက် ၊ (၁၃)ရက်အရောက်တွင်
ရဟန်းဘောင်သို့ဝင် ၊ ရှင်ဝိသုဒ္ဓ(မန္တလေး)ထံပါး
သဒ္ဒါ , ဆန်း , အလင်္ကာ ၊ သင်ယူပြီးကာ
ရွှေဟသ်ာဆရာတော်ထံ သင်ကြားသည်နှင့်လေး။

* ရဟန်း(၅)ဝါအရ ၊ စာချပြုလုပ်ပြီးကာ
'ပါဒသိက္ခာနယူပဒေသကျမ်း' ၊ လက်စွမ်းပြရေးလာ

ဟံသာဝတီသတင်းစာမှာ ၊ 'ပညာဝန်ဦးဘိုးစ' ကလောင်အမည်ဖြင့်
ပိဋကတ်ဆိုင်ရာ ၊ ဆောင်းပါးများစွာ
ရေးကာ ရှင်းပြဖွင့်ဆိုသည်တည့်လေး။

* 'အရှင်အာဒိစ္စဝံသကျောင်းတိုက်'အမည်ဖြင့် ၊ သံဃာ(၅၀)ကျော်နှင့်အတူသာ
ပုဇွန်တောင် 'တောင်လုံးပြန်' သုသာန်ဟောင်း၌ ၊ စာသင်တိုက်ထူ
ထောင်လာ
(၁၂၈၀)ပြည့်နှစ်မှာ ၊ အိန္ဒိယ, သီရိလင်္ကာ, အင်္ဂလန်တို့သို့ကြွ
(၉)နှစ်ကျော် ဘာသန္တရသင်ယူကာ ၊ (၁၂၉၀)ပြည့်နှစ်မှာ
မြန်မာနိုင်ငံသို့ ပြန်ကြွလာသည်နှင့်လေး။

* ရဟန်းတော်များသန္တရ ၊ သင်ကြားကြရန်လှူ့ဆော်
မသင်ကြားသင့်သောဘက်မှ ၊ ကန့်ကွက်ကြလေသော်
'ဘာသန္တရလမ်းညွှန်ကျမ်းတော်' ၊ ရေးဖော်ရှင်းလင်း
'အသောကကျောက်စာတော်ကျမ်း'ကိုလေ ၊ မြန်မာဘာသာပြန်ထုတ်ဝေ
'ဝေလမင်းသားဆု' ချီးမြှင့်ခြင်းခံရသည်တည့်လေး။

*

သက်တော်(၆၀)တွင်း ၊ ရဟန်းဝတ်ဇာတ်သိမ်းခြင်းစတင်
လူအဝတ်ပြန်ဝတ် ၊ 'ဦးအောင်မြတ်ထွတ်'အမည်တွင်
အိမ်ထောင်ပြုပြီးလျှင် ၊ စာပေပင် ပို့ချရေးသား
အသက် (၇၀)မှာ ၊ ကွယ်လွန်သွားရာ
'အရှင်အာဒိစ္စဝံသကျောင်းတိုက်'တွင် သဂြိုလ်ထားသည်နှင့်လေး။

* ကျမ်းဂန်များစွာ ၊ ရေးသားလာ
ပညာရှိတစ်ဦး ဖြစ်ပေတော့သည်။
လမ်းမှန်တရားသာ ၊ အလေးထားကာ
အစဉ်သာ အသိထူး လှစ်နေပေ့ါအတည်။ ။

# ဦးဖေမောင်တင်

* မြန်မာသက္ကရာဇ် ၊ (၁၂၅၀) ပြည့်နှစ်ပင်
ကဆုန်လပြည့် ၊ အင်္ဂါနေ့ညနေတွင်
အဖ စာရေးကြီး 'ဦးဖေ'ပင် ၊ မိခင် 'ဒေါ်မြိုင်'တို့မှ
အင်းစိန်မြို့ ပေါက်တောရပ်မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဘတင်' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ကာလ ၊ (၇)တန်းမှစတင်
'စကောလားရှစ်ဆု' 'ရနှောင်းဆု' ၊ 'ဂျာဒင်းဆု'နှင့် 'မဟာဝိဇ္ဇာဘွဲ့'အထိပင်
အသီးသီးရပြီးလျှင် ၊ (၁၉၁၁) ခုနှစ်တွင် အထက်တန်းပြဆရာဖြစ်
(၁၉၁၂)ခုနှစ်ပါ ၊ ရန်ကုန်ကောလိပ်မှာ
ပါဠိပါမောက္ခ ဖြစ်လာသည်နှင့်လေး။

* (၁၉၂၀)ပြည့်နှစ်က ၊ အင်္ဂလန်နိုင်ငံမှ 'အိပ်ဇီတာကောလိပ်'မှာ
ပညာဆက်လက် ၊ ဆည်းပူးလျက် အမည်ကိုပါ
'ဖေမောင်တင်' ပြောင်းကာ ၊ 'အဋ္ဌသာလိနီ(၂)ကျမ်း'မက
'ဝိသုဒ္ဓိမဂ်(၃)ကျမ်း'ကိုပါ ၊ ပါဠိမှအင်္ဂလိပ်ဘာသာပြန်ဆိုရာ
'စာပေဝိဇ္ဇာ' (ဘီလစ်) ဘွဲ့ရသည်တည့်လေး။

* ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဘာသန္တရ ၊ ပါမောက္ခအဖြစ်လျှင်
အင်္ဂလန်မှပြန်လာပြီး ၊ (၁၂) နှစ်နီးပါးပင်
ဆောင်ရွက်နေစဉ် ၊ (၁၉၂၈) တွင် အိမ်ထောင်ကျလျက်
မြန်မာစာသင်ကြားရေးအမှန် ၊ အဆင့်မြင့်မားလာစေရန်
အားသွန်ခွန်စိုက် ဆောင်ရွက်သည်နှင့်လေး။

* အာဏာပိုင်ကို အရေးဆိုလျက် ၊ စာစီစာကုံးသင်ရန်အတွက်သာ
ဥပစာတန်း ၊ ဝိဇ္ဇာတန်း ၊ ဂုဏ်ထူးတန်း ၊ မဟာဝိဇ္ဇာတန်းအထိပါ
ပျို့ ၊ မော်ကွန်း ၊ ရာဇဝင်မကျန်ပါ ၊ စာကောင်းများစွာတည်းဖြတ်ထား
စာအုပ်အဖြစ် (၄၆)မျိုးထုတ်ဝေကာ ၊ ကိုယ်တိုင်အင်္ဂလိပ်ဘာသာဖြင့်ပါ
စာတမ်း(၅၀)ကျော် ရေးသားခဲ့သည်နှင့်လေး။

* ခေတ်စမ်းစာပေအား ၊ ဦးဆောင်လှုပ်ရှားခဲ့သူပင်
'မြန်မာကဗျာကောက်နုတ်ချက်' ၊ 'မြန်မာစကားပြေကောက်နုတ်ချက်' အပြင်
'မြန်မာစာပေသမိုင်းကျမ်း'ပင် ၊ သူလျှင်ပြုစုရေးသား
(၁၉၅၂)ခုနှစ်မှာ ၊ ရန်ကုန်တက္ကသိုလ်ကပါ
ဂုဏ်ပြုကာ 'အယ်လ်အယ်လ်ဒီဘွဲ့'ချီးမြှင့်ထားသည်နှင့်လေး။

* ဆရာကြီးကား ၊ ခရစ်ယာန်များ အကျိုးအတွက်မကပါ
ဗုဒ္ဓဘာသာအကျိုး ၊ ဆတိုးဆောင်ရွက်ခဲ့သူပါ
သူ၏ဆောင်ပုဒ်မှာ ၊ "တပည့်ဟာ ဆရာထက်တော်ရမယ်"ဖြစ်
(၁၃၃၄) ခုနှစ်မှာ ၊ ကွယ်လွန်ကာ
စာပေသမိုင်းတွင် လွင်သစ်နေသည်နှင့်လေး။

* ပင်မြစ်ဝေဆာ ၊ ဖြာသိုင်းကာ
စာပေအပင် ပွင့်လန်းနေပေါ့အတည်။
လွင်သစ်နေကာ ၊ စာသမိုင်းမှာ
ကြာရှည်အစဉ် ဝင့်လျှမ်းပေတော့သည်။ ။

# ရွှေဥဒေါင်း

* မြန်မာသက္ကရာဇ် ၊ (၁၂၅၁) ခုနှစ်ပင်
တန်ဆောင်မုန်းလဆန်းရက် ၊ (၂)ရက် ကြာသပတေးနေ့တွင်
အဖ 'ဦးရော'ပင် ၊ မိခင် 'ဒေါ်ရွှေ' တို့မှ
မန္တလေး ချောင်ဝှို့(ဝါးတန်း)ရပ်မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဖေသိန်း' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ကာလ ၊ မန္တလေးဗုဒ္ဓဘာသာ သီလရှင်ကျောင်းမှာ
ထို့နောက်လူကျောင်း ၊ ပြောင်းရွှေ့သင်ပြီးကာ
'ဒက္ခိဏဝံတိုက်' အပါ ၊ 'အေဒီအမ်' ကျောင်းမှာပါသင်ကြားပြီး
(၁၉၀၈)ခုနှစ်တွင် ၊ ကာလကတ္တားတက္ကသိုလ် အသိအမှတ်ဝင်
အောင်မြင် 'အင်းထရင့်' စာမေးပွဲကြီးကိုကွဲ့လေး။

* သို့အောင်မြင်ပြီးမနှေး ၊ မန္တလေး 'ဗုဒ္ဓဘာသာ'နှင့် 'အေဘီအမ်'ကျောင်း
တို့တွင်
ဆရာအဖြစ် ၊ ခေတ္တလုပ်ပြီးလျှင်
ရွှေဘို , မန္တလေးမြို့များတွင် ၊ တောလိုက်စာရေးဝင်လုပ်လျက်
အိမ်ထောင်(၂)ဆက်နေ၁် ၊ ကွဲပြီးသော်
ဒေါ်စိုးနှင့် ပေါင်းဖက်သည်နှင့်လေး။

* (၈)တန်းတက်စဉ်က ၊ ကမ္ဘာ့ဂန္ထဝင် ဝတ္ထုများဖတ်ဖြစ်ကာ
'ရန်ကြီးအောင်' ဝတ္ထု ၊ အစပြုရေးသားလာ
'ရတနာပုံ' ရေးပြီးရာ ၊ 'သူရိယမဂ္ဂဇင်း'မှာ အယ်ဒီတာအလုပ်ရ
စာပေနယ်တွင် ၊ 'ရွှေဥဒေါင်း'အမည်လျှင်
ပေါ်လွင်ထင်ရှားစ ပြုသည်တည့်လေး။

* (၁၉၂၀)ပြည့်နှစ်က ၊ 'သူရိယ'မှ နှုတ်ပယ်ခံရရှာ
(၁၉၃၆) ခုနှစ်မှ ၊ 'သူရိယ'က ပြန်ခေါ်ပြီးကာ
အယ်ဒီတာခန့်ရာ ၊ လုပ်ကိုင်ကာ စာပေများရေးသား
(၁၉၆၂) ခုနှစ်ပါ ၊ 'လုပ်သားပြည်သူနေ့စဉ်သတင်းစာ'မှာ
အယ်ဒီတာချုပ် (၆)နှစ်လုပ်ပြီး အငြိမ်းစားသည်နှင့်လေး။

* ဆရာကြီးကား ၊ အနောက်တိုင်းဝတ္ထုများကိုပင်
ဘာသာပြန်ခြင်း ၊ မှီငြမ်းခြင်း ပြုပြီးလျှင်
မြန်မာစာပေနယ်တွင် ၊ ပေါ်လွင်ထင်ရှားလှ
(၁၉၅၂)ခုနှစ်ပါ ၊ 'မျှော်တလင့်လင့်' ဝတ္ထုဖြင့်သာ
'စာပေဗိမာန်ဘာသာပြန်ဆု' ရသည်တည့်လေး။

* (၁၉၅၅)ခုနှစ်က ၊ 'သွေးစုတ်မြေ' အမည်ရဝတ္ထုဖြင့်သာ
'စာပေဗိမာန်ဘာသာပြန်ဆု'အား ၊ ရရှိထားပြီးကာ
(၁၉၆၁) ခုနှစ်မှာ ၊ 'တစ်သက်တာမှတ်တမ်း' ဖြင့် 'စာပေဗိမာန်ဆု'ရ
(၁၉၇၃)ခုနှစ်ပင် ၊ ဩဂုတ်လ (၁၀)ရက် သောကြာနေ့တွင်
သူလျှင် ကွယ်လွန်အနိစ္စရောက်သည်နှင့်လေး။

* ကမ္ဘာ့စာပေ ၊ မြန်မာစာနယ်မြေ
ရှာဖွေပို့ဆောင် ပေးသူသာဖြစ်တော့သည်။
အရသာတွေ ၊ အမှန်သာဖြာကြွယ်နေ
စာပေမချို့အောင် ဖေးကူရာစနစ်ပေ့ါအတည်။ ။

# စစ်ကိုင်း ဦးဘိုးသင်း

* မြန်မာသက္ကရာဇ် ၊ (၁၂၅၂) ခုနှစ်ပင်
ဝါခေါင်လပြည့်ကျော်ရက် ၊ (၁)ရက် ကြာသပတေးနေ့တွင်
အဖ 'ဦးဖိုးသာ' ပင် ၊ မိခင် 'ဒေါ်ရွှေအိတ်'တို့မှ
မင်းတုန်းမြို့ မြို့သစ်ကုန်းအရှေ့ပိုင်းမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဘိုးသင်း' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ခါက ၊ ဖခင်မှသင်ကြားပေးရာ
ရေးတတ်ဖတ်တတ်လျက် ၊ တန်းကျောင်းတက်သည့်အခါ
သတ္တမတန်းမှာ ၊ သရက်တစ်မြို့လုံးမှာ 'ပထမ'
မန္တလေးဆရာအတတ်သင်ကျောင်းမှာ ၊ ပညာဆည်းပူးရာ
(၁၉၀၇) ခုနှစ်တွင် ဆရာအဖြစ် လက်မှတ်ရသည်နှင့်လေး။

* လက်မှတ်ရပြီး ၊ မြစ်ကြီးနားတွင် ကျောင်းဆရာပင်
ဗန်းမော်တွင်ကျောင်းအုပ် ၊ ပြုလုပ်နေခဲ့စဉ်
ပညာအုပ်နှင့်စကားများသည်တွင် ၊ သူလျှင်အလုပ်ထွက်သွား
မန္တလေးမှာ ၊ သတင်းထောက်အဖြစ်ဆောင်ရွက်နေရာ
ပညာမင်းကြီးမှ ခေါ်ယူ 'ပညာအုပ်' ခန့်ထားသည်တည့်လေး။

* ဆရာကြီးကား ၊ (၁၉)နှစ်သားမှစတင်
ဝတ္ထုဆောင်းပါး ၊ အမြောက်အမြားရေးသားပြီးလျှင်
'ရွှေဂျိုးဖြူ' ကလောင်ခွဲနှင့်ပင် ၊ တစ်ခါတစ်ရံတွင် ရေးသား
(၁၉၃၈) ခုနှစ်တွင် ၊ 'ဖာတစ်လုံးခေါင်းကျား' ဝတ္ထုရေးရာတွင်
ရုပ်ရှင်အဖြစ် ရိုက်ကူးထင်ရှားသည်နှင့်လေး။

* 'ငမဲကျွန်' ဝတ္ထုအား ၊ ရေးသားထုတ်ဝေရာ
(၁၉၅၄) ခုနှစ် ၊ 'စာပေဗိမာန်ဆု' အဖြစ်ချီးမြှင့်ခံရကာ
သိမှတ်ဖွယ်ရာ ၊ ဆင်ခြင်ဖွယ်ရာများပါဝင်သည့်
'သူ့အမြင်သူ့အတွေး (၁၀)တွဲမှာ ၊ ဆရာကြီး၏ ထင်ရှားလက်ရာ
စာပေနယ်တွင် ကျန်ရှိသည်တည့်လေး။

* တပည့်များ၏ ၊ တိုက်တွန်းသည့်အတွက်ပင်
'ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ'အား ၊ ရေးသားခဲ့ပြီးလျှင်
(၁၉၅၉)ခုနှစ်တွင် ၊ စာပေဗိမာန်ကပင် ထုတ်ဝေထား
(၁၉၇၃)ခုနှစ်ပါ ၊ ဒီဇင်ဘာလ(၁၀)ရက်မှာ
ခမျာ ကွယ်လွန်သွားသည်နှင့်လေး။

* ထင်ရှားလက်ရာ ၊ များပြားစွာ
စာပေသမိုင်းတွင် မှတ်တမ်းတွေဝင်ပေါ့အတည်။
အလျင်သွားလျက်သာ ၊ အားထားကာ
ရှာဖွေမဆိုင်းပင် ဖတ်စမ်းစေချင်တော့သည်။ ။

# ဟံသာဝတီ ဦးဘရင်

* မြန်မာသက္ကရာဇ် ၊ (၁၂၅၆) ခုနှစ်ပင်
နတ်တော်လဆန်းရက် ၊ (၂)ရက် ဗုဒ္ဓဟူးနေ့တွင်
အဖ 'ဦးဘိုမြ' ပင် ၊ မိခင် 'ဒေါ်ချိမ့်အုန်း'တို့မှ
မအူပင်မြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဘရင် ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်အခါက ၊ မိဘမှကျောင်းထားရာ
ကျောင်းမတက်ဖြစ် ၊ (၁၂၆၅) ခုနှစ်မှ 'အရှင်အာဒိစ္စ'ထံမှာ
အပတ်တကုတ်လေ့လာ ၊ သဒ္ဒါ, အဘိဓာန်ကျမ်းများ
ဆန်း , အလင်္ကာ ၊ တတ်မြောက်ကာ
ကဗျာလင်္ကာများ ရေးသားသည်နှင့်လေး။

* သာမဏေဘောင်အား ၊ 'ရှင်ဝါသဝဘွဲ့' ထားပြီးဝင်
ရှင်သာမဏေဘဝ ၊ ဝိနည်း, အဋ္ဌကထာများ သင်ပြီးလျှင်
ရဟန်းဘဝတွင် ၊ (၇)ဝါအထိပင် နေခဲ့သေး
သဘင်ပညာ ၊ စက်ချုပ်ပညာများ ဆည်းပူးကာ
မိတ္ထီလာတွင် စက်ချုပ်အသက်မွေးသည်နှင့်လေး။

* မန္တလေးမြို့မှ ၊ ရတနာ့သိဒ္ဓိ ပုံနှိပ်တိုက်မှာ
ဝင်ရောက်အမှုထမ်း ၊ ပုံနှိပ်လုပ်ငန်းလေ့လာ
ထိုမှတစ်ဖန်ပါ ၊ မန္တလေး ဟံသာဝတီတိုက်မှာ စာပြင်လုပ်လျက်
ကျောက်စာဝန်ဦးမြ လမ်းညွှန်ရာ ၊ ရှေးဟောင်းမြန်မာ
ကျောက်စာများကို လေ့လာဆောင်ရွက်သည်တည့်လား။

* ဟံသာဝတီတိုက်ပျက်ယွင်း ၊ ရန်ကုန်သို့ဆင်းခဲ့ရာ
သခင်ကိုယ်တော်မှိုင်း ၊ ရိုင်းပင်းကူညီရှာ
စာနယ်ဇင်းလောကမှာ ၊ ဆောင်းပါးများစွာရေးသား
တိုးတက်ရေးတိုက်တွင် ၊ တာဝန်ခံအယ်ဒီတာလုပ်စဉ်
'ရာဇဝင်သံခိပ်နှင့်အဖြေချုပ်' ရေးသားသည်တည့်လေး။

* ပြုစုရေးသွား ၊ စာအုပ်ကားများစွာပင်
'လောကီမင်္ဂလာ(၁၃)ပါး' ၊ 'ခက်ဆစ်အဖြေများ' အပါအဝင်
'ခရီးသည်ဘုရင်' ၊ 'မြန်မာ့သဘင်သမိုင်း'မှ
'(၁၂)လရာသီ ၊ မြန်မာပြည်'
'ဂီတသိပ္ပံအခြေခံ' စသည်ကွဲ့လေး။

* (၁၉၆၈) ခုနှစ်က ၊ စာပေဗိမာန်မှထုတ်ဝေလာ
ကိုယ်တိုင်ရေးသည့် ၊ 'ဦးဘရင်၏ဦးဘရင်'လည်းပါ
ဆောင်းပါးများစုစည်းကာ ၊ 'ရှေးထုံးစဉ်လာ' စာအုပ်ထုတ်ဝေထား
(၁၉၇၇) ခုနှစ်ပင် ၊ စက်တင်ဘာလ (၁၂)ရက်တွင်
သူလျှင် ကွယ်လွန်ဆုံးပါးသည်နှင့်လေး။

* နှုန်းထားတူစွာလေ ၊ 'ကြာ' အညီပေ
ရေမှာလန်းဖြာ နေသို့အတည်။
ဆုံးပါးလူသာသေ ၊ နာမည်မသေ
ရှည်ကြာလျှမ်းကာ ဝေလို့ကြွည်။ ။

# ဒဂုန်ရွှေမျှား

* မြန်မာသက္ကရာဇ် ၊ (၁၂၅၇) ခုနှစ်ပင်
နယုန်လဆန်းရက် ၊ (၁၁)ရက် တနင်္ဂနွေနေ့တွင်
အဖ 'ဦးချစ်ထွန်း' ပင် ၊ မိခင် ဒေါ်စောကလေး'တို့မှ
ပြည်မြို့နယ်မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်တင်' ခေါ်ကြသည်တည့်လေး။

* (၁၉၁၅) ခုနှစ်က ၊ ပြည်မြို့အစိုးရအထက်တန်းကျောင်းပင်
ကာလကတ္တားတက္ကသိုလ်က ၊ ကြီးမှူးကျင်းပသည့် စာမေးပွဲတွင်
တက္ကသိုလ်ဝင်တန်းအောင်မြင် ၊ ထိုနှစ်မှာပင်အိမ်ထောင်ကျ
ဖခင်၏လက်ငုတ်ပါ ၊ ကုန်သည် အလုပ်သာ
လုပ်ကာ အသက်မွေးကြသည်နှင့်လေး။

* သူရိယမဂ္ဂဇင်းက ၊ ကြီးမှူးကျင်းပသည့် ဝတ္ထုတိုပြိုင်ပွဲမှာ
ရှိတ်စပီးယား၏ ၊ 'အော်သယ်လို' အမည်ရှိပြဇာတ်ကို မှီငြမ်းကာ
'ချင်းဗိုလ်မောင်တက်တူ' ဝတ္ထုဝင်ပြိုင်ရာ ၊ ဆုငွေမှာ (၁၅)ကျပ်ရရှိသွား
(၁၉၁၇)ဇွန်လထုတ် သူရိယမဂ္ဂဇင်းမှာ ၊ ထိုဝတ္ထုဖော်ပြခံရရာ
နောင်ခါမှီငြမ်းဝတ္ထုများစွာ ရေးသားသည်နှင့်လေး။

* (၁၉၂၀) ပြည့်နှစ်တွင်ကား ၊ 'ကြည်တော်မူဂျာနယ်' အား ဦးစီးထုတ်ဝေလာ
ပထမဆုံးအခန်းဆက် ၊ 'လျှို့ဝှက်သောစာအိတ်ကြီး' ဝတ္ထုထည့်သွင်းရာ
ကလောင်အမည်မှာ ၊ 'ရွှေမျှား' အမည်သာဖြစ်သေး
ဒဂုန်မဂ္ဂဇင်းမှာ အရေးများသည်တွင် ၊ 'ဒဂုန်ရွှေမျှား'အမည်တွင်
'ပြည်မောင်တင်' အမည်ဖြင့်လည်း ရေးသည်တည့်လေး။

* ရှေ့ရေးအတွက် ဘဝအမျိုးမျိုး ၊ တိုး၍ကျင်လည်ပြီးလျှင်
ဘာသာပြန်ဝတ္ထုရှည် (၄၀)ခန့် ၊ ဝတ္ထုတိုရှည် (၁၀၀၀)ခန့်အပြင်
ဆောင်းပါး(၆၀၀)ခန့်ပင် ၊ သူလျှင်ရေးခဲ့ခန့်မှန်းကြ
(၁၉၅၉) ခုနှစ်မှာ ၊ 'ရော်ဘင်ဆင်ကရူးဆိုး' ဝတ္ထုဖြင့်သာ
'စာပေဗိမာန်ဘာသာပြန်ဆု' ရသည်နှင့်လေး။

* (၁၉၆၃) ခုနှစ်က ၊ 'မြို့ဝန်မင်း၏ ဘဝခရီး' ဝတ္ထုဖြင့်သာ
'အမျိုးသားစာပေဆု' ၊ 'ဘာသာပြန် ဒုတိယဆု' ရရှိကာ
(၁၉၇၃) ခုနှစ်မှာ ၊ 'မွန်းတည့်ရန်(၂) မိနစ်အလို' စာမူဖြင့်
'စာပေဗိမာန်စာမူဆု' တွင် ၊ 'ဘာသာပြန်ဒုတိယဆု' ပင်
သူ့လျှင်ပေးအပ်ချီးမြှင့်သည်တည့်လေး။

* 'မြန်မာနိုင်ငံစာပေဆုများ' အမည်ဖြင့် ၊ စာပေဆုမှတ်တမ်းစာအုပ်နှင့်လေ
(၁၉၇၅) ခုနှစ်က ၊ 'ဘဝအတွေ့အကြုံ' စာအုပ်တွေ
ရေးခဲ့ပြီးလေ ၊ 'လူရေ(ရည်)ချွန်များ' 'ဆရာစံ' စာအုပ်များရေးပြီး
(၁၉၈၂) ခုနှစ်ပင် ၊ မေလ (၂၈)ရက်တွင်
သူလျှင် ဘဝမီးငြိမ်းသည်နှင့်လေး။

* ဘဝမီးငြိမ်းကာလေ ၊ လူသာသေ
မသေနာမည် ဝင်းလက်ပေတော့သည်။
အလှတစ်နည်းကိန်းဖြာဝေ ၊ ဇမ္ဗူမှာလေ
အရှည်သာကြည် လင်းလျက်နေပေါ့အတည်။ ။

ဦးပဂျိုင်



# ဦးပဂိုင္

* မြန်မာသက္ကရာဇ် ၊ (၁၂၅၉) ခုနှစ်ပင်
နတ်တော်လပြည့်ကျော်ရက် ၊ (၁၃)ရက် အင်္ဂါနေ့တွင်
အဖ 'ဦးဖိုးဆိတ်' ပင် ၊ မိခင် 'ဒေါ်ဖွားစိန်'တို့မှ
နတ်တလင်းမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'ပဂိုင်' ခေါ်ကြသည်တည့်လေး။

* အသက်(၈)နှစ်မှ ၊ နတ်တလင်းဦးရွှေတုတ်ကျောင်း၌ ပညာစသင်
ထို့နောက်ဦးဖိုးချက်ကျောင်း ၊ ပြောင်း၍သင်ပြီးလျှင်
တတိယတန်းတွင် ၊ ရေကျော်မက်သဒစ်ကျောင်း၌ ပညာသင်ကြား
အဌမတန်းအထိသာ ၊ ပညာသင်ကြားကာ
(၁၉)နှစ်မှာ 'ဘီအိုစီ' စာရေးလုပ်စားသည်နှင့်လေး။

* ရုပ်ရှင်လောကအား ၊ စတန့်မင်းသားအဖြစ် ဝင်ရောက်ကာ
သရုပ်ဆောင်အဖြစ် ၊ ဒါရိုက်တာအဖြစ်လုပ်ကိုင်ဖူးသူပါ
(၁၉၃၁) ခုနှစ်မှာ ၊ 'ကြီးပွားချမ်းသာရေးကျမ်း'ကို ရေးသား
ငယ်နာမည်သည် ၊ ကလောင်အမည်
'ဦးပဂိုင်'အမည် တွင်သွားသည်နှင့်လေး။

* တစ်အုပ်တည်းရေးသား ၊ 'ဦးပဂိုင်'အမည်ကားပေါ်လွင်
သူရေးသည့်ကျမ်း ၊ သတ္တမတန်း၌ ပြဋ္ဌာန်းခံရသည်တွင်
'တိုးတက်ရေးမဂ္ဂဇင်း'ကို စတင် ၊ သူလျှင်ထုတ်ဝေသွား
တာဝန်ခံအယ်ဒီတာလုပ်ကာ ၊ 'တိုးတက်ရေးဦးစိန်' အမည်နှင့်ပါ
များစွာဆောင်းပါး ရေးသားသည်နှင့်လေး။

* (၁၉၃၆)ခုနှစ်တွင်ကား ၊ 'ဘားမားဂျာနယ်' ထုတ်ဝေကာ
(၁၉၃၈)ခုနှစ်တွင်း ၊ 'တိုးတက်ရေးသတင်းစာ' ထုတ်ဝေလာ
(၁၉၄၆) ခုနှစ်မှာ ၊ 'တိုးတက်ရေး ဂျာနယ်'ထုတ်ဝေလျက်
ဒု-ကမ္ဘာစစ်အတွင်းတွင် ၊ 'သမဝါယမဥက္ကဋ္ဌ' အဖြစ်ပင်
သူလျှင်လုပ်ကိုင် ဆောင်ရွက်သည်တည့်လေး။

* ဝိပဿနာအတွက် ၊ ဝိပဿနာဘက်တွင်
ပြန့်ပွားရေးတက်လမ်း ၊ 'ဝိပဿနာဆိုင်ရာကျမ်း'ကိုပင်
ပြုစုပြီးလျှင် ၊ အဖွဲ့တွင် ဥက္ကဋ္ဌဖြစ်ဆောင်ရွက်
(၁၉၇၈) ခုနှစ်ပါ ၊ အောက်တိုဘာလ (၅)ရက်မှာ
ခမျာ အသက်နှင့်ခန္ဓာ ပျက်သည်နှင့်လေး။

* တက်ကျမ်းဆရာအို ၊ ဦးပဂိုင်
စာဆိုစာရင်း ဝင်လေပေါ့အတည်။
လက်ကမ်းကာကြို ၊ အထူးကြည်ညို
မနာလို ကင်းစင်နေတော့သည်။ ။

# ဦးဂုဏ်ဘဏ်

* မြန်မာသက္ကရာဇ် ၊ (၁၂၅၉) ခုနှစ်ပင်
တပေါင်းလပြည့်ကျော်ရက် ၊ (၇) ရက် တနင်္ဂနွေနေ့တွင်
အဖ ရာဇဝတ်ဝန်ထောက်မင်း 'ဦးသိုင်း'ပင် ၊ မိခင် 'ဒေါ်မမကော'တို့မှ
မုံရွာမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဂုဏ်ဘဏ်' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ခါက ၊ မုံရွာဝက်စလီယံကျောင်းမှာ ပညာစသင်
(၁၂)နှစ်သားအရွယ်၌ ၊ ဇောင်ချမ်းပင်ကျောင်းတိုက်ဆရာတော်ထံတွင်
ကိုရင်ဝတ်ပြီးလျှင် ၊ တစ်ဝါတွင်လူထွက်
(၁၉၁၉)ခုနှစ်မှာ ၊ အင်္ဂလိပ်-မြန်မာ(၁၀)တန်းအောင်ကာ
စာတိုက်နှင့်ကြေးနန်းရုံးတွင် ဆောင်ရွက်သည်နှင့်လေး။

* သို့ဆောင်ရွက်ပြီးသွား ၊ ဘုံဘေဘားမားကုမ္ပဏီမှာ
(၁၈)နှစ်နီးနီး ၊ ထပ်မံဆောင်ရွက်ပြီးကာ
(၁၉၃၉) ခုနှစ်မှာ ၊ ရန်ကုန်ဆင်းလာလျက်
စာတိုက်သမဝါယမမှာ ၊ ဝင်ရောက်လုပ်ကိုင်ကာ
'ခြင်းယိုင်ခတ်ပြသနာ' စာအုပ်ထွက်ရှိသည်နှင့်လေး။

* ငယ်စဉ်ကဆောင်ရွက် ၊ အားကစားနှင့်ဂီတဘက်မှာ
ဟော်ကီ , ဘောလုံး ၊ ခြင်းလုံး , တင်းနစ် ကစားကာ
ဂီတပညာ ၊ လေ့လာမှုမှာကား
တယော , မယ်ဒလင် ၊ ဘင်ဂျို , ပတ္တလားလျှင်
ဆရာမြင့်ကြီးထံမှာ သင်ကြားသည်တည့်လေး။

* ဇာတ်ရုပ်သေးပွဲများ ၊ ဝါသနာအားကြီးစွာပင်
စင်ပေါ်စင်အောက် ၊ တောက်လျှောက်လေ့လာပြီးလျှင်
ဆရာမွန်း , ဦးစပယ်လှိုင် တို့အပြင် ၊ ဒီးဒုတ်ဦးဘချိုထံတွင်သင်ကြား
ဒု-ကမ္ဘာစစ်အတွင်းမှာ ၊ မျက်စိကွယ်သွားရာ
ဂီတသာ လေ့လာလိုက်စားခဲ့သည်နှင့်လေး။

* ဇာတ်သဘင်အကြောင်းအား ၊ မဂ္ဂဇင်းများတွင်ရေးသားကာ
မြန်မာ့အသံမှ ၊ တင်ပြအသံလွှင့်ရှာ
စာပေဗိမာန်လေဟာပြင်မှာ ၊ ဟောပြောကာ ဟောပြောချက်များအား
စာအုပ်အဖြစ်ပါ ၊ ထုတ်ဝေခဲ့ရာ
များစွာ ထင်ထင်ရှားသည်တည့်လေး။

* ဆရာကြီးကား ၊ ယဉ်ကျေးမှုကောင်စီအား ဝင်ပြီးလျှင်
အနုပညာဆိုင်ရာအကြံပေး ၊ ဆောင်ရွက်ခဲ့မနှေးပင်
'ဦးဂုဏ်ဘဏ်' အပြင် ၊ 'ဦးစ' အမည်နှင့်ပင်ရေးသား
(၁၉၈၁) ခုနှစ်ပါ ၊ ဖေဖော်ဝါရီလ (၂၁)ရက်မှာ
ခမျာ ကွယ်လွန်သေဆုံးသွားသည်နှင့်လေး။

* အမြင်အားဘက်မှာ ပီသမမြင်ပါ
အားပါစွာ လှုပ်ရှားဖြစ်တော့သည်။
ထင်ရှားလက်ရာ ၊ ဂီတပညာ
များစွာစာအုပ် ထားရစ်ပေ့ါအတည်။ ။

# ဦးသာမြတ်

* မြန်မာသက္ကရာဇ် ၊ (၁၂၆၀) ပြည့်နှစ်ပင်
ကဆုန် လဆန်းရက် ၊ (၁၀)ရက် သောကြာနေ့တွင်
အဖ ပွဲစားကြီး 'ဦးဘိုးမြ' ပင် ၊ မိခင် 'ဒေါ်ငွေသင်'တို့မှ
ပုတီးကုန်းမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်သာမြတ်' ခေါ်ကြသည်တည့်လေး။

* အသက် (၆)နှစ်မှ ၊ ဇာတိနယ်က ဆရာတော်များထံမှာပညာသင်
အသက် (၁၂)နှစ်၌ ၊ ကြို့ပင်ကောက် အာရ်စီအမ် စိန်မိုက်ကယ်ကျောင်းပင်
စတုတ္ထတန်းမှစတင် ၊ အတန်းတိုင်တွင် ပထမစွဲလျက်
ပြည်မြို့အထက်တန်းကျောင်းမှာ ၊ (၁၀) တန်းစာမေးပွဲဖြေရာ
ပါဠိ , မြန်မာစာ , အင်္ဂလိပ်စာ ဂုဏ်ထူးထွက်သည်နှင့်လေး။

* ရန်ကုန်တက္ကသိုလ်တက်ခိုက် ၊ ဥပစာတန်း၌ ပထမအဆင့်ပင်
တက္ကသိုလ်ပထမ ၊ သပိတ်ကာလတွင်
သင်ကြားမှုနားနေစဉ် ၊ ဒေါ်ရီနှင့်လျှင် အိမ်ထောင်ကျ
(၁၉၂၄) ခုနှစ်တွင်အမှန် ၊ ဘုံဘေယူနီဗာစီတီကောလိပ်ကအပ်နှင်းပြန်
သိပ္ပံဘွဲ့ (B.Ag) ကို ရရှိသည်နှင့်လေး။

* 'စိုက်ပျိုးရေးဝန်ထောက်' ဘဝ ၊ 'ရောင်းဝယ်ရေးဝန်ထောက်' ဘဝမကပါ
'စိုက်ပျိုးရေးဝန်ကလေး' ၊ 'ဒက္ခိဏတိုင်းစိုက်ပျိုးရေးဝန်'အဖြစ်ပါ
အဆင့်ဆင့်ထမ်းရွက်ကာ ၊ (၁၉၅၄)မှာ အငြိမ်းစားယူလျက်

ယဉ်ကျေးမှုဗိမာန် ၊ 'ညွှန်ကြားရေးဝန်'
တာဝန်ဆက်လက် ထမ်းရွက်သည်တည့်လေး။

* စိုက်ပျိုးရေးပြက္ခဒိန်ထုတ်ဝေရေး ၊ စာတမ်းရေး , ဘာသာပြန်ခြင်းအပြင်
စိုက်ပျိုးရေးစာအုပ်များ ၊ တည်းဖြတ်ပေးထားပြီးလျှင်
ဆေးဝါးပင်ပြုစုရေး အဘိဓာန်အဖွဲ့တွင် ၊ သူ့ပင်ခေါင်းဆောင်တင်ထား
'ရှုမဝ' 'မြဝတီ' မကပင် ၊ 'ပြည်ထောင်စုယဉ်ကျေးမှုစာစောင်'တွင်
'သဇင်လှ' အမည်ဖြင့် ဆောင်းပါးများရေးသားသည်နှင့်လေး။

* သူကား 'သုတေသနအသင်းဥက္ကဋ္ဌ' ၊ 'စာပေပြန့်ပွားရေးအသင်းနာယက'
အပြင်
'စာပေဗိမာန်အဖွဲ့ ၊ သုခမိန်အဖွဲ့ဝင်'
'လူထုပညာရေးကောင်စီဝင်' ၊ 'ယဉ်ကျေးမှုကောင်စီဝင်'ဖြစ်ခဲ့ဖူးလျက်
ပိဋကတ်မြန်မာပြန်အဖွဲ့မှာ ၊ 'သုခမိန်အဖွဲ့ဝင်' အဖြစ်ပါ
များစွာလုပ်ကိုင် ဆောင်ရွက်ခဲ့သည်တည့်လေး။

* ရန်ကုန်တက္ကသိုလ်မှ ၊ 'မဟာဝိဇ္ဇာဘွဲ့' ရရှိသည့်အပြင်
လန်ဒန်တက္ကသိုလ်က ၊ (F.R.H.S) ဘွဲ့ရရှိပြီးလျှင်
(၁၉၅၇) ခုနှစ်တွင် ၊ နိုင်ငံတော်မှပင် 'သီရိပျံချီဘွဲ့' ချီးမြှင့်ထား
(၁၉၇၇) ခုနှစ်ပါ ၊ နိုဝင်ဘာလ (၂၄)ရက်မှာ
ခမျာ ကွယ်လွန်သေဆုံးသွားသည်နှင့်လေး။

* ဘွဲ့များပိုင်ရှင် ၊ ဂုဏ်ထူးရှင်
စာနယ်တွင် နည်းမှတ်ကြပေါ့အတည်။
ချဲ့ကားအပိုင်လျှင် ၊ ဂုဏ်အထူးမတင်
ခမျာတကယ်ပင် ကြီးမြတ်လှတော့သည်။ ။

# ဒဂုန်နတ်ရှင်

* မြန်မာသက္ကရာဇ် ၊ (၁၂၆၀)ပြည့်နှစ်ပင်
နတ်တော်လဆန်းရက် ၊ (၁၁)ရက် အရောက်တွင်
အဖ 'ဦးရှိန်း' ပင် ၊ မိခင် 'ဒေါ်ခင်အို'တို့မှ
မန္တလေးမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်မောင်ကြီး' ခေါ်ကြသည်တည့်လေး။

* (၃)နှစ်သားအရွယ်က ၊ မြန်မာစာပေ စသင်ကာ
ရှင်သာမဏေဝတ်ပြီး ၊ လောကုတ္တရာစာပေဆည်းပူးလေ့လာ
(၁၉၁၉) ခုနှစ်မှာ ၊ အင်္ဂလိပ်-မြန်မာအထက်တန်းကျောင်းမှထွက်လျက်
ကြေနန်းအင်ဂျင်နီယာဌာနပင် ၊ မင်းကြီးရုံးတွင်
သူလျှင် အမှုထမ်းရွက်သည်နှင့်လေး။

* အသက်(၁၆)နှစ်သား ၊ 'ဉာဏ်ကျယ်-အုန်းဖေ' ဝတ္ထုရေးသားဖူးကာ
ဂီတလိုက်စား ၊ ပျဉ်းမနားတွင်နေစဉ်အခါ
'ပျဉ်းမနားမောင်မောင်ကြီး' အမည်ယူကာ ၊ ဒဂုန်မဂ္ဂဇင်းမှာ ကဗျာ,
ဝတ္ထုရေးသား
မဂ္ဂဇင်းမန်နေဂျာ ၊ 'ဒဂုန်နတ်ရှင်'အမည်ပေးရာ
များစွာ ကျေနပ်သွားသည်နှင့်လေး။

* သီချင်းရေးသား ၊ ပျဉ်းမနားမှပေးပို့စဉ်
မြန်မာအဆွေကုမ္ပဏီမှ ၊ နှစ်သက်လှသည်တွင်
ရန်ကုန်သို့ခေါ်ပြီးလျှင် ၊ ဒဂုန်မဂ္ဂဇင်းတွင် လက်ထောက်အယ်ဒီတာခန့်လျက်
ဇာတ်ညွှန်းများရေးပေးရင်းသာ ၊ အိန္ဒိယသို့လိုက်ပါသွားဖူးကာ
(၁၉၃၃) တွင် ဒဂုန်မှနုတ်ထွက်သည်တည့်လေး။

* 'တက္ကသိုလ်သိပ္ပံမဂ္ဂဇင်း' ၊ 'တိုးတက်ရေးမဂ္ဂဇင်း' စသည်တို့တွင်
အယ်ဒီတာအလုပ် ၊ လုပ်ကိုင်ဖူးသူပင်
'မြန်မာနိုင်ငံစာရေးဆရာအသင်း'တွင် ၊ 'ဥက္ကဋ္ဌ'ပင်လုပ်ဖူးလျက်
'ငါးပါးသီလလုံခြုံရေးအဖွဲ့' အပြင် ၊ 'ကျောင်းသုံးစာအုပ်ကော်မတီ'တွင်
'ကော်မတီဝင်' အဖြစ် ဆောင်ရွက်ခဲ့သည်နှင့်လေး။

* ဆရာကြီးလက်ရာကား ၊ 'စာပေအမွေအနှစ်များ' စာအုပ်အပြင်
'အိမ်ထောင်ဦးရှုဖွယ်ကျမ်း' ၊ 'လူ့သွေးခေါ် သွေးတိုးကျမ်း'မကပင်
'ပါနောက်၏ရုပ်ကြီးစင်' ၊ 'ဒဂုန်နတ်ရှင်၏ဘဝခရီးစဉ်'မှ
'မြန်မာ့ရိုးရာဆင်တန်ဆာ' ၊ 'စိတ်ပညာ'
'အာဇာနည်' 'ခြသေ့်စိတ်' စသည်တည့်လေး။

* (၁၉၅၅)ခုနှစ်က ၊ 'စာပေဗိမာန်သုတပဒေသာဆု'အဖြစ်ပင်
'မြန်မာစာပြုစာဆို ပုဂ္ဂိုလ်ကျော်များ' ၊ စာအုပ်ကားရရှိပြီးလျှင်
(၁၉၈၃) ခုနှစ်တွင် ၊ 'မြန်မာ့ရိုးရာဂဏန်းသင်္ချာ'စာအုပ်မှ
'အမျိုးသားစာပေဆု'ပါ ၊ ရရှိခဲ့ပြီးကာ
(၁၉၈၉)ခုနှစ်တွင် အနိစ္စရောက်သည်နှင့်လေး။

* မြန်မာ့စာပေရှင် ၊ 'ဒဂုန်နတ်ရှင်'
သမိုင်းတွင် ထင်ရှားလှပေါ့အတည်။
အလှဖြာဝေလွင် ၊ 'ယုန်'အမှတ်အသွင်
နှိုင်းယှဉ် တင်စားရတော့သည်။ ။

# ဒဂုန်ဦးလှဘော

* မြန်မာသက္ကရာဇ် ၊ (၁၂၆၁)ခုနှစ်ပင်
ပထမဝါဆိုလဆန်းရက် ၊ (၈)ရက်အရောက်တွင်
အဖ 'ဦးရေချမ်း' ပင် ၊ မိခင် 'ဒေါ်ပန်းဥ'တို့မှ
ရေတာရှည်မြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်လှဘော' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ် ဦးလက္ခဏကျောင်း ၊ ဘုန်းကြီးကျောင်းတွင် ပညာရှာ
(၁၉၁၈) ခုနှစ်အတွင်း ၊ အင်္ဂလိပ်-မြန်မာ (၉)တန်းအောင်မြင်လာ
(၁၉၂၁) ခုနှစ်မှာ ၊ မန္တလေးတိုင်းသမဝါယမအသင်း စာရင်းစစ်အဖြစ်
လုပ်ကိုင်နေစဉ် ၊ မြန်မာစာမြန်မာမှုဆိုင်ရာတွင်
သူလျှင် လေ့လာဖြစ်သည်နှင့်လေး။

* သစ္စာဝါဒီသတင်းစာနှင့်အခြား ၊ စာနယ်ဇင်းများတွင်
ဆောင်းပါးအများ ၊ ရေးသားခဲ့ပြီးလျှင်
'ဒဂုန်မဂ္ဂဇင်း'တွင် ၊ အယ်ဒီတာအဖြစ်ပင် ဆောင်ရွက်
(၁၉၄၀)ပြည့်နှစ်ပါ ၊ 'ဗြိတိသျှဘားမားရုပ်ရှင်' စာစောင်မှာ
အယ်ဒီတာအဖြစ် ဆောင်ရွက်သည်တည့်လေး။

* ဟံသာဝတီသတင်းစာတွဲဖက် ၊ အယ်ဒီတာအဖြစ်ဆောင်ရွက်ပြီးလျှင်
(၁၉၅၇)ခုနှစ် ၊ 'ဗိုလ်တထောင်သတင်းစာ' တည်ထောင်သူအဖြစ်ပါဝင်
မြန်မာစာကော်မရှင်တွင် ၊ အဖွဲ့ဝင်ဖြစ်လျက်
ကွယ်လွန်သည်အထိပါ ၊ စွဲမြဲစွာ
ပါဝင်လုပ်ကိုင် ဆောင်ရွက်သည်နှင့်လေး။

* လက်ရာအဖြစ်ကား ၊ ထုတ်ဝေထားစာအုပ်များမှာ
'ရွှေပြည်တန်နိတိ' ၊ အမည်ရှိစာအုပ်လည်းပါ
ဆောင်းပါးများစုစည်းကာ ၊ 'စာပေယဉ်ကျေးမှု' 'စာတံခွန်' စသည်များ
(၁၉၈၆) ခုနှစ်ပင် ၊ ဇူလိုင်လ(၉)ရက် ဗုဒ္ဓဟူးနေ့တွင်
သူလျှင် ကွယ်လွန်သေဆုံးသွားသည်နှင့်လေး။

* ရေးထားလက်ရာ ၊ စာတွေမှာ
စာပေသမိုင်းတွင် မှတ်တမ်းဝင်ပေါ့အတည်။
အလေးထားလျက်သာ ၊ ရှာဖွေကာ
ကြာရှည်မဆိုင်းပင် ဖတ်စမ်းချင်တော့သည်။ ။

# ရှင်ဇနကာဘိဝံသ

* မြန်မာသက္ကရာဇ် ၊ (၁၂၆၁) ခုနှစ်ပင်
တပို့တွဲလပြည့်ကျော်ရက် ၊ (၁၄)ရက် အင်္ဂါနေ့တွင်
အဖ 'ဦးဇောတိ' ပင် ၊ မိခင် 'ဒေါ်အုန်းလှိုင်'တို့မှ
ဝက်လက်မြို့နယ် သရိုင်ရွာမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ငွေးလှိုင်' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ခါက ၊ ပင်းကျောင်းဆရာတော်ထံမှာ ပညာစသင်
(၁၂)နှစ်အရွယ်၌ ၊ ဆီးပင်ကျောင်းတိုက် 'ရှင်ဉာဏာဘိဝံသ'ထံမှသင်
(၁၅)နှစ်သားတွင် ၊ ပထမငယ်တန်း အောင်မြင်ပြီးက
(၁၆)နှစ်သားမှာ ၊ ပထမတန်း ဆက်လက်အောင်မြင်ကာ
ရှင်ဉာဏာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ သာမဏေဘဝရောက်သည်နှင့်လေး။

* သာမဏေဘဝ ၊ ဘွဲ့မည်က 'ရှင်ဇနက'တွင်
ပထမကြီးတန်းအား ၊ (၁၈)နှစ်သားမှာအောင်မြင်
(၁၂၈၀)ပြည့်နှစ်ပင် ၊ ပလိပ်မြို့ ကျောင်းခဏ္ဍသိမ်တော်တွင် ရဟန်းအဖြစ်
မဟာခန္ဓာရုံဆရာတော် ၊ ဥပဇ္ဈာယ်ပြုပြီးသော်
ရှင်နေဘ် သာသနာ့ဘောင်ဝင်ဖြစ်သည်နှင့်လေး။

* ရဟန်းဖြစ်ခိုက် ၊ မဟာဝိသုတာရာမကျောင်းတိုက်တွင် ဆည်းပူးကာ
ရဟန်း(၃)ဝါအရ ၊ ထက်မြက်ထူးချွန်လှရာ

'ဂဏဝါစက' စာချဆရာ ၊ ချီးမြှောက်ခံရကာ စာဝါချပေးရ
ပခုက္ကူမှာ ၊ (၄) ဝါ စာချပြီးကာ
မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သို့ ပြန်ကြွသည်နှင့်လေး။

* (၁၂၈၇)ခုနှစ်က ၊ ပထမကျော်တန်းအောင်မြင်
(၁၂၈၉)ခုနှစ်ကျ ၊ 'ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့' ရပြီးလျှင်
အဘယာရာမဆရာတော်ကခေါ်ငင်၊ ရွှေဂူတိုက်သစ်တွင် စာဝါပို့ချပေး
ရဟန်း(၁၀)ဝါအရပါ ၊ မိမိမွေးနေ့မှာ
'သဂြိုဟ်ဘာသာဋီကာ' ကိုစတင်ရေးသည်တည့်လေး။

* ရေးပြီးခါနီး ၊ ဖခင်နှင့်အဘယာရာမဒကာကြီးတို့မှ တောင်းပန်ရာ
'ရတနာ့ဂုဏ်ရည်' ကိုပြုစု ၊ (၁၂၉၃)ခုနှစ်တွင်ထုတ်ဝေလာ
ထိုစာအုပ်မှာ ၊ ပထမဆုံးပုံနှိပ်စာအုပ်ဖြစ်
ထို့နောက် 'ကိုယ်ကျင့်အဘိဓမ္မာ' ၊ 'အခြေပြုသဒ္ဒါ'
စာအုပ်များစွာ ထုတ်ဝေဖြစ်သည်နှင့်လေး။

* (၁၃၀၃) ခုနှစ်၌ ၊ မဟာဂန္ဓာရုံကျောင်းတိုက်တွင် သီတင်းသုံးလာ
မဟာဂန္ဓာရုံကျောင်းတိုက်ကြီး ၊ စနစ်တကျတည်ထောင်ပြီးကာ
စာဝါများပို့ချပေးခဲ့ရာ ၊ (၃၇)နှစ်တွင်းမှာ ကျောင်းတိုက်(၁၀၀)ကျော်မက
သံဃာ(၅၀၀)ကျော် ၊ တိုးပွားလာပြီးသော်
ကျောင်းပျော်သံဃာအားနေ့စဉ် စာဝါ(၃)ဝါ ပို့ချသည်တည့်လေး။

* ဝိနည်းတော်အရ ၊ တိတိကျကျ ကြပ်မတ်သွန်သင်
"စိတ်ကောင်းပထမ ၊ ဝိနည်းဒုတိယ မှတ်ကြအစဉ်
စာတတ်ဖို့လျှင် ၊ ဒသမပင်" မိန့်ကြား
'ဗုဒ္ဓဘာသာလက်စွဲ' အမည်တွင် ၊ သင်ခန်းစာများပြုစုပေးရပြီးလျှင်
ကျောင်းများတွင် သင်ကြားကြသည်နှင့်လေး။

* (၁၃၁၂)ခုနှစ်တွင်ကား ၊ လွတ်လပ်ရေးရပြီးသွားမှ ပထမဦးဆုံးလျှင်
'အဂ္ဂမဟာပဏ္ဍိတ' ၊ ဘွဲ့တံဆိပ်တော် ရခဲ့ဆရာတော်ပင်
(၁၃၁၃) ခုနှစ်တွင် ၊ ရွှေကျင်နိကာယ (၁၁)ကြိမ်မြောက်
ဂိုဏ်းလုံးကျွတ်အစည်းအဝေးမှာ ၊ 'ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ' အရာ
သာသနာပိုင် (ဒုတိယ) တင်မြှောက်သည်တည့်လေး။

* 'နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ' ၊ 'ရူပသဒ္ဒိဘာသာဋီကာ'
'အခြေပြုသဂြိုဟ်' 'ဘာသာသွေး' ၊ ရေးသားခဲ့ကျမ်းပေါင်း (၆၃)ကျမ်းပါ
ပျံလွန်တော်မူမည့် နေ့လယ်အထိပါ ၊ စာဝါများပို့ချ
(၁၃၃၉) ခုနှစ်ပင် ၊ နတ်တော်လပြည့်ကျော်(၂)ရက် အင်္ဂါနေ့တွင်
ရှင်လျှင်ပျံလွန်တော် နတ်ထံကြွသည်နှင့်လေး။

* 'ရှင်ဇနကာ ၊ ဘိဝံသာ'
သညာထင်ရှား ကြီးမြတ်လှတော့သည်။
ယှဉ်ပြစရာ ၊ မရှိလွန်စွာ
ပမာတင်စား အပြီးသတ်မရပေ့ါအတည်။ ။

# ဦးလူဖေဝင်း

* မြန်မာသက္ကရာဇ် ၊ (၁၂၆၂) ခုနှစ်ပင်
နယုန်လပြည့်ကျော်ရက် ၊ (၉) ရက်အရောက်တွင်
အဖ 'ဦးရန်ဝင်း' ပင် ၊ မိခင် 'ဒေါ်မိမိ' တို့မှ
မော်လမြိုင်မြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဖေဝင်း'ခေါ်ကြသည်တည့်လေး။

* (၁၉၁၇)ခုနှစ်က ၊ မော်လမြိုင်အစိုးရအထက်တန်းကျောင်းတွင်
(၁၀)တန်းအောင်မြင်ပြီး ၊ ရန်ကုန်ကောလိပ်၌ ပညာဆည်းပူးစဉ်
ပထမတက္ကသိုလ်သပိတ်တွင် ၊ ကော်မတီဝင်အဖြစ်
ဟသ်ာတ , ညောင်တုန်း , ဓနုဖြူ ၊ အမျိုးသားကျောင်းများဖွင့်ရာတွင်မူ
သူလျှင်သွားရောက် ဆောင်ရွက်ဖြစ်သည်နှင့်လေး။

* (၁၉၂၃) ခုနှစ်၊ ကျောင်းသားအဖြစ် ရန်ကုန်တက္ကသိုလ်မှာ
ဝိဇ္ဇာတန်းအား၊ ပါဠိ , အင်္ဂလိပ်, ဓာတု ဂုဏ်ထူးများဖြင့် အောင်မြင်ကာ
ဟိုက်ကုတ်လွှတ်တော်မှာ ၊ စာတော်ပြန်အဖြစ် (၆)လ
ရန်ကုန်ဟိုက်စကူးကျောင်းတွင် ၊ ဆရာအဖြစ်လျှင်
သင်ကြားခဲ့ (၆)လကြာကွဲ့လေး။

* (၁၉၂၅) ခုနှစ်က ၊ မန္တလေးဥပစာကောလိပ်တွင်
အရှေ့တိုင်းဘာသာရပ် ၊ ကထိကခန့်အပ်ခံရပြီးလျှင်
(၁၉၂၇) ခုနှစ်ပင် ၊ ရန်ကုန်တက္ကသိုလ်တွင် ကြပ်မတ်လျက်
မြန်မာဘာသာ ၊ ပါဠိဘာသာ
သူသာ ဂုဏ်ထူးတန်းအထိ ပို့ချဆောင်ရွက်သည်တည့်လေး။

* (၁၉၂၈)ခုနှစ်တွက် ၊ ကာလကတ္တားတက္ကသိုလ်မှ 'မဟာဝိဇ္ဇာဘွဲ့'ရရှိကာ
ကျောက်စာဝန်အဖြစ် ၊ နှစ်ပေါင်းများစွာ ထမ်းရွက်လာ
(၁၉၄၉)ခုနှစ်မှာ ၊ 'သီရိပျံ့ချီဘွဲ့' ပါရရှိသွား
(၁၉၅၇)ခုနှစ်တွင် ၊ သုတေသနညွှန်ကြားရေးဝန်အဖြစ်ပင်
သူလျှင် အငြိမ်းစားသည်နှင့်လေး။

* (၁၉၈၀)ပြည့်နှစ်တွင်ကား ၊ ဆရာကြီးအား နိုင်ငံတော်ကောင်စီကလျှင်
'နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)' ၊ ချီးမြှင့်ခံခဲ့ရသူပင်
ရှုမဝ , မြဝတီမဂ္ဂဇင်းများတွင် ၊ ယဉ်ကျေးမှုဆိုင်ရာဆောင်းပါးများရေးသား
သုတေသနအသင်းဂျာနယ်မှာလေ ၊ အင်္ဂလိပ်ဘာသာဖြင့်ပေ
သုတေသနဆောင်းပါးများ ရေးသားသည်တည့်လေး။

* 'မြန်မာဘာသာသင်ကြားရေး' ၊ 'ပါဠိဘာသာသင်ကြားရေး' စာအုပ်အပြင်
'မြန်မာစာစီစာကုံးကျမ်း' ၊ 'မြန်မာစာစီစာကုံးအခြေပြုကျမ်း'ပြီးလျှင်
သုတေသနအသင်းအတွက်ပင် ၊ 'ရာမရကန်'လျှင် (ပ-ဒု)နှစ်တွဲ
ရေးသားပြီးကာ ၊ (၁၉၈၂)ခုနှစ်မှာ
ခန္ဓာနှင့်အသက် ပြတ်စဲသည်နှင့်လေး။

* ပြတ်စဲရာတွင် ၊ နာမည်လျှင်
ပါဝင်မသွား ခဲ့လေပေါ့အတည်။
မတ်ဆဲထာဝစဉ် ၊ ကြာရှည်ပင်
ဖြာလွင်တအား လှဲနေတော့သည်။ ။

# ဇေယျ



# ဇေယျ

* မြန်မာသက္ကရာဇ် ၊ (၁၂၆၂) ခုနှစ်ပင်
ဝါခေါင်လဆန်းရက် ၊ (၆)ရက် တနင်္ဂနွေနေ့တွင်
အဖ 'ဦးခလယ်' ပင် ၊ မိခင် 'ဒေါ်ရွှေကြိုး'တို့မှ
ဇီးကုန်းမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ယောရှု' ခေါ်ကြသည်တည့်လေး။

* ငယ်ရွယ်စဉ်က ၊ ဇီးကုန်းအေဘီအမ် အလယ်တန်းကျောင်းမှာ ပညာစသင်
(၁၉၂၀)ပြည့်နှစ်က ၊ ပြည်မြို့အစိုးရအထက်တန်းကျောင်းပင်
(၁၀)တန်းစာမေးပွဲတွင် ၊ ဂုဏ်ထူးလျှင် (၃)ဘာသာရလျက်
မောင်မောင်လေးခေါ်လာ ၊ ဒဂုန်မဂ္ဂဇင်းမှာ
အယ်ဒီတာ(လက်ထောက်)အဖြစ် ဆောင်ရွက်သည်နှင့်လေး။

* ဆောင်ရွက်ရင်းပြုစု ၊ 'ဗိုလ်ရန်အောင်' ဝတ္ထုထည့်သွင်းရာ
'ဇေယျ' အမည်ကား ၊ ထင်ရှားထွန်းတောက်လာ
'မြတ်လေးရွှေခါးဗိုလ်' ဆက်ရေးရာ ၊ များစွာကျော်ကြား
အယ်ဒီတာချုပ် ဆရာမှိုင်းထံတွင် ၊ ပညာရှာမှီးစဉ်
သူလျှင် ဆရာမှိုင်းသမီးနှင့် ညားသည်နှင့်လေး။

* (၁၉၂၅) ခုနှစ်တွင်ကား ၊ 'ဇေယျသတင်းစာ' အားထုတ်ဝေ
(၉)လအကြာမှာပဲ ၊ ရပ်စဲလိုက်ရပေ
လန်ဒန်အတ် , ခွဲဝံစသည့်မဂ္ဂဇင်းတွေ ၊ အယ်ဒီတာအဖြစ်လေ ဆောင်ရွက်ပြီး
ဗြိတိသျှဘားမား, လန်ဒန်အတ်တို့တွင် ၊ ဇာတ်ညွှန်းများရေးသားပြီးလျှင်
ဦးခင်ဇော် , ပီမိုးနင်းတို့ထံ အင်္ဂလိပ်စာဆည်းပူးသည်နှင့်လေး။

* သူကြီးဂေဇက်သတင်းစာ၌ ၊ အယ်ဒီတာလုပ်ခိုက်တွင်
'မင်းလကျ်ာ' ကလောင်ထား ၊ ဝတ္ထုတို (၅၀၀)နီးပါးပင်
ရေးသားခဲ့ပြီးလျှင် ၊ ဒု-ကမ္ဘာစစ်အပြီးတွင် ညွှန်ကြားရေးဝန်အဖြစ်
အငြိမ်းစားကာ ၊ စာနယ်ဇင်းများမှာ
စာပေများစွာ ရေးသားဖြစ်သည်နှင့်လေး။

* (၁၉၅၀)ပြည့်နှစ်က ၊ 'ဝဏ္ဏကျော်ထင်ဘွဲ့' ရရှိကာ
'စာရေးဆရာအသင်းဥက္ကဋ္ဌ' ၊ တာဝန်ယူခဲ့ရသူပါ
(၁၉၅၅) ခုနှစ်မှာ ၊ 'သီရိပျံချီဘွဲ့' ပါရရှိထား
(၁၉၅၉)ခုနှစ်တွင် ၊ ယဉ်ကျေးမှုမစ်ရှင်အဖွဲ့ကို ဦးဆောင်ပြီးပင်
သူလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သွားခဲ့သည်တည့်လေး။

* ဆရာကြီးရေးသား ၊ 'မြန်မာ့မျက်ပွင့်' စာအုပ်ကား (၁၉၆၁)ခုနှစ်မှာ
'စာပေဗိမာန်ဆု' ၊ 'စာပဒေသာဆု' ရရှိကာ
'စာသဘင်' 'ဇေယျ၏စာ' ၊ 'စာတွေ့ငါတွေ့' 'စာတိုပေစ'
စသည့်စာအုပ်များစွာ ၊ ရေးသားကာ
(၁၉၈၂)ခုနှစ်မှာ အနိစ္စရောက်သည်နှင့်လေး။

* ဇေယျဆရာ ၊ ယနေ့တိုင်သာ
စာပေနယ်တွင် လင်းလက်နေပေါ့အတည်။
အခြေလှစွာ ၊ အငွေ့လှိုင်ဖြာ
ကြာရှည်တကယ်ပင် သင်းလျက်ဝေတော့သည်။ ။

# ဦးထွန်းဖေ



# ဦးထွန်းဖေ

* မြန်မာသက္ကရာဇ် ၊ (၁၂၆၂) ခုနှစ်ပင်
ဝါခေါင်လဆန်းရက် ၊ (၁၁)ရက်အရောက်တွင်
အဖ တရားသူကြီး 'ဦးဘိုးလှ' ပင် ၊ မိခင် 'ဒေါ်နန်းအေး' တို့မှ
မလှိုင်မြို့နယ် သရက်ကောင်းပင်ရွာမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ထွန်းဖေ' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ခါက ၊ မိတ္ထီလာ အေဘီအမ်ကျောင်းမှာ ပညာစသင်
(၁၉၁၈) ခုနှစ်က ၊ မန်း-ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်းမှ (၁၀)တန်းအောင်မြင်
ရန်ကုန်ကောလိပ်ပင် ၊ ပထမသပိတ်တွင် ခေါင်းဆောင်ဖြစ်
ရွှေဘိုအမျိုးသမီးကျောင်းမှာ ၊ ဘိုကလေးအမျိုးသားကျောင်းမှာ
ဆရာလုပ်ကာ အမှုထမ်းဖြစ်သည်နှင့်လေး။

* (၁၉၂၂)ခုနှစ်မှ ၊ သတင်းစာလောကသို့ဝင်လာ
သတင်းရေးကောင်းသည့်တွက် ၊ သူရိယဦးလှဖေခေါ် လျက် အလုပ်ခန့်ရာ
သတင်းထောက်/ချုပ်, ညအယ်ဒီတာ ၊ 'မောင်' ကလောင်ယူကာ
ဆောင်းပါးများရေးဖြစ်
ဆရာစံအားထောင်ထဲမှာ ၊ တွေ့ဆုံညှိနှိုင်းကာ
ဆရာစံပိန္နကတ်တိုက် တည်ထောင်ဖြစ်သည်တည့်လေး။

* (၁၉၄၇) ခုနှစ် ၊ ဥက္ကဋ္ဌအဖြစ် သတင်းစာဆရာအသင်းမှာ
ဗြိတိန်နှင့်အမေရိကန်အား ၊ သတင်းစာကိုယ်စားလှယ်အဖြစ် သွားခဲ့သူပါ
ဥပဒေပြုလွှတ်တော်မှာ ၊ ဟသ်တအနောက်ပိုင်း လွှတ်တော်အမတ်ဖြစ်

မြန်ကြားရေး, သာသနာရေး, ယဉ်ကျေးမှုဌာနမှာ၊ ဝန်ကြီးဖြစ်ပြီးကာ (၁၉၅၃) ခုနှစ်အထိ ဆောင်ရွက်ဖြစ်သည်နှင့်လေး။

* (၁၉၅၃) ခုနှစ်က၊ 'ထွန်းနေ့စဉ်သတင်းစာ'ကို စတင်တည်ထောင်ကာ
အယ်ဒီတာချုပ် ၊ လုပ်ကိုင်ခဲ့သူပါ
(၁၉၅၆)ဒေလီမြို့အရှေ့ အာရှကွန်ဖရင့်တက်ကာ၊ (၁၉၆၀)မှာ မနီလာ
သို့သွားဖြစ်
(၁၉၆၂)ခုနှစ်တွင် ၊ စာနယ်ဇင်းကောင်စီဥက္ကဋ္ဌပင်
သူလျှင် ဆောင်ရွက်ဖြစ်သည်တည့်လေး။

* ရာထူးဝန်အဖွဲ့ဝင်အဖြစ် ၊ (၁၉၆၉)ခုနှစ်တွင် အငြိမ်းစားကာ
(၁၉၇၅) ခုနှစ်က ၊ အမျိုးသားနေ့ကျင်းပရေးကော်မတီမှာ
ဒု-ဥက္ကဋ္ဌဆောင်ရွက်ကာ ၊ 'အမျိုးသားနေ့ ရွှေရတုသဘင်ပြဇာတ်'ပါ
ရေးသား
'တရုတ်ပြည်အတွင်းရေးရာဇဝင်' ၊ 'ဂျပန်သူလျှို' စာအုပ်အပြင်
'ရပ်စ်ပြုတင် (ပ-ဒု)' စာအုပ် ရေးသားသည်နှင့်လေး။

* 'ဆိုဗီယက်ဒီမိုကရေစီကိုယ်တွေ့များ' ၊ စာအုပ်အားရေးသားပြီးလျှင်
'မြန်မာစာအတ္ထုပ္ပတ္တိ' ၊ ဒု-အကြိမ်ထုတ်တွင် 'မြန်မာစာနိဒါန်း'ဟုပြင်
'အဘယ်ကြောင့် မြန်မာစာမတိုးတက်သနည်း' စာအုပ်ပင်၊ သူလျှင်
လက်စွမ်းပြ
(၁၉၇၄) ခုနှစ်ပါ ၊ နိုဝင်ဘာလ (၁၈)ရက်မှာ
ခမျာ ကွယ်လွန်အနိစ္စရောက်သည်နှင့်လေး။

* ကြီးလှသညာ ၊ သတင်းစာဆရာ
စာပေအပင် ပွင့်လန်းနေပေါ့အတည်။
နည်းပြပမာ ၊ အလင်းဖြာကာ
ကြာရှည်အစဉ် ဝင့်လျှမ်းပေတော့သည်။ ။

# သခင်ဘသောင်း

* မြန်မာသက္ကရာဇ် ၊ (၁၂၆၂) ခုနှစ်ပင်
တပို့တွဲလပြည့်ကျော်ရက် ၊ (၅)ရက် ကြာသပတေးနေ့တွင်
အဖ 'ဦးမြစ်'ပင် ၊ မိခင် 'ဒေါ်လေးခင်'တို့မှ
နတ်မောက်မြို့နယ် ဖုံကုန်းရွာမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဘသောင်း' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ခါက ၊ တောင်တွင်းကြီး ဗိမာန်ကျောင်းတွင်ပညာစသင်
(၁၉၂၀)ပြည့်နှစ်က ၊ မန်းဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်းမှ (၁၀)တန်း
အောင်မြင်
ပထမကျောင်းသားသပိတ်တွင် ၊ သူလျှင်ခေါင်းဆောင်ခဲ့ရ
ဦးထွန်းရှိန် (ဖေ-ပု-ရှိန်) ထံမှာ ၊ ကြီးပြင်းခဲ့ရာ
ဝံသာနုစိတ်ဓာတ် အမွေရသည်နှင့်လေး။

* ကျောင်းသားဘဝ ၊ စတုတ္ထတန်း၌ 'ပထမ' ရကာ
'ရွှေတံဆိပ်ဆု' ဖြင့် ၊ ချီးမြှင့်ခံခဲ့ရသူပါ
သတ္တမတန်းမှာ ၊ ပညာသင်ဆု (စကောလားရှစ်) ရလျက်
ကျောင်းသားသပိတ်မှစတင် ၊ နိုင်ငံရေးထဲဝင်
သူလျှင်ပါဝင် ဆောင်ရွက်သည်နှင့်လေး။

* လက်ထောက်အယ်ဒီတာအဖြစ်ကား၊ နယူးဘားမားသတင်းစာ၌စတင်
ကင်းဝန်မင်းကြီး ပိဋကတ်တိုက် ၊ လက်ထောက်တိုက်မှူးလုပ်ခဲ့သူပင်
ဂန္ထလောက ဘာသာပြန်ပြိုင်ပွဲဝင် ၊ (၆)ကြိမ်တွင် ပထမ(၅)ကြိမ်ရ
'ကမ္ဘာ့ရာဇဝင်ချုပ်'အမည်ဖြင့်ပေ ၊ မြန်မာဘာသာပြန်ဆိုမှုအတွက်လေ
'ဝေလမင်းသားဆု' ချီးမြှင့်ခံရသည်တည့်လေး။

* (၁၉၂၈) ခုနှစ်က ၊ 'သခင်' အမည်ကို စတင်သုံးစွဲခဲ့သူပင်
တို့ဗမာအစည်းအရုံးအား ၊ တည်ထောင်သူများတွင်ပါဝင်
(၁၉၃၀)ပြည့်နှစ်ပင် ၊ လူငယ်များအစည်းအရုံးတွင် အမှုဆောင်ဖြစ်
နိုင်ငံရေးလောကမှာ ၊ ကျင်လည်ပြီးကာ
စာပေများ ရေးသားဖြစ်သည်နှင့်လေး။

* ခေတ်သစ်မြန်မာပြဇာတ် ၊ အစောဆုံးပြဇာတ်တစ်ပုဒ်မှာ
သူရေးသည့်ပြဇာတ် ၊ 'ဆရာဝန်ပါပဲ' ပြဇာတ်ဖြစ်ပေတာ
'ဒီမိုကရေစီဆိုတာ' ၊ 'ပန်းသာမစာဥ' 'တစ်ထောင့်တစ်ညပုံပြင်များ'
'ဗိုလ်တင်းပုတ်ပြည်ဝင်' ၊ 'ဗမာ့ဒုန်းယာဉ်'
'မျက်မမြင်တိုင်းပြည်' စာအုပ်များ ရေးသားခဲ့သည်တည့်လေး။

* (၁၉၆၅)တွင်ကား ၊ လမ်းစဉ်ပါတီ စာပြုသင်တန်းများတွင်
ဘာသာပြန်ဆိုရေးသားမှုအား ၊ သင်ကြားပို့ချပေးခဲ့သူပင်
(၁၉၈၀)ပြည့်နှစ်တွင် နိုင်ငံတော်ကောင်စီကပင် သူ့အား
'နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)'ပါ ၊ ချီးမြှင့်ပြီးမကြာ
(၁၉၈၁)ခုနှစ်တွင် ကွယ်လွန်သွားသည်နှင့်လေး။

* အမည်များရှေ့တွင် ၊ သူစတင်
'သခင်' အမည်ကို အရေးထားသုံးတော့သည်။
အရှည်ထား မမေ့ချင် ၊ မြူတစ်စပင်
အစဉ်ကြည်ညို လေးစားမဆုံးပေါ့အတည်။ ။

# သူ့ရိုယာကန္တိ

* မြန်မာသက္ကရာဇ် ၊ (၁၂၆၃)ခုနှစ်ပင်
နယုန်လပြည့်ကျော်ရက် ၊ (၄)ရက် အင်္ဂါနေ့တွင်
အဖ 'ဦးမင်းနောင်' ပင် ၊ မိခင် 'ဒေါ်ဝါနု'တို့မှ
ဟင်္သာတမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်စိန်ဘန်း' ခေါ်ကြသည်တည့်လေး။

* ရန်ကုန်မြို့က ၊ စိန်ပေါကျောင်းမှ (၁၀)တန်းအောင်မြင်
ဆေးအတတ်သင်ကျောင်း ၊ ပြောင်း၍ပညာသင်
(၁၉၂၃) ခုနှစ်တွင် ၊ 'ဆရာဝန်ဘွဲ့' လျှင် ရလျက်
'ဒေါက်တာ-စိန်ဘန်း' အဖြစ်ပါ ၊ မြန်မာနိုင်ငံအရပ်ရပ်မှာ
လှည့်ကာ တာဝန်ထမ်းရွက်သည်နှင့်လေး။

* နောက်ဆုံးထမ်းရွက် ၊ ရန်ကုန်လက်ထောက်ကျန်းမာရေးမှူး သင်တန်း
ကျောင်းပါ
အချိန်ပြည့်ကထိက ၊ ကြီးလှတာဝန်သာ
ကြီးပွားရေးနှင့် ဂန္ထလောကမဂ္ဂဇင်းမှာ ၊ စာပေဆောင်းပါးများ ရေးသား
ဝတ္ထုအတတ်ပညာ ၊ ဝတ္ထုဝေဖန်ရေးမကျန်ပါ
များစွာ သူလျှင်ရေးသားသည်တည့်လေး။

* စာပေဗိမာန်မဂ္ဂဇင်းတွင်ကား ၊ 'နယ်လှည့်ဆရာဝန်' ဆောင်းပါးများပင်
'ရောဂါကုထုံးအခြေပြကျမ်း' ၊ ဘေသဇ္ဇဝိဓူဒိပကကျမ်း' များအပြင်
ဝတ္ထုတိုနှင့်လုံးချင်းများပင် ၊ သူလျှင်ရေးသား
'ဖီးဗတ်' ကလောင်ယူကာ ၊ အင်္ဂလိပ်ကဗျာများပါ
စာအုပ်အဖြစ် ထုတ်ဝေထားသည်နှင့်လေး။

* (၁၉၅၇) ခုနှစ်တွင်ကား ၊ သူရေးသားခဲ့စာအုပ်ပင်
'စာပေဗိမာန်ဆု' ၊ 'သုတပဒေသာဆု'ဝင်
'ဝတ္ထုရေးလိုသော်' အမည်တွင် ၊ ပေါ်လွင်ထင်ရှားလှ
(၁၉၅၈) ခုနှစ်ပါ ၊ ဒီဇင်ဘာလ (၂၁)ရက်မှာ
ခမျာကွယ်လွန် အနိစ္စရောက်သည်နှင့်လေး။

* မြန်မာ့စာနယ်မှာ ၊ သူရိယကန္တိဆရာ
ရှည်ကြာမှတ်တမ်း လှတော့သည်။
အလှဖြာကြွယ်တာ ၊ ယူကြည့်မှ အမှန်သိမှာ
ဖွေရှာ ဖတ်စမ်းကြပေါ့အတည်။ ။

# မြို့မမောင်

* မြန်မာသက္ကရာဇ် ၊ (၁၂၆၅) ခုနှစ်ပင်
တပို့တွဲလပြည့်ကျော်ရက် ၊ (၄)ရက်အရောက်တွင်
အဖ သမားတော်ကြီး 'ဦးသင်'ပင် ၊ မိခင် 'ဒေါ်သာညိမ်း'တို့မှ
မြိတ်မြို့ကန်ဖျားရပ်မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်အောင်မြင်' ခေါ်ကြသည်တည့်လေး။

* အင်္ဂလိပ်-မြန်မာ(၁၀)တန်းမျှနှင့် ၊ အလယ်တန်းပြဆရာဖြစ်အောင်မြင်
ဆရာအဖြစ် ၊ မြို့မကျောင်း၌ (၁၀)နှစ်ကျော်သင်
ဒု-ကမ္ဘာစစ်မတိုင်ခင် ၊ 'လောကသာရနေ့စဉ်' သတင်းစာအယ်ဒီတာဖြစ်လျက်
ညအယ်ဒီတာ ၊ နိုင်ငံခြားသတင်း ဘာသာပြန်အယ်ဒီတာ
သူသာလုပ်ကိုင် ဆောင်ရွက်သည်နှင့်လေး။

* 'တိုးတက်ရေးမဂ္ဂဇင်း' ၊ 'မြန်မာ့အလင်းသတင်းစာ'
'ဗန္ဓုလ' 'ဒီးဒုတ်ဂျာနယ်' မှ ၊ 'သူရိယသတင်းစာ' မကျန်ပါ
ဆောင်းပါးများရေးကာ ၊ အဓိကတာဝန်တစ်ရပ်မှာ 'ဆယ်သန်းဂျာနယ်
မဂ္ဂဇင်း'
'ဆယ်သန်းတစ်ရက်ခြားသတင်းစာ' ၊ 'ဆယ်သန်းနေ့စဉ်'ထုတ်ဝေကာ
'အယ်ဒီတာ' အဖြစ်ဆောင်ရွက်ခြင်းဖြစ်သည်တည့်လေး။

* 'ဆယ်သန်း'ထုတ်ဝေရခြင်း ၊ အကြောင်းရင်းရည်ရွယ်ချက်မှာ
ထိုစဉ်လူဦးရေ 'တစ်ဆယ့်လေးသန်း' ၊ နိုင်ငံခြားသား 'လေးသန်း'ဖယ်ကာ
တိုင်းရင်းသား'ဆယ်သန်း'အတွက်ပါ ၊ အသိဉာဏ်အရာ, စားဝတ်နေ
တိုးတက်ရေးအား
"ခေတ်ကြီးကိုအတင်းပြောင်းမည်" ၊ ကြွေးကြော်သံနှင့်အညီ
သူသည်ခေါင်းကြီး, ဆောင်းပါး, ဝေဖန်ချက်ရေးသားသည်နှင့်လေး။

* မြို့မမောင်ရေးသား ၊ 'စက္ကူဖြူစာစဥ်'များမှာထင်ပေါ်
'သွေးနီပြိုင်ပွဲ' ၊ စာအုပ်လည်းနာမည်ကျော်
ထိုစာအုပ်ကြောင့်နော် ၊ အင်္ဂလိပ်အစိုးရမှခေါ်ယူပြီး
"စာမရေးရပါ" ၊ "အိမ်အပြင်မထွက်ရပါ"
ချုပ်ချယ်ကာ တားဆီးသည်နှင့်လေး။

* 'ဗမာ့ခေတ်သတင်းစာ'၌ အယ်ဒီတာလုပ်ပြီး ၊ ခေါင်းကြီးပိုင်းများရေးသားလာ
ဂျပန်ခေတ်အတွေ့အကြုံအား ၊ ကိုယ်တွေ့ဝတ္ထုများရေးသားကာ
'လမ်းညွှန်သတင်းစာ' ၊ 'စီးပွားရေးသတင်းစာ' အယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်
'မြို့မမောင်သတင်းစာ' ၊ ထုတ်ဝေပြီး(၁) လအကြာ
'ရန်ကုန်သတင်းစာ' အမည်ပြောင်းလျက် ထုတ်သည်နှင့်လေး။

* သို့ထုတ်ဝေလျက် ၊ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ပြီးလျှင်
'စပ်စုမောင်' 'စပ်ဖြုမောင်'အခန်း ၊ 'ဦးရန်ကုန်' အခန်းတာဝန်ခံရေးခဲ့သူပင်
'ရှုမဝ' 'သင့်ဘဝ' မဂ္ဂဇင်းများတွင် ၊ သူလျှင်ဆောင်းပါးများရေးသား
သတင်းစာဆရာအသင်းမှာ ၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ
ခမျာ (၁၉၈၃)တွင် ကွယ်လွန်သွားသည်နှင့်လေး။

* ထင်ရှားလျက်သာ ၊ 'ဆယ်သန်းသတင်းစာ'
စာသမိုင်းတွင် အရှည်ဆုံးသစ်တော့သည်။
အမြင်အားဘက်မှာ ၊ သွယ်တန်းအလင်းဖြာ
ပမာနှိုင်းလျှင် 'နေ' တန္နန်းဖြစ်တော့သည်။ ။

# ဒဂုန်ခင်ခင်လေး

* မြန်မာသက္ကရာဇ် ၊ (၁၂၆၅) ခုနှစ်ပင်
တပေါင်းလဆန်းရက် ၊ (၆)ရက် စနေနေ့တွင်
အဖ 'ဦးမြတ်ကျော်'ပင် ၊ မိခင် 'ဒေါ်ခင်ခင်လတ်'တို့မှ
မန္တလေးမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'ခင်လေးခင်' ခေါ်ကြသည်တည့်လေး။

* (၇)တန်းအထိမျှ ၊ ရွှေဘိုကျောင်းမှ ပညာသင်ကာ
(၁၉၁၆)ခုနှစ်က ၊ 'နွဲ့နွဲ့' အမည်ရဝတ္ထုတို ဝင်ပြိုင်ရာ
ရွေးချယ်ခံရကာ ၊ သူရိယမဂ္ဂဇင်းမှာ ဖော်ပြသည့်အတွက်
ဒဂုန်မဂ္ဂဇင်းမှာနော် ၊ ဝတ္ထုများဆက်ရေးပြီးသော်
'ကြည်တော်ဆက်' မဂ္ဂဇင်းတည်းဖြတ်ဆောင်ရွက်သည်နှင့်လေး။

* ဒဂုန်မဂ္ဂဇင်း ၊ ဝတ္ထု၊ ဆောင်းပါးရေးခြင်းအပြင်
'ကိုကိုလေး' ကလောင်ထား ၊ 'မှော်ဆရာမှတ်တမ်း' များရေးပြီးလျှင်
ယုဝတီစက္ခုသဏ္ဍာတွင် ၊ သူလျှင်အမျိုးသမီးရေးရာ ဆောင်းပါးများရေးသား
(၁၉၂၁)ခုနှစ်ပင် ၊ မြန်မာအဆွေကုမ္ပဏီတွင်
ရုပ်ရှင်ဇာတ်ညွှန်းများ ရေးသားသည်နှင့်လေး။

* စစ်ကာလအတွင်းမှာကား၊ 'စစ်ရောင်ခြည်' 'ကမ္ဘာ့ရန်သူ' ဝတ္ထုရေးသားလာ
ဂျပန်ခေတ်က ၊ 'ဗမာ့ခေတ်သတင်းစာ' လက်ခံပုံနှိပ်ပေးကာ
စစ်ပြီးသောအခါ ၊ ကိုယ်ပိုင်သတင်းစာအဖြစ် ထုတ်ဝေလျက်
(၁၉၄၅)ခုနှစ်တွင် ၊ 'ယုဝတီဂျာနယ်' ထုတ်ဝေပြီးလျှင်
ကလောင်ရှင်(အမျိုးသမီး)ပေါ်ထွက်ရေး ဆောင်ရွက်သည်နှင့်လေး။

* စာရေးဆရာအသင်းတွက်၊ အမှုဆောင်အဖြစ် အကြိမ်ကြိမ်ဆောင်ရွက်ကာ
ကမ္ဘာ့လှည့်ခရီးအား ၊ နှစ်ကြိမ်သွားရောက်ခဲ့သူပါ
(၁၉၆၁) ခုနှစ်မှာ ၊ 'ယုဝတီသတင်းစာ' ထုတ်ဝေခဲ့
ဝတ္ထုရှည်(၃၀)ကျော် ၊ ဝတ္ထုတို (၅၀)ကျော်
ပြီးသော်ခရီးသွားဆောင်းပါးများ ရေးခဲ့သည်တည့်လေး။

* သူရေးသားခဲ့ ၊ နယ်ချဲ့ဆန့်ကျင်ရေးဝတ္ထုမှာ
(၁၉၃၃) ခုနှစ်က ၊ 'ရွှေစွန်ညို' အမည်ရဝတ္ထုပါ
(၁၉၅၁) ခုနှစ်မှာ ၊ 'စာဆိုတော်' ဝတ္ထုထင်ရှား
'ရည်းစားဟားပြ' စာအုပ်မှာ၊ 'ရွှေစွန်ညို' 'သားရွှေစွန်ညို' နှစ်ပုဒ်ပေါင်းသာ
ရုပ်ရှင်ပါ ရိုက်ကူးထားသည်နှင့်လေး။

* ဆရာမကြီးကား ၊ မှိုင်ပြမ်းဝတ္ထုများ မကပင်
ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ၊ 'နှစ်ပေါင်းခြောက်ဆယ်' အမည်ရှိစာအုပ်အပြင်
'ကမ္ဘာလှည့်ဆောင်းပါးပေါင်းချုပ်' အထိပင် ၊ သူလျှင်ရေးအားကောင်း
(၁၉၈၁)ခုနှစ်ပါ ၊ ဇွန်လ (၂၃)ရက် အင်္ဂါနေ့မှာ
ခမျာ ကွယ်လွန်ဘဝပြောင်းသည်နှင့်လေး။

* နှောင်းခေတ်စာဆိုရှင် ၊ အမျိုးသမီးများတွင်
သူလျှင် ထင်ရှားလှပေါ့အတည်။
ကောင်းသစ်သာပိုလွင် ၊ အချိုးကြီးမားအသွင်
မြူစင် အမြင်အားရတော့သည်။ ။

# ရန်အောင်

* မြန်မာသက္ကရာဇ် ၊ (၁၂၆၆) ခုနှစ်ပင်
နတ်တော်လပြည့်ကျော်ရက် ၊ (၆)ရက်အရောက်တွင်
အဖ လက်သမားဆရာ 'ဦးကျား'ပင် ၊ မိခင် 'ဒေါ်မိလေး'တို့မှ
ဆင်ပေါင်ဝဲမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'ရန်ကြီးအောင်' ခေါ်ကြသည်တည့်လေး။

* ဘိုးဘွားမိဘမှ ၊ အနုပညာဗီဇပါလာ
ဖခင်စုထား ၊ စာပေများလေ့လာကာ
(၇)တန်းအရောက်မှာ ၊ ကောဇာသစ်မဂ္ဂဇင်းတွင် ဝတ္ထုရေးသား
(၇)တန်းအောင်လျှင် ၊ ဈေးဆိုင်ဖွင့်ကာပင်
သူလျှင် (၉)တန်း အောင်မြင်သွားသည်နှင့်လေး။

* ရှေ့နေစာမေးပွဲအား ၊ ဖြေဆိုအောင်မြင်သွားပြန်လျှင်
မြန်မာ့ကျက်သရေ ပုံနှိပ်တိုက်၌ ၊ စာပြင်ဆရာလုပ်ခိုက်ပင်
ဒဂုန်မဂ္ဂဇင်းတွင် ၊ သူလျှင် 'အညာသား' ဝတ္ထုများရေးသား
'ပီမိုးနင်း'ကိုအားကျရာ ၊ 'ပီဟေးမင်း' အမည်ယူကာ
စာတွေများစွာ ရေးသားသည်တည့်လေး။

* ရွှေ့နေအလုပ်အား ၊ လုပ်စားရန်ရည်ရွယ်သူပါ
ဆရာဖြစ်သင်စာမေးပွဲ ၊ ဝင်နွဲအောင်မြင်ရာ
ဒလအနီး(၆)နံပါတ်ရွာမှာ ၊ ကျောင်းဆရာအမှုထမ်း
မြို့မအမျိုးသားတက္ကသိုလ်တွင် ၊ ပညာဆည်းပူးစဉ်
အောင်မြင်(အိုင်အေ) ဥပစာတန်းကိုကွဲ့လေး။

* သူ့လက်စွမ်းအဖြစ် ၊ (၁၉၆၄) ခုနှစ်ပင်
'စာပေဗိမာန်ဆု' ၊ 'အနုပညာစာပေဆု' တွင်
'စာဆိုနှင့်လက်ရာမွန်' လျှင် ၊ 'ဝတ္ထုတိုပေါင်းချုပ်စတုတ္ထဆု' ပင်ရ
'အမျိုးသားစာပေဆု'ပါ ၊ 'မြတ်ပန်းဥယျာဉ်ဝတ္ထုတိုပေါင်းချုပ်'မှာ
(၁၉၆၆)အတွက် 'ဒုတိယ'ဆုရသည်တည့်လေး။

* (၁၉၆၈) ခုနှစ်က ၊ 'ကြုံလေဘုံဘွေအထွေထွေ' အမည်ရစာအုပ်မှာ
'အမျိုးသားစာပေဆု' ၊ 'ဝတ္ထုတိုပေါင်းချုပ်ဒုတိယဆု' ရကာ
(၁၉၆၈)ခုနှစ်မှာ ၊ 'ရန်အောင့်စာရန်အောင့်ဘဝ' စာအုပ်က
'အမျိုးသားစာပေဆု' ပင် ၊ 'စာပေဒသာဆု' တွင်
ပါဝင် 'စတုတ္ထဆု' ရသည်တည့်လေး။

* (၁၉၉၄)ခုနှစ်က ၊ ဆရာ့စာပေကြိုးပမ်းမှုကိုလျှင်
အသိအမှတ်ထား ၊ လေးစားသောအားဖြင့်ပင်
'ပခုက္ကူဦးအုံဖေစာပေဆု' တွင် ၊ 'တစ်သက်တာစာပေဆု' ပင်ပေးထား
(၁၉၉၅) ခုနှစ်ပါ ၊ ဇန်နဝါရီလ(၉)ရက်မှာ
ခမျာ အနိစ္စ ရောက်သွားသည်နှင့်လေး။

* ရေးသားလက်ရာ ၊ စာတွေမှာ
စာပေသမိုင်းတွင် အမှတ်ပြည့်ဝင်ပေ့ါအတည်။
အလေးထားလျက်သာ ၊ ရှာဖွေကာ
ကြာရှည်မဆိုင်းပင် ဖတ်စေ့ချင်တော့သည်။ ။

# ပါမောက္ခ ဦးဖေမောင်

* မြန်မာသက္ကရာဇ် ၊ (၁၂၆၆) ခုနှစ်ပင်
ပြာသိုလပြည့်ကျော်ရက် ၊ (၈)ရက်အရောက်တွင်
အဖ သမာဓိမြို့ဝန် 'ဦးဘိုးညွှန်း'ပင် ၊ မိခင် 'ဒေါ်လှပုံ'တို့မှ
ကျုံပျော်မြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဖေမောင်' ခေါ်ကြသည်တည့်လေး။

* ရန်ကုန်ဟိုက်စကူးမှ ၊ နဝမတန်းအောင်မြင်
(၁၀)တန်းတွင် 'ဦးမေအောင်ဆု'ဖြင့် ၊ ချီးမြှင့်ခံရသူပင်
ဝိဇ္ဇာဂုဏ်ထူးတန်းတွင် ၊ 'ပထမအဆင့်'ပင်ရ
(၁၉၃၁) ခုနှစ်မှာ ၊ မဟာဝိဇ္ဇာဂုဏ်ထူးတန်းကိုပါ
သူသာ 'ပထမတန်းဂုဏ်ထူး' ရသည်နှင့်လေး။

* (၁၉၄၁)ခုနှစ်က ၊ မြန်မာစာပါမောက္ခဖြစ်လာ
(၁၉၆၂) ခုနှစ်ကျ ၊ ပါမောက္ခမှ အငြိမ်းစားယူကာ
မြန်မာ့အနုပညာ ၊ မြန်မာရာဇဝင်းသမိုင်းအကြောင်း
တက္ကသိုလ်ပြင်ပတွင် ၊ ဟောပြောပြီးလျှင်
သူပင် ဂျပန်တော်လှန်ရေး ဖောင်းပေးသည်နှင့်လေး။

* ကျောင်းသားဘဝမှ ၊ စာပေများစတင်ရေးသားလာ
'ပုဂံဆောင်'၌တက်ပြီး ၊ 'ပုဂံလက်သီး' လက်ရေးသတင်းစာမှာ
အမှုဆောင်လုပ်ကာ ၊ စာပေများရေးသား
'သထုံဆောင်'တွင် ၊ အဆောင်နည်းပြလုပ်စဉ်
ပါဝင် 'သထုံသန်လျက်' သတင်းစာတွင် ရေးသားသည်နှင့်လေး။

* ကဗျာ, ဝတ္ထု, ဆောင်းပါးများ ၊ 'တက္ကသိုလ်မောင်သန့်စင်' အမည်ထားကာ
သူရိယ , ကောလိပ် , ဒဂုန်မဂ္ဂဇင်း ၊ ကဝိမျက်မှန်မဂ္ဂဇင်းများမှာ
ရေးသားပြီးကာ ၊ (၁၉၃၄) ခုနှစ်မှာပေါ်ထွက်
'ခေတ်စမ်းပုံပြင်' ၊ 'ခေတ်စမ်းကဗျာ'များတွင်
သူပင် ရှေ့ဆောင်ရှေ့ရွက်သည်နှင့်လေး။

* သက္ကရာဇ်(၁၉၃၄) ၊ ဘာသာပြန်ရေးသားလာ
'ဗြိတိသျှရာဇဝင်'အား ၊ ပညာရေးဌာနမှ ရွေးချယ်ရာ
'ဝေလမင်းသား'ဆုပါ ၊ ရရှိကာအောင်မြင်လှ
(၁၉၅၀)မှာ 'ဝဏ္ဏကျော်ထင်' ၊ (၁၉၆၂)မှာ 'သီရိပျံချီဘွဲ့'ပင်
သူလျှင် ချီးမြှင့်ခံရသည်တည့်လေး။

* ဇနီးကွယ်လွန်က ၊ သိန်း(၆၀)ဖိုးမက ပစ္စည်းတွေ
သာသနာအတွက် ၊ ရက်ရက်ရောရောလှူပြီးလေ
(၁၉၈၅) ခုနှစ်ပေ ၊ ဖေဖော်ဝါရီလ(၁)ရက်
ကွယ်လွန်ပြီးလျှင် ၊ စာပေနယ်တွင်
သူလျှင်နာမည်တွင်လျက် ရှိသည်တည့်လေး။

* ရက်ရောအလှူဒကာ ၊ စာရေးဆရာ
များစွာထင်ရှား လှတော့သည်။
ရမက်နှော အပူမရှာ ၊ ဘယာဝေးကွာ
အများတကာ အမြင်အားရပေါ့အတည်။ ။

# ဒေါက်တာမောင်ဖြူး

* မွေးချင်း(၃)ယောက်အနက် ၊ အသက်အငယ်ဆုံးပင်
မြန်မာသက္ကရာဇ် ၊ (၁၂၆၇) ခုနှစ်ပင်
အဖ 'ဦးအောင်ညွှန့်'ပင် ၊ မိခင် 'ဒေါ်ချော'တို့မှ
ပဲခူးယ်ကုန်းမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'တန်ဂွမ်လျော်' ခေါ်ကြသည်တည့်လေး။

* ငယ်ရွယ်စဉ်က ၊ ဖြူးမြို့မှပညာစသင်
ရန်ကုန်မြို့မှ ၊ အစိုးရအထက်တန်းကျောင်းတွင်
(၇)တန်းနှင့်(၁၁)တန်းတွင် ၊ ပညာသင်ဆု(စကောလားရှစ်)ရ
(၁၉၆၂) ခုနှစ်တွင် ၊ ရန်ကုန်တက္ကသိုလ်ကပင်
သူလျှင် ဝိဇ္ဇာဘွဲ့ရသည်နှင့်လေး။

* (၁၉၂၆) ခုနှစ်က ၊ ပညာရေးဌာနမှာ အလုပ်ဝင်
(၁၉၄၇) ခုနှစ်ကျ ၊ ကာလီဖိုးနီးယားတက္ကသိုလ်မှပင်
ပါရဂူ(ဒေါက်တာ)ဘွဲ့ပင် ၊ သူလျှင်ရလျက်
ရန်ကုန်ဆရာအတတ်သင်ကျောင်းမှာ ၊ မြန်မာစာကထိကအဖြစ်ပါ
သူသာတာဝန် ထမ်းရွက်သည်တည့်လေး။

* ကလေးစာပေထွန်းကားရေးအတွက် ၊ ဆောင်ရွက်ခဲ့သူပါ
ကိုယ်တိုင်ကလေးကဗျာများ ၊ ပြဇာတ်များရေးသားကာ
ကလေးများစာသင်ရာ ၊ ပျော်စရာနည်းလမ်းများ
တီထွင်ပြီးကာ ၊ သင်ကြားရာ
များစွာ အောင်မြင်မှုများရသည်နှင့်လေး။

* 'ဖြူးစာပေ' အား ၊ တည်ထောင်ထားပြီးကာ
နိုင်ငံခြားကလေးကဗျာများ ၊ ပြဇာတ်များ မြန်မာပြန်ထုတ်ဝေလာ
(၁၉၇၀)ပြည့်နှစ်မှာ ၊ စာပေဗိမာန်အဖွဲ့မှ
ပြဇာတ်စာပေဆွေးနွေးပွဲတွင် ၊ တက်ရောက်ပြီးလျှင်
သူပင်ပါဝင် ဆွေးနွေးပြသည်နှင့်လေး။

* ကလေးများအတွက် ၊ 'သားငှက်သဘင်' 'ကလေးကဗျာ'
'ခရီးသည်မောင်ပွ' ၊ 'စလေအညာက ပလွေဆရာ'
'တဂိုးစာပေဒသာ' ၊ 'ဆရာကတော်နှင့်အခြားပြဇာတ်များ'
ထုတ်ဝေပြီးလျှင် ၊ (၁၉၇၀)အောက်တိုဘာလတွင်
သူလျှင် ကွယ်လွန်သေဆုံးသွားသည်နှင့်လေး။

* ကလေးများအတွက်ပါ ၊ ပြဇာတ်ကဗျာ
သူသာတီထွင် တတ်လှတော့သည်။
အလေးထားလျက်သာ ၊ ရတတ်သမျှရှာ
ယူကာပြီပြင် ဖတ်ကြပေါ့အတည်။ ။

# ရွှေဒုံးဘီအောင်

* မြန်မာသက္ကရာဇ် ၊ (၁၂၆၇) ခုနှစ်ပင်
တပို့တွဲလပြည့်ကျော်ရက် ၊ (၁၀)ရက်အရောက်တွင်
အဖ ဆားကုန်သည် 'ဦးဘိုးလှ' ပင် ၊ မိခင် 'ဒေါ်လှကေသီ'တို့မှ
ညောင်တုန်းမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ဘအောင်' ခေါ်ကြသည်တည့်လေး။

* ညောင်တုန်း အ. ထ. က မှ၊ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်မြင်
ကျောင်းဆရာအဖြစ် ၊ မြူနီစီပယ်စာရေးအဖြစ် အလုပ်ဝင်
(၁၉၃၂) ခုနှစ်ပင် ၊ ဒဂုန်မဂ္ဂဇင်းတွင် 'ကံထူး' ဝတ္ထုပါလျက်
ဒဂုန်မဂ္ဂဇင်းမှာ ၊ ဝတ္ထုများဆက်ရေးကာ
အယ်ဒီတာ(လက်ထောက်)အဖြစ် ဆောင်ရွက်သည်နှင့်လေး။

* သက္ကရာဇ်(၁၉၃၅)ခု ၊ 'သုံးရောင်ခြယ်' ဝတ္ထုထုတ်ပြီးလျှင်
ဇာတ်ညွှန်းများရေးသား ၊ ဗြိတိသျှဘားမားကုမ္ပဏီတွင်
ဒါရိုက်တာအဖြစ်ပင် ၊ 'ဗိုလ်အောင်ဒင်' ဇာတ်ကားရိုက်ကူး
'သားဗိုလ်အောင်ဒင်' ၊ 'ဤလူ့ဘောင်တွင်'
ထို့ပြင် 'အတွေ့' 'ပတ္တမြားမယ်' ရိုက်ကူးသည်တည့်လေး။

* 'ဒေါက်တာအောင်ကျော်ဦး' ၊ ရိုက်ကူးအောင်မြင်ကာ
'ဒါရိုက်တာဆု' ၊ 'ဇာတ်ကားဆု' များရလာ
'မာလာရီ'ဇာတ်ကားပါ ၊ 'ကျော်ဝင်း'မှာ အကယ်ဒမီရ
'ပွဲခါညောင်ရေ' ၊ ဇာတ်ကားတွင်လေ
'မေမြင့်' အကယ်ဒမီရသည်နှင့်လေး။

* (၁၉၅၆) ခုနှစ်က ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လျှင်
ဒု-ခေါင်းဆောင်အဖြစ် ၊ မြန်မာ့ရုပ်ရှင်ချစ်ကြည်ရေးအဖွဲ့နှင့်အတူပင်
သွားရောက်ခဲ့ပြီးလျှင် ၊ (၁၉၆၈) ခုနှစ်တွင် ပညာပေးစာအုပ်
'ရုပ်ရှင်အမြုတေ' ၊ စာအုပ်ပေ
သူလေရေးသား ထုတ်ဝေသည်တည့်လေး။

* ရုပ်ရှင်ကောင်စီဥက္ကဋ္ဌ ၊ (၁၉၆၂) ခုနှစ်ကဖြစ်လာ
တော်လှန်ရေးကောင်စီလက်ထက်က ၊ ပထမဆုံးဆောင်ရွက်သူပါ
ဝတ္ထု၊ ဇာတ်ညွှန်းများစွာ ၊ ရေးသားလာချယ်မှုန်း
(၁၉၈၆) ခုနှစ်ပင် ၊ မတ်လ (၁၁)ရက်တွင်
သူလျှင် ကွယ်လွန်သေဆုံးသည်နှင့်လေး။

* ရွှေဒုံးဘီအောင် ၊ သူ့ဂုဏ်ရောင်
မြန်ဘောင်တစ်လွှား ကျော်ကြားလှတော့သည်။
ဖွေမဆုံးမီအောင် ၊ အပြုဂုဏ်ပြောင်
ကြံဆောင်မမှား အတော်အားရပေ့ါအတည်။ ။

# ဓမ္မာစရိယ ဦးထွန်းရွှေ

* မြန်မာသက္ကရာဇ် ၊ (၁၂၆၈) ခုနှစ်ပင်
နှောင်းတန်ခူးလပြည့်ကျော်ရက် ၊ (၃)ရက် စနေနေ့တွင်
အဖ 'ဦးသာဖူး'ပင် ၊ မိခင် 'ဒေါ်ညိမ်းသူ'တို့မှ
သထုံခရိုင် ကျိုက္ကော်ရွာမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ထွန်းရွှေ' ခေါ်ကြသည်တည့်လေး။

* သတ္တမတန်းမျှ ၊ ပညာသင်ခဲ့ရသူပင်
ရဟန်းဘဝ ၊ ဓမ္မာစရိယတန်းအောင်မြင်
ဘွဲ့အမည်လျှင် ၊ 'ရှင်နန္ဒမေဓာ'ဖြစ်
မဟာဝိသုတာရာမတိုက်မှာ ၊ ပညာသင်စဉ်အခါ
ကဗျာ, ဆောင်းပါး ရေးသားဖြစ်သည်နှင့်လေး။

* အသက်(၂၃)နှစ်က ၊ 'ကဗျာ့စွယ်စုံကျမ်းကြီး'ပြုစုရာ
အသက်(၃၀)ကျမှ ၊ ကျမ်းကြီးက ပြီးစီးလာ
(၃၂) နှစ်တွင်လူထွက်ကာ ၊ 'ရွှေမေတ္တာမဂ္ဂဇင်း' တွင် ဆောင်းပါးများ
ရေးလျက်
စစ်ပြီးခေတ်အခါ ၊ 'ဗုဒ္ဓဓမ္မလောကစာစောင်'မှာ
အယ်ဒီတာအဖြစ် ဆောင်ရွက်သည်နှင့်လေး။

* အထက်တန်းပြ ၊ တာဝန်ထမ်းဆောင်ခဲ့ရသူပါ
အလွတ်ပညာသင်ကျောင်း ၊ အစိုးရကျောင်းများမှာ
'ဗုဒ္ဓဘာသာ ၊ ကလျာဏယုဝအသင်း' မက
'ပါဠိမြန်မာ ၊ ပညာရှိကြီးများအစည်းအရုံး'မှာ
တာဝန်ယူကာ ဆောင်ရွက်ရသည်တည့်လေး။

* 'ကျွန်ုပ်၏ဘဝမှတ်တမ်း' ၊ 'ကဗျာဒဿနိကကျမ်း'ကိုလျှင်
သံပေါက်ကဗျာများ ၊ စပ်ဆိုရေးသားခဲ့သူပင်
မြန်မာစာအဖွဲ့တွင် ၊ အဖွဲ့ဝင်အဖြစ်ဆောင်ရွက်သွား
'တောင်တန်းသာသနာ ၊ ခြောက်နှစ်တာ'
'(၃၈)ဖြာ မင်္ဂလာကဗျာ' ရေးသားသည်နှင့်လေး။

* 'ဗုဒ္ဓဘာသာသင်ခန်းစာများ' ၊ 'ကျောင်းသားများအဖို့မြန်မာစာ'
'သင်္ဂါယနာဖြစ်စဉ်ကျမ်း' ၊ 'ဩကာသအလင်းပြကျမ်း'မကပါ
'ပဥ္စသီလဓမ္မနီတိကဗျာ' ၊ 'အခြေပြုစာစီစာကုံး'ပြုစုထား
(၁၉၇၈) ခုနှစ်ပင် ၊ အောက်တိုဘာလ (၁၃)ရက်တွင်
သူလျှင် ကွယ်လွန်သေဆုံးသွားသည်နှင့်လေး။

* ရေးသားလက်ရာ ၊ စာ , ကဗျာ
ရှည်ကြာမှတ်တမ်း ဝင်နေပေါ့အတည်။
အလေးထားလျက်သာ ၊ မကြာမကြာ
ဖွေရှာ ဖတ်စမ်းချင်ပေတော့သည်။ ။

ဆရာကြီးဇော်ဂျီ



# ဇော်ဂျီ

* မြန်မာသက္ကရာဇ် ၊ (၁၂၆၉)ခုနှစ်ပင်
ကဆုန်လဆန်းရက် ၊ (၂)ရက် သောကြာနေ့တွင်
အဖ 'ဦးယော'ပင် ၊ မိခင် 'ဒေါ်စိန်ညွန့်'တို့မှ
ဖျာပုံမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်သိန်းဟန်' ခေါ်ကြသည်တည့်လေး။

* ဖျာပုံမြို့မှ ၊ ရန်ကုန်မြို့မ အမျိုးသားအထက်တန်းကျောင်းတွင်
ပညာဆက်လက် ၊ ဆည်းပူးသည့်အတွက်ပင်
(၁၉၂၄) ခုနှစ်တွင် ၊ ဆယ်တန်းအောင်မြင်သွားက
ရန်ကုန်တက္ကသိုလ်မှာ ၊ ဆက်လက်ဆည်းပူးရာ
(၁၉၂၉) ခုနှစ်တွင် 'ဝိဇ္ဇာဘွဲ့'ရသည်နှင့်လေး။

* (၁၉၃၆)ခုနှစ်ကျ ၊ 'မဟာဝိဇ္ဇာဘွဲ့'ရရှိလာ
(၁၉၃၈)ခုနှစ်၌ ၊ စာကြည့်တိုက်ပညာ 'ဒီပလိုမာဘွဲ့'ရကာ
ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှာ၊ 'ပိဋကတ်တိုက်မှူး' အရာဆောင်ရွက်
စစ်ပြီးသည့်အခါ ၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှာ
'စာကြည့်တိုက်မှူး'အဖြစ် ဆောင်ရွက်သည်နှင့်လေး။

* ထိုတက္ကသိုလ်က ၊ မြန်မာစာဌာနတွင်
'ဂုဏ်ထူးဆောင်ပါမောက္ခ' ၊ ဆောင်ရွက်ရသူပင်
ချစ်ကြည်ရေးအဖွဲ့ဝင် ၊ အဖြစ်လျှင် နိုင်ငံအတော်များများ

သွားရောက်ပြီးလျှင် ၊ နိုင်ငံတော်ကပင်
'ဝဏ္ဏကျော်ထင်' 'သီရိပျံချီ'ဘွဲ့များ ချီးမြှင့်ထားသည်တည့်လေး။

* ခေတ်စမ်းစာပေအား ၊ 'ပိတောက်ပန်းကဗျာများ' ဖြင့် ဦးဆောင်ကာ
ခေတ်စမ်းကဗျာများ ၊ ခေတ်စမ်းပုံပြင်များ ရေးသားခဲ့သူပါ
ဘဝတစ်သက်တာ ၊ ကဗျာသာအများဆုံးရေးသား
အနောက်တိုင်း 'ဝတ္ထုတို' ၊ 'ပြဇာတ်'များကို
ပြန်ဆိုဖော်ထုတ် ရေးသားသည်နှင့်လေး။

* သက္ကရာဇ် (၁၉၅၅) ၊ 'သခင်ကိုယ်တော်မှိုင်းဋီကာ' အားရေးပြီးလျှင်
'စာပေဗိမာန်ဆု' ၊ 'စာပဒေသာဆု' ရရှိသူပင်
(၁၉၇၉)ခုနှစ်တွင် ၊ 'နင်လားဟဲ့ချစ်ဒုက္ခနှင့် အခြားဝတ္ထုတုများ'
ရေးသားပြီးကာ ၊ 'အမျိုးသားစာပေဆု'ပါ
သူ့မှာ ရရှိသွားသည်တည့်လေး။

* (၁၉၈၇) ခုနှစ်တွင်ကား ၊ 'ရှေးခေတ်ပုံဂံကဗျာများနှင့် အခြားကဗျာ
များ'ရေးကာ
'အမျိုးသားစာပေဆု' ၊ 'ကဗျာပေါင်းချုပ်ဆု' ရရှိလာ
(၁၉၉၀)ပြည့်နှစ်မှာ ၊ ကွယ်လွန်ကာသေဆုံးသွား
(၁၉၉၃)ခုနှစ်မှာ ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကပါ
'ဆရာဇော်ဂျီကဗျာပေါင်းချုပ်' ထုတ်ဝေထားသည်နှင့်လေး။

* ဆုံးပါးလူသာသေ ၊ အမည်မသေ
စာပေအခြေသတင်း သင်းလို့ကြည်။
နှုန်းထားနမူနာအဖြေ ၊ သည်အခြေ
ဖြာဝေ 'နေမင်း' လင်းသို့အတည်။ ။

# ပုပ္ပါးဦးကျော်ရင်

* မြန်မာသက္ကရာဇ် ၊ (၁၂၆၉) ခုနှစ်ပင်
နတ်တော်လဆန်းရက် ၊ (၅)ရက် တနင်္လာနေ့တွင်
အဖ 'ဦးကြာခိုင်'ပင် ၊ မိခင် 'ဒေါ်အုန်းရီ'တို့မှ
ကျောက်ပန်းတောင်း ရသေ့တောင်ရွာမှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်ကျော်ရင်' ခေါ်ကြသည်တည့်လေး။

* ငယ်စဉ်ကာလ ၊ တည်ပင်တဲ ဆရာတော်ဦးကေသရထံမှာ
ပညာသင်ကြား ၊ (၇)နှစ်သားအရွယ်ပါ
သာမဏေပြုရာ ၊ ရှင်မည်မှာ 'ရှင်ကောသလ္လ'
(၁၃)နှစ်သားပင် ၊ ပ-ဒု, လယ်တီဆရာတော်များထံတွင်
ပညာသင်စဉ် ရှင်မည် 'ရှင်ကောဝိဒ' ဖြစ်သည်တည့်လေး။

* အသက် (၂၀)ကျ ၊ အမရပူရ တူးမောင်းတိုက်ဆရာတော်ထံမှာ
ရဟန်းခံပြီး ၊ ပညာဆည်းပူးကာ
အသက် (၂၂)နှစ်မှာ ၊ ပထမပြန်စာမေးပွဲအောင်လျက်
(၂၃)နှစ်တွင် ၊ ပထမကျော်အောင်မြင်
(၂၅)တွင် 'အစိုးရပထမကျော်' အောင်လျက်ရှိသည်နှင့်လေး။

* အသက်(၂၆)နှစ်ကျ ၊ 'ဓမ္မာစရိယ' နှင့် 'ပထမကျော်' ဘွဲ့ရကာ
မုံရွာလယ်တီတိုက်ကျောင်း ၊ ပြောင်း၍စာပေပို့ချရာ
'လယ်တီကောဝိဒ' သညာ ၊ များစွာထင်ရှားလျက်
(၁၉၂၄) ခုနှစ်ပင် ၊ ဒဂုန်မဂ္ဂဇင်းတွင်
'ပုပ္ပါးဦးကျော်ရင်' အမည်ဖြင့် 'ဒု-အယ်ဒီတာချုပ်' ဆောင်ရွက်သည်နှင့်လေး။

* သက္ကရာဇ် (၁၉၃၉)ခုနှစ် ၊ အယ်ဒီတာချုပ်ဖြစ်လာ
မုံရွာမှာသီတင်းသုံးရင်း ၊ ဆောင်ရွက်ပေးခြင်းသာ
ခေါင်းကြီးပိုင်းနှင့်လိုအပ်ရာရာ ၊ မုံရွာမှပင် ရေးသား
ဝတ္ထု, ဆောင်းပါး , ကဗျာ ၊ ကလောင်အမျိုးမျိုးသုံးကာ
သူသာ တာဝန်ယူရေးသားသည်နှင့်လေး။

* ပြုစုရေးသား ၊ ထင်ရှားစာပေများမှာ
'ကဝိဘာရတီကျမ်း' ၊ 'ကာဗျဘာရတီကျမ်း'မှစကာ
'လယ်တီပဒမာလာ' ၊ 'ဆန္ဒောဘာရတီကျမ်း' အဆုံး
ဒု-ကမ္ဘာစစ်တွင် ၊ လယ်တီကျောင်းတိုက် မီးသင့်လျှင်
အရှင်မှာ တည်ပင်တဲရွာပြောင်း သီတင်းသုံးသည်နှင့်လေး။

* ဇေကစာသီတင်းသုံး ၊ နောက်ဆုံးနေပြီးလျှင်
(၁၉၄၆)ခုနှစ်ထဲ ၊ လူဝတ်လဲကာပင်
ဆွေမျိုးနီးစပ်အမျိုးသမီးနှင့်ပင် ၊ အိမ်ထောင်ရှင်အဖြစ်နေစဉ်မှ
(၁၉၄၆) ခုနှစ်ပါ ၊ ဧပြီလ (၂၂)ရက်မှာ
ရန်ရှာလူဆိုးလက်ချက်ဖြင့် အနိစ္စရောက်သည်နှင့်လေး။

* ကြီးလှသညာ ၊ ပုပ္ပါးဆရာ
စာပေနယ်တွင် လေးစားကြပေါ့အတည်။
နည်းပြပမာ ၊ အဟုတ်ထားစရာ
စာတွေတကယ်ပင် အရေးသားလှတော့သည်။ ။

# မင်းသုဝဏ်

* မြန်မာသက္ကရာဇ် ၊ (၁၂၇၀)ပြည့်နှစ်ပင်
မွေးချင်း(၇)ယောက် ၊ ဒုတိယမြောက်အဖြစ်လျှင်
အဖ 'ဦးလွန်းပင်' ပင် ၊ မိခင် 'ဒေါ်မိ'တို့မှ
ကွမ်းခြံကုန်းမြို့မှာ ၊ မွေးဖွားကာ
ငယ်နာမည် 'မောင်လှဝံ' ခေါ်ကြသည်တည့်လေး။

* အသက်(၇)နှစ်မှ ၊ မြန်မာစာ စ၍သင်
'ဦးအာကာသန်း' ၊ ကဗျာနည်းလမ်းသင်ပေးသူပင်
စိန့်ဂျွန်းကျောင်းသတ္တမတန်းတွင် ၊ တစ်နိုင်ငံလုံးတွင် 'စတုတ္ထ'ရ
စိန့်ဂျွန်းကျောင်းသားဘဝမှာ ၊ ကဗျာများရေးသားကာ
'ဒဂုန်မဂ္ဂဇင်းမှာ' လက်စွမ်းပြသည်နှင့်လေး။

* တက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းမှ ၊ 'မင်းသုဝဏ်'အမည် စတင်ခံယူ
ကလေးကဗျာများ ၊ 'မြဝတ်ရည်-ဟံသာကျေး' အမည်ထားရေးခဲ့သူ
'ဘကြီးအောင်ညာတယ်' စာမူ ၊ တက္ကသိုလ်မဂ္ဂဇင်းပါစာမူဖြစ်ခဲ့
(၁၉၃၃)ခုနှစ်တွင် ၊ ဝိဇ္ဇာဂုဏ်ထူးတန်း (မြန်မာစာ)ကို 'ပထမအဆင့်'
နှင့်ပင်
သူလျှင်ဖြေဆို အောင်မြင်ခဲ့သည်တည့်လေး။

* သို့အောင်မြင်ခဲ့ပြီး ၊ မဟာဝိဇ္ဇာဂုဏ်ထူးတန်း (မြန်မာစာ)စာမေးပွဲကြီးမှာ
'ဒုတိယအဆင့်' ထွက် ၊ အောင်ချက်ကောင်းခဲ့သူပါ
အင်္ဂလန်ပြည်အောက်စ်ဖို့ဒ်တက္ကသိုလ်မှာ ၊ သက္ကတ , ပါဠိ, တိဗက်

ဘာသာသင်ကြား
အင်္ဂလန်ပြည်တွင် ၊ 'သပြေညို'ကဗျာပင်
သူလျှင် စပ်ဆိုရေးသားသည်တည့်လေး။

* (၁၉၃၉)ခုနှစ်တွင်ကား ၊ ဆရာကြီးအား အောက်စ်ဖို့ဒ်တက္ကသိုလ်ဘွဲ့နှင်းသဘင်မှာ
ဘီလစ်ခေါ် ဝိဇ္ဇာဘွဲ့ ၊ ပေးအပ်ခဲ့ကြတာ
ရန်ကုန်တက္ကသိုလ်မှာ ၊ မြန်မာစာလက်ထောက်ကထိကအဖြစ်ထမ်းရွက်
(၁၉၄၂)ခုနှစ်တွင် ၊ အဘိဓာန်လုပ်ငန်း ဦးဆောင်လုပ်ကိုင်ရန်ပင်
တာဝင်(ဝန်)ပေး၍ ထမ်းရွက်သည်နှင့်လေး။

* သက္ကရာဇ်(၁၉၆၀) ၊ တက္ကသိုလ်မြန်မာစာပါမောက္ခဖြစ်လာ
သက္ကရာဇ်(၁၉၆၆) ၊ မြန်မာနိုင်ငံစာမတတ်သူ ပပျောက်ရေးအတွက်သာ
သက်ကြီးသင်ခန်းစာ ၊ (ဝထကလသ) နည်းပညာ တီထွင်ပေးဖြစ်
ရှိတ်စပီးယား၏ 'လီယာမင်းကြီးပြဇာတ်'ကို ၊ (၁၉၈၄)မှာ မြန်မာပြန်ဆို
(သူ့ကို 'အမျိုးသားစာပေ(ရသ)ဆု' ချီးမြှင့်ဖြစ်သည်တည့်လေး။

* (၁၉၅၀) ခုနှစ်က ၊ 'ဝဏ္ဏကျော်ထင်' ဘွဲ့ပေးကာ
(၁၉၆၂)ခုနှစ်ကွဲ့ ၊ 'သီရိပျံချီ'ဘွဲ့ပေးရာ
ရွှေတိဂုံစေတီမှာ ၊ ပြန်လည်ကာ လှူဒါန်းထား
(၂၀၀၃) ခုနှစ်ပင် ၊ ဩဂုတ်လ(၁၅)ရက်တွင်
သူလျှင် ကွယ်လွန်သေဆုံးသွားသည်နှင့်လေး။

* ဆုံးပါးလူသာသေ ၊ အမည်မသေ
စာပေအလှသတင်း သင်းလို့ကြည်။
နှုန်းထားနမူနာအဖြေ ၊ သည်အခြေ
ဖြာဝေ 'လမင်း' လင်းသို့အတည်။ ။

# လေးမြတ်ကြည်ညို နှောင်းစာဆို

## ကဗျာများ

## သုကိုကို (ကျုံမငေး)

